

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

ဒုတိယအကြိမ် ဈေးဝယ်တိုင်းဒေသကြီးလွှတ်တော်

၂၀၁၈ ခုနှစ်၊ ဈေးဝယ်တိုင်းဒေသကြီး ရေရှည်ငါးလုပ်ငန်း ဥပဒေ

(ဈေးဝယ်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၈)

၂၀၁၈ခုနှစ်

ရောဝတီတိုင်းဒေသကြီး၊

ရေချိုငါးလုပ်ငန်းဥပဒေ

(ရောဝတီတိုင်းဒေသကြီး လွှတ်တော်

ဥပဒေအမှတ် - ၄ /၂၀၁၈)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း(၁)	
၁။	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် ----------	၁
	အခန်း(၂)	
၂။	ရည်ရွယ်ချက်များ ----------	၉
	အခန်း(၃)	
၃။	အငှားဂရုန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်များလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း ----------	၁၀
	အခန်း(၄)	
၄။	အခွန်အခများပေးဆောင်ခြင်း ----------	၁၂
	အခန်း(၅)	
၅။	ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ ----------	၁၃
	အခန်း(၆)	
၆။	ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ----------	၁၄
	အခန်း(၇)	
၇။	တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ ------	၁၆

အခန်း(၈)

၈။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း နှင့် မှတ်ပုံတင်ခြင်း ---------- ၁၉

အခန်း(၉)

၉။ စစ်ဆေးခြင်းနှင့် အရေးယူခြင်း ---------- ၂၁

အခန်း(၁၀)

၁၀။ ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း ---------- ၂၂

အခန်း(၁၁)

၁၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း ---------- ၂၄

အခန်း(၁၂)

၁၂။ အယူခံခြင်း ---------- ၂၅

အခန်း(၁၃)

၁၃။ တားမြစ်ချက်များ ---------- ၂၈

အခန်း(၁၄)

၁၄။ ပြစ်ဒဏ်များ ---------- ၃၁

အခန်း(၁၅)

၁၅။ အထွေထွေ ---------- ၃၃

၂၀၁၈ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ
(ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ် - ၄ /၂၀၁၈)

၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီ လ ၁၀ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၈ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာဧရာဝတီတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီး ဌာန ၏ ဝန်ကြီးကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးလုပ်ငန်း နှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကို ဆိုသည်။

(စ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါ အားလုံးနှင့် ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဆ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်မှ ရရှိသောငါး၊ သက်ရှိသတ္တဝါများ၊ ယင်းတို့၏စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါး နှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်း စကားရပ်တွင် ပင်လယ်လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ပင်လယ်ခရုခွံ၊ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော်၊ ပင်လယ်မျှော့ စသည်များလည်းပါဝင်သည်။

(ဇ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်း ရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင် မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံရှာဖွေခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသောပစ္စည်း ကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက် အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းသည့် မည်သည့် ရေယာဉ်ကို မဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေ ယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ် များလည်း ပါဝင်သည်။

(ဌ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေ ရွှေ့လျား သွား လာနိုင်သည့် မည်သည့် ယာဉ်ကို မဆို ဆိုသည်။

(ဍ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးနှင့်ရေထွက်ပစ္စည်းများ သန့်ရှင်း လတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ ထုပ်ပိုး၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(ဎ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများကို မူလအခြေ အနေ အတိုင်း ဖြစ်စေ သို့မဟုတ် တစ်နည်းနည်းဖြင့်ဖြစ်စေ ပြင်ဆင် ပြောင်းလဲ ခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သန့်ရှင်း စင်ကြယ်ခြင်း၊ ရေခဲရိုက်ခြင်း၊ အေးခဲခြင်း၊ ဖြတ်တောက် ခြင်း၊ ကျပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးကြေ မှုန့် ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဏ) **ရေရှိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တိုင်းဒေသကြီး ပင်လယ် ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိ သည်ဖြစ်စေ ငါးများနေထိုင်ကျက်စားခိုအောင်း ပေါက်ပွားကြီး ပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို

ဆိုသည်။ ယင်းစကားရပ်တွင် အငှားဂရန်အင်း၊ သီးသန့်အင်း၊ တိုင်းဒေသကြီးအစိုးရဌာန တစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်းဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ၊ ရေချို၊ ရေငန်စပ်ဒေသများ စသည်တို့လည်း ပါဝင်သည်။ ထို့ပြင် ပင်လယ်နှင့် ဆက်စပ်သည့် မြစ်ဝမျာ၊ ချောင်းဝများ၌ အဝင်၊ တစ်ဖက်ကမ်းအစွန်ဆုံးမှ အခြားတစ်ဖက်ကမ်းအစွန်ဆုံးကိုဆွဲထားသည့် မျဉ်းဖြောင့်၏ ကုန်းတွင်းဘိုင်းရေပြင်သည် ရေချို ငါးလုပ်ငန်းရေပြင်ဖြစ်သည်။

(တ) **အင်းအိုင်ဆိုသည်မှာ-**

(၁) အငှားချထားနိုင်သော အင်းအိုင် သို့မဟုတ် ဂရန်အင်း (Leasable Fishery)။

(၂) သီးသန့်ချထား သည့်အင်းအိုင် (Reserved Fishery)။

(၃) အများနှင့်ဆိုင်သော အင်းအိုင် သို့မဟုတ် ဘုံ ငါးဖမ်းလုပ်ကွက်(Open Fishery)။

(၄) ကာကွယ်တားမြစ်ထားသည့် အင်းအိုင် (Protected Fishery) ကိုဆိုသည်။

(၁) **ဂရန်အင်း (အငှားချထားနိုင်သောအင်း) (Leasable Fishery)** ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထား၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(၂) **သီးသန့်အင်း(Reserved Fishery)** ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုး ပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို

အချိန်ကာလဖြင့်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသော ရေပြင် သို့မဟုတ် ကန့်သတ်တားမြစ်ထားသော ရေပြင်ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားသည့် ရေပြင်လည်း ပါသည်။

(၃) **အများနှင့်ဆိုင်သောအင်း (ဘုံငါးဖမ်းလုပ်ကွက်)** **(Open Fishery)** ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ လိုင်စင်ဖြင့်ဖြစ်စေ၊ အခွန်လွတ်ဖြင့်ဖြစ်စေ လူဦးရေမည်မျှကိုမဆို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(၄) **ကာကွယ်တားမြစ်ထားသည့်အင်း** (Protected Fishery) ဆိုသည်မှာ ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုရန် ခွင့်ပြုထားသည့် ကိစ္စမှအပ မည်သူမျှ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန် ဦးစီးဌာနက တားမြစ်မိန့်ထုတ်ပြန်ထားသော ရေပြင်ကို ဆိုသည်။ ယင်းစကားရပ်တွင် အောမဲ့အင်းလည်းပါဝင်သည်။

(ထ) **အဂ္ဂၢဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးထားသည့် အဂ္ဂၢဂရန်ကို ဆိုသည်။

(ဒ) **နှစ်ရှည်အဂ္ဂၢဂရန် (ကြေးတိုင်အင်းဂရန်)** ဆိုသည်မှာ အင်းများ ငါးထုတ်လုပ်မှု ရေရှည်ကောင်းမွန်စေရန်နှင့် ပျက်စီးခြင်းမှကာကွယ်နိုင်ရန်အတွက် အင်းများကို ပြင်ဆင်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချန်လှပ်မွေးမြူခြင်းများနှင့် ငါးလုပ်

ငန်း လုပ်ကိုင်ခြင်းများကို လေလံရရှိသည့်နှစ်မပါ၊ ၃ နှစ် အထိ နှစ်ရှည်လုပ်ကိုင်ခွင့်ပြုခြင်းကို ဆိုလိုသည်။

(ခ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း) မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။ ဤစကားရပ်တွင် ငါးဖမ်းကိရိယာလိုင်စင်လည်း ပါဝင်သည်။

(ဂ) **တင်ဒါလိုင်စင်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါငါးဖမ်းကွက်များ သတ်မှတ်၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းကို ဆိုသည်။

(ဃ) **တင်ဒါငါးဖမ်းကွက်** ဆိုသည်မှာ သတ်မှတ်ထားသည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ငါးဖမ်းကွက်ကိုဆိုသည်။

(င) **တင်ဒါချက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် သတ်မှတ် ထားသော ငါးဖမ်းကွက်နေရာ၌ သတ်မှတ်ထားသော ငါးဖမ်းကိရိယာအမျိုးအစားများကိုကိရိယာအရေအတွက်အလိုက် လိုင်စင်ခွန်ပေးဆောင်၍ တင်ဒါချက်လုပ်ကိုင်ခွင့်ကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် လေလံဆွဲဝယ်လုပ်ကိုင်ခွင့်ပြုထားသောငါးဖမ်း လုပ်ငန်းလုပ်ကိုင်သည့် နေရာကိုဆိုသည်။

(စ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အချိန်ကာလ** ဆိုသည်မှာ အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့် အချိန်ကာလ၊ ငါးရစ်၊ ငါးသန် အချိန်ကာလနှင့် ရေပေါ်ရေလျှံရေလုပ်သားများ ငါးရှာစားခွင့် အချိန်ကာလတို့ကို ဆိုသည်။

(၁) **အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့် အချိန်ကာလ** ဆိုသည်မှာ အင်းတစ်အင်းချင်းစီ၏ စည်းကမ်းချက်ပါ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလကို ခေါ်သည်။

(၂) **ငါးရစ်၊ ငါးသန်အချိန်ကာလ** ဆိုသည်မှာ ငါးရစ်၊ ငါးသန်များ မပြုန်းတီးစေရန် စည်းကမ်းသတ်မှတ်၍ ဖမ်းဆီးခွင့် မပြုသည့် ကာလကို ဆိုသည်။

(၃) **ရေပေါ်ရေလှဲ ရေလုပ်သားများ ငါးဖမ်းခွင့်အချိန်ကာလ** ဆိုသည်မှာ နှစ်ရှည်အငှားဂရန်အင်း(ကြေးတိုင်အင်း)၊ သီးသန့်အင်းနှင့် ဘေးမဲ့အင်းတို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တွင် အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့်အချိန်ကာလနှင့် ငါးရစ်၊ ငါးသန်အချိန်ကာလမှလွဲ၍ ကျန်အချိန်ကာလများတွင် ဦးစီးဌာနက သတ်မှတ်သည့် အခွန်လွတ်ကိရိယာများဖြင့် ငါးဖမ်းခွင့်ပြုသော အချိန်ကာလကို ဆိုသည်။

(ဘ) **ရေချိုငါးလုပ်ငန်းနယ်နိမိတ်** ဆိုသည်မှာ ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ တင်ဒါ၊ အင်း၊ အိုင်၊ ချောင်းတို့အား ရေချိုငါးလုပ်ငန်း ဓရိယာ နယ်မြေအဖြစ် **မြေပုံဖြင့်တိကျစွာ** သတ်မှတ်ထားသည့် နယ်နိမိတ်ကို ဆိုသည်။ (သို့ရာတွင် ဂရန်ပိုင်ရေနက်ကွင်းမှအပ ဦးပိုင်ရှိသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်များ အကျုံးမဝင်ပါ။)

(မ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)၊ သီးသန့်အင်းဟုသတ်မှတ်ထားသော နေရာမှအပ အခြား ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင် ချထား၍ ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ယ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ရရှိသူကို ဆိုသည်။

(ရ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများကို အချိန်ပိုင်း ဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်နေသူကိုဆိုသည်။

(လ) **ရေပေါ်ရေလွှဲရေလုပ်သား** ဆိုသည်မှာ ဘုံငါးဖမ်းကွက် သို့မဟုတ် ရေပေါ်ရေလွှဲ ရေလုပ်သားများ လုပ်ကိုင်ခွင့်ရှိသည့် လုပ်ကွက်တွင် သက်ဆိုင်ရာဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်သည့် ရေလုပ်သားကိုဆိုသည်။

(ဝ) **ပြန်အမ်းငွေ** ဆိုသည်မှာ အင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် အင်္ဂါဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခငွေအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခငွေကိုဆိုသည်။

(သ) **မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းသည့် ကော်မတီကိုဆိုသည်။

(ဟ) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့** ဆိုသည်မှာ ရပ်ရွာအတွင်း ငါးလုပ်ငန်း လုပ်ကိုင်လိုသူများမှ အသင်းဝင်များဖြင့် စုဖွဲ့ထားပြီး ကော်မတီဝင်များ ရွေးချယ်ကာ ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ငါးလုပ်ငန်းအစုအဖွဲ့ကိုဆိုသည်။

(၄) **ကော်မတီ** ဆိုသည်မှာ ရပ်ရွာအခြေပြုငါးဖမ်းလုပ်ငန်းအစုအဖွဲ့က ယင်းတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် အစုအဖွဲ့ဝင်များဖြင့် ရွေးချယ်ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများနှင့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ စနစ်တကျ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးခြင်းနှင့် ရေသယံဇာတပျက်စီးခြင်းမှ ကာကွယ်တားဆီးရန်နှင့် တန်ဖိုးထားထိန်းသိမ်းစေရန်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်နှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်းမှ ကာကွယ် စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီးအစိုးရက ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်၊

(စ) အများပြည်သူနှင့် ရေလုပ်သားများ၏ စားဝတ်နေရေးအထောက်အကူပြုစေရန်၊

(ဆ) ငါးသယံဇာတနှင့် ရေသယံဇာတများကို မျှတစွာ ခွဲဝေသုံးစွဲနိုင်စေရန်။

အခန်း (၃)
အင်္ဂါဂရန်၊ တင်ဒါလိုင်စင် ၊ ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်များ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုထားသော ငါးလုပ်ငန်း ရေပြင်မှအပ လေလံရောင်းချမည့် ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင် ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား သတ်မှတ်သည့်နည်း လမ်းများနှင့်အညီ ဝန်ကြီး၏သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီးမှတစ်ဆင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါအင်္ဂါဂရန် သို့မဟုတ် လိုင်စင် များကိုထုတ်ပေးရမည်-

(က) နှစ်ရှည်အင်္ဂါဂရန်လျှောက်ထားခြင်း၊

(ခ) အအေးခန်းစက်ရုံတည်ထောင်ခြင်း၊

(ဂ) ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။

၉။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် ဂရုန်အင်းလေးတင်ရောင်းချခြင်း၊ တင်ဒါလိုင်စင်ချထားခြင်းနှင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ လုပ်ကိုင်ခွင့်အင်းအဖြစ် လျှောက်ထားလာပါက ငါးဖမ်းလုပ်ကွက်များ ချထားခြင်းတို့ကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးဌ၏ အတည်ပြုချက်ရယူရမည်။

၁၀။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် ပုဒ်မ ၉ အရ ဝန်ကြီးဌ၏အတည်ပြုချက်ဖြင့် အငှားဂရုန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၁၁။ အငှားဂရုန်အင်းနှင့် တင်ဒါလိုင်စင်ချက်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလျှင် မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှစိစစ်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးရမည်။

၁၂။ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားမည့် လုပ်သားများအတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ရေလုပ်သားမှတ်ပုံတင်လျှောက်ထားလာလျှင် ရေလုပ်သားမှတ်ပုံတင်ထုတ်ပေးရမည်။

(ခ) ရေပေါ်ရေလျှံ ရေလုပ်သားက ဘုံငါးဖမ်းကွက်နှင့် ရေပေါ်ရေလျှံ ရေလုပ်သား လုပ်ကိုင်ခွင့်ရှိသည့် လုပ်ကွက်တို့တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်လျှောက်ထားလာလျှင် ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

(ဂ) ရပ်ရွာအခြေပြုငါးဖမ်းလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းလိုသူများက အစုအဖွဲ့ မှတ်ပုံတင် လျှောက်ထားလာလျှင် မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ စိစစ်၍ ခရိုင်ဦးစီးဌာနမှူး၏ ခွင့်ပြု ချက်ဖြင့် မှတ်ပုံတင်ပေးနိုင်သည်။

(ဃ) ရေထွက်ပစ္စည်းများကို ဒေသတစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်ရာတွင် သတ်မှတ်နည်းလမ်းများနှင့်အညီ သယ်ယူခွင့်မှာစာ ထုတ်ပေးရမည်။

အခန်း (၄)
အခွန်အခများပေးဆောင်ခြင်း

၁၃။ ဂရန်အင်းလေး လုပ်ကိုင်ခွင့်ရရှိသူသည် ပေးသွင်းရမည့် လေလံကြေး ဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူ သည် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေ စနစ်ဖြင့် ပေးသွင်းရမည်။

၁၄။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်း ကိရိယာလိုင်စင် လျှောက်ထားသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခ ကို လက်ငင်းငွေချေစနစ်ဖြင့် ပေးသွင်းရမည်။

၁၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင် ကြေးနှင့် အခြား ကျသင့်သော အခွန်အခများကို ပြည်တွင်းသုံး ငွေဖြင့် ပေးသွင်းရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ် ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားသုံးငွေဖြင့် ပေးသွင်းရမည်။

၁၆။ ဇနကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါ လုပ်ငန်းများအတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်း၊

(ခ) နိုင်ငံတော်အကျိုးအလို့ငှာ လုပ်ကိုင်သည့် ငါးလုပ်ငန်း။

အခန်း (၅)
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

(ခ) ဤဥပဒေနှင့်အညီ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်နှင့် လိုင်စင်ပါစည်းကမ်း

ချက် များကိုလိုက်နာရမည်။

(ဃ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ဦးစီးဌာနနှင့် အတူ ပူးပေါင်း ကူညီဆောင်ရွက်ရမည်။

(င) မိမိလုပ်ငန်းတွင် ဦးစီးဌာနဥ္စမှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာခန့်ထား လုပ်ကိုင်စေရမည်။

(စ) မိမိ၏လုပ်ငန်းဆောင်ရွက်ရာတွင် အခြားသူများ၏ လုပ်ငန်းနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာမှုမရှိစေရေး ဂရုပြု လုပ်ဆောင်ရမည်။

(ဆ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ဒေသဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင်ရမည်။

၁၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဂ္ဂဒေရန် သို့မဟုတ် လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်သည်။

အခန်း (၆)
ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ ဝန်ကြီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ခ) မြို့နယ် ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကိုဖွဲ့စည်းခြင်း၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) ဦးစီးဌာနမှူးများ၏လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း။

၂၀။ ဝန်ကြီး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဂရန်အင်း (လေလံအင်း)၊ နှစ်ရှည် အငှားဂရန်အင်း (ကြေးတိုင်အင်း)၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ လုပ်ကိုင်နိုင်သည့် ငါးလုပ်ငန်းရေပြင်တို့ကို အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ငါးလုပ်ငန်းရေရှည်တည်တံ့စေရေးအတွက် သုတေသနလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများနှင့် ကွင်းဆင်းစစ်ဆေးစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ခွင့်ပြုခြင်း။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုခြင်း၊

(ဃ) လုပ်ငန်းလုပ်ဆောင်ရာတွင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သော နည်းလမ်းဖြင့်ရယူထားကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်သော်လည်းကောင်း မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၁။ ဝန်ကြီးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၇)
တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ကြီးကြပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များနှင့် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ကြီးကြပ်ခြင်း၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးကပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးအား အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်လျက် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ ရွေးချယ်ပေးသူများပါဝင်သည့် မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းကို ဥပဒေပါနည်းလမ်းများနှင့်အညီ ဝန်ကြီး၏အတည်ပြုချက်ဖြင့် မှတ်ပုံတင်ခွင့်ပြုခြင်း။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ခြင်း၊

(ခ) တားမြစ်ထားသည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို ဝန်ကြီး၏အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန် ၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန် ရှိသော အခွန်အခများကို သတ်မှတ်ခြင်း။

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အင်္ဂါဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသုံးကုန်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် နှင့်အညီထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်းတို့ကိုတာဂန်ပေးစစ်ဆေးခြင်း၊

(စ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဆ) အင်္ဂါဂရန်တစ်ခု၏ ငါးဖမ်းမည့်နေရာ ရွှေ့ပြောင်းခြင်း၊ ငါးဖမ်းကိရိယာ အမျိုးအစားများအား ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဇ) အင်္ဂါဂရန်၊ လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊

(ဈ) သတ်မှတ်ထားသည့် အင်းဂရန်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ငါးဖမ်းရန်ရှိပက ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖမ်းဆီးရမည့်ကာလကို တိုးမြှင့်သတ်မှတ်ခွင့်ပြုခြင်း၊

(ည) အင်္ဂါဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် အသစ်သတ်မှတ်နိုင်ရေး ဝန်ကြီးအားတင်ပြဆောင်ရွက်ခြင်း၊

(ဋ) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်သည့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား အမည်ပျက်စာရင်း ကြေညာခြင်း၊

(ဌ) ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်နှင့် သယ်ယူခွင့်လိုင်စင်များကို ထုတ်ပေးခြင်း။

၂၄။ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီမှုဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အငှားဂရန်၊ နှစ်ရှည်အငှားဂရန်၊ တင်ဒါ သို့မဟုတ် ငါးလုပ်ငန်း လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြား သင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများအား ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူကို ဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေး ဆောင်စေ၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

၂၅။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ပျက်စီး၊ ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူ လိုကြောင်း လျှောက်ထားလာပါက စိစစ်၍ သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မိတ္တူကိုထုတ်ပေးခြင်း၊

(ခ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရောင်းဝယ်ခွင့်လိုင်စင်နှင့် သယ်ယူခွင့်လိုင်စင်များကို ထုတ်ပေးခြင်း၊

(ဂ) ဂရန်အင်း၊ သီးသန့်အင်း၊ အများနှင့်သက်ဆိုင်သော ဘုံငါးဖမ်းလုပ်ကွက် နယ်နိမိတ် ပြမြေပုံများကို သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်း၍ ခေတ်နှင့်လျော်ညီစွာ ရေးဆွဲပြုစု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူရမည်၊

(ဃ) ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ဦးစီးဌာနသည် ဝန်ကြီး၏ခွင့်ပြုချက် ဖြင့် တစ်ခရိုင်လျှင် အင်းတစ်အင်းနှင့် တင်ဒါချက်တစ်ချက်ကို သုတေသနအင်းနှင့် သုတေသနတင်ဒါချက်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်သည်၊

(င) ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော အင်းခွန်၊ တင်ဒါ လိုင်စင်ကြေး၊ လိုင်စင်ခ၊ ဒဏ်ကြေးငွေနှင့် စရိတ်များကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရ ကောက်ခံရမည်။

အခန်း (၈)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၆။ ရပ်ရွာအတွင်း ငါးလုပ်ငန်းကို အစုအဖွဲ့ဖြင့် လုပ်ကိုင်လိုသူများသည် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းနိုင်သည်။ အစုအဖွဲ့၏ သင်းဖွဲ့စည်းမျဉ်းကို ရေးဆွဲနိုင်သည်။

၂၇။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် ယင်းတို့၏လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ရွေးချယ်ထားသော အစုအဖွဲ့ဝင်များ

ပါဝင်သည့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်း လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

၂၉။ ရပ်ရွာအခြေပြုငါးလုပ်ငန်းလုပ်ကိုင်လိုသော အစုအဖွဲ့များသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်ခွင့် လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၃၁။ မြို့နယ်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ လုပ်ကိုင်ရမည့် နယ်နိမိတ်၊ အချိန်ကာလ၊ ခွင့်ပြုကိရိယာအမျိုးအစားနှင့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ထားရှိရမည်။ အင်းတစ်အင်းချင်းအလိုက် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ထားရှိရမည်။

၃၂။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရမည်။

၃၃။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုဖြစ်ပေါ်လာပါက ကော်မတီကတာဝန်ယူဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ များကြားတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ခရိုင်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းကြီးကြပ်ရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

၃၄။ မြို့နယ်ဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီတို့၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ မှတ်ပုံတင်ကို ပယ်ဖျက်နိုင်သည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိကြောင်း တင်ပြခြင်း၊

(ခ) ရပ်ရွာအခြေပြုရေလုပ်သားအစုအဖွဲ့တစ်ခုခုသည် တစ်စုံတစ်ဦးမှ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ ၎င်း၏အကျိုးစီးပွားအတွက် ချုပ်ကိုင်ခြယ်လှယ်ခြင်း သို့မဟုတ် ရပ်ရွာအတွင်းကြီးမားသော ပဋိပက္ခဖြစ်ပေါ်စေနိုင်ခြင်း သို့မဟုတ် ထိုသို့ဖန်တီးခြင်း၊ ခြိမ်းခြောက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

အခန်း (၉)
စစ်ဆေးခြင်း နှင့် အရေးယူခြင်း

၃၅။ ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနမှူးက ဖွဲ့စည်းထားသောအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ဝန်ကြီးက သီးခြားတာဝန်ပေးအပ်ချက်အရ တိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးလုပ်ငန်းရေပြင် အတွင်းတွင်ဖြစ်စေ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်၊ ဝယ်ယူစုဆောင်းခြင်းလုပ်ငန်းအပါ အဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ရပ်တန့်စစ်ဆေးခြင်း၊ ဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အင်္ဂါဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက် စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊ သိမ်းဆည်းခြင်း၊ ဓါတ်ပုံ မှတ်တမ်း ရယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့်ရေလုပ်သားများအား လိုအပ်လျှင် စစ်ဆေးမေးမြန်းခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုသည့် ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊

(င) ဖျက်သိမ်းရန်လိုအပ်သော ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ပြစ်မှုကျူးလွန် သူ၏ စရိတ်ဖြင့် ၄င်းကိုယ်တိုင် ဖယ်ရှားဖျက်ဆီးစေခြင်း သို့မဟုတ် ဦးစီးဌာနက ဖယ်ရှားဖျက်ဆီးခြင်း၊ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(ဆ) ဤဥပဒေအရ ရာဖွေရာတွင် သိမ်းဆည်းရမိသည့် ပျက်စီးပုပ်သိုးလွယ်သော ရေထွက်ပစ္စည်းနှင့် အခြားပစ္စည်းများကို ထုခွဲ ရောင်းချပြီး ရောင်းရငွေကို ဘဏ်အပ်ငွေအဖြစ် ပေးသွင်းခြင်း။

အခန်း (၁၀)
ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၆။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် ရရှိသူ၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံပြန်အမ်းငွေလျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်နှင့် တိုင်းဒေသကြီး၏အကျိုးငှာ အငှားဂရန်၊ နှစ်

ရှည်အင်္ဂါဂရန် (ကြေးတိုင်အင်းဂရန်) သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၃၇။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ဘဲ သာမန်ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း၊

(ခ) နုံးမြေများတင်လာ၍ ဂရန်အင်း၊ နှစ်ရှည်အင်္ဂါဂရန်အင်း (ကြေးတိုင်အင်း)များ တိမ်ကောပျက်စီးခြင်း၊

(ဂ) ဂရန်အင်း၊ နှစ်ရှည်အင်္ဂါဂရန်အင်း (ကြေးတိုင်အင်း)အတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေတတ်သော အခြားပစ္စည်းများကို အသုံးပြု၍ အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း သို့မဟုတ် လုယက်ခံရခြင်း။

၃၈။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၆ အရ လျှောက်ထားချက်ကို မှန်ကန်မှုရှိ/ မရှိ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ အမှုတွဲပြုစု၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၃၈ အရ တင်ပြလာသည့် အမှုတွဲအား စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ ဆက်လက်တင်ပြရမည်။

၄၀။ ဝန်ကြီးသည် ပုဒ်မ ၃၉ အရ တင်ပြလာသည့် အမှုတွဲကို စိစစ်ပြီး ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ဝန်ကြီး၏ ခွင့်ပြုချက် သို့မဟုတ် ငြင်းပယ်ချက်ကို ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က) အရ အကြောင်းကြားချက်

ကို မြို့နယ်ဦးစီး ဌာနမှူးထံ ပေးပို့ရမည်။

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (ခ) အရ အကြောင်းကြား ချက်ကို သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြား ရမည်။

(ဃ) မြို့နယ်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည် ထုတ်ပေး ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးပြီးပါက ကျိုးကြောင်း ဖော်ပြချက် အစီရင်ခံစာကို ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသ ကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

အခန်း (၁၁)
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၄၂။ အောက်ပါအကြောင်း တစ်ရပ်ရုပ် ပေါ်ပေါက်လျှင် ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည်-

(က) ခွင့်ပြုသည့်ကာလကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါ လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်နှင့် ငါးလုပ်ငန်း ဆိုင်ရာ လိုင်စင်များ ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရ ခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်နိုင်ကြောင်း ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိ၏လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လိုၗ အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်နှင့် ငါးလုပ်ငန်းဆိုင်ရာလိုင်စင်များကို ပြန်လည် အပ်နှံခြင်း၊

(င) အမည်ပျက်စာရင်းသတ်မှတ်ခံရခြင်း။

အခန်း (၁၂)
အယူခံခြင်း

၄၃။ (က) မြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းကိရိယာလိုင်စင်နှင့်စပ်လျဉ်းၗ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ဃ) အယူခံရာတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ တိုင်းဒေသကြီး ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ထပ်မံ၍ အယူခံခွင့် မရှိစေရ။

၄၄။ (က) ခရိုင်ဦးစီးဌာနမှူးက အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်) နှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့်မှအပ ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ထပ်မံ၍ အယူခံခွင့် မရှိစေရ။

(ဂ) နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်) နှင့် စပ်လျဉ်း၍ ဝန်ကြီးကချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၄၅။ (က) နိုင်ငံခြားငွေဖြင့်လုပ်ကိုင်သည့် ရေချိုငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးကချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(င) ဝန်ကြီးက ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ တိုင်းဒေသကြီးအစိုးရ အဖွဲ့၏

အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း (၁၃)
တားမြစ်ချက်များ

၄၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် အာဏာဂရန်၊ နှစ်ရှည်အာဏာဂရန် (ကြေးတိုင်အင်းဂရန်) သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၄၇။ မည်သူမဆို ရေရှိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ခါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) လျှပ်စစ်ဓါတ်အားကိုအသုံးပြု၍ ငါးဖမ်းခြင်း သို့မဟုတ်အကျိုးဖျက်ဆီးခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းနည်း ၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဃ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းခြင်း၊

(င) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၄၈။ မည်သူမဆို လျှပ်စစ်ဓါတ်အားအသုံးပြုသည့် ငါးဖမ်းကိရိယာတစ်မျိုးမျိုးကို ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရ။

၄၉။ မည်သူမဆို အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် နှစ်ရှည် အငှားဂရန် (ကြေးတိုင်အင်း) ချထားခြင်းခံရပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန် ၊ တင်ဒါကြေး ၊ လိုင်စင်ခ ၊ ဒဏ်ကြေးနှင့် အခြား အခွန်အခတို့ကို သတ်မှတ်သည့်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၅၀။ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိသူမှအပ မည်သူမျှ ဆည်၊ တမံ၊ ယင်း စသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း ၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုရ။

၅၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၅၂။ မည်သူမျှ အင်းအိုင် သို့မဟုတ် အင်းချောင်းနယ်နိမိတ်အတွင်းအောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေ ငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်းမကြီး၏ ရေစီးရေလာပျက်ပြားစေရန် အင်းအိုင်၏ သဘာဝအခြေအနေကို ထိခိုက်အောင်ပြုလုပ်ခြင်း၊

(ဂ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ခြုံချငါးဖမ်းခြင်း၊ ဗေဒါမွေးငါးဖမ်းခြင်း၊

(ဃ) အင်းချောင်းလုပ်ငန်းအား ထိခိုက်စေမည့် သီးနှံစိုက်ပျိုးခြင်း။

၅၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးနှင့် ရေထွက်ပစ္စည်းများအား ဆိုးကျိုးဖြစ်ပေါ် စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် ပြုလုပ်ခြင်း။

၅၄။ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့၏ ဆက်စပ်နေသည့် ချောင်းမြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏ အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း၊ တူးမြောင်းများ တူးဖော်ခြင်းပြုရာတွင် ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅၅။ သုတေသနအင်း သို့မဟုတ် နှစ်ရှည်အင်း ဂရန်အင်း (ကြေးတိုင်အင်း) အတွင်း ငါးမျိုးချန်ခြင်း၊ တိုင်းရင်းငါးမွေးမြူခြင်းပြုသည့် နေရာများတွင် အင်းဂရန်ရရှိသူမှအပ မည်သူမျှဝင်ရောက် ငါးဖမ်းဆီးခြင်းမပြုရ။

၅၆။ မည်သူမျှ အောက်ပါ ရေထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောရေထွက်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ အရည်အသွေးကိုထိခိုက်စေပြီး ဘေးဥပါဒ် အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အစားထိုးထားသော သို့မဟုတ် လူတို့ စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း၊ ဓာတုပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်း၊

(ဂ) အလေးချိန်တိုးစေရန်သတ္တုနှင့် အခြားပစ္စည်းများ ထည့်သွင်းထားသော ရေထွက်ပစ္စည်း။

၅၇။ မည်သူမျှ ရေချိုငါးလုပ်ငန်းနယ်နိမိတ်အတွင်း၌ ငါးမွေးကန်ဖြင့်ဖြစ်စေ၊ ရေမြုပ်ခံသည့် ငါးကန်ဖြင့်ဖြစ်စေ၊ အခိုင်အမာ မြေကတုပ် အတားအဆီးဖြင့်ဖြစ်စေ ငါး၊ ပုစွန်များကို တစ်နည်းနည်းဖြင့် ဆွဲဆောင်၍ ဖမ်းဆီးမွေးမြူခြင်းမပြုရ။

၅၈။ မည်သူမျှတားမြစ်ထားသော ငါးမျိုးများကို မွေးမြူခြင်းနှင့် လက်ဝယ်ထားရှိခြင်းမပြုရ

အခန်း (၁၄)
ပြစ်ဒဏ်များ

၅၉။ မည်သူမဆို ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင် ပါက ထောင်ဒဏ် ၆ လ အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ပါက ထောင်ဒဏ် ၃ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၀။ (က) မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ကျခံစေရမည်။

(ခ) မည်သူမဆို ပုဒ်မ၅၆၊ ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိ ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) မည်သူမဆို ပုဒ်မ၅၄၊ ပုဒ်မ၅၅၊ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ

လျှင် ထိုသူအား ထောင်ဒဏ်၃နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၁။ အင်္ဂါဂရန်၊ နှစ်ရှည်အင်္ဂါဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် ချထားခြင်းခံရသူ သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာလိုင်စင်ရရှိသူသည် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ပက ထောင်ဒဏ် ၃လ အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

(ခ) အင်္ဂါဂရန်၊ နှစ်ရှည်အင်္ဂါဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ထောင်ဒဏ် ၆လအထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) အင်္ဂါဂရန်အင်း၊ နှစ်ရှည်အင်္ဂါဂရန်အင်း(ကြေးတိုင်အင်း)ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၂၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၃။ မည်သူမဆို ပုဒ်မ၅၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ

ဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၅၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်နိုင်သည်။

၆၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေး ကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ဤဥပဒေတွင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ရန် အားထုတ်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် အများဆုံး ပြစ်ဒဏ်၏ထက်ဝက်အထိ ချမှတ်ခြင်းခံရမည်။

၆၆။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ယခင်ကပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပက အဆိုပါပြစ်မှု၏ အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၁၅)
အထွေထွေ

၆၇။ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေး စီရင်ခြင်းမပြုရဟု ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ဝန်ကြီး၏အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ဤဥပဒေအရ ချမှတ်သောအမိန့်သည် ဤဥပဒေအရ ဝန်ကြီးဌာ၏အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၆၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဦးစီးဌာနမှူးက ယင်းတို့၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၇၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့စီမံဆောင်ရွက်ထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။

၇၁။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၇၂။ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေချိုငါးလုပ်ငန်းဥပဒေ၊ အင်းအိုင်အက်ဥပဒေ၊ ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေနှင့် ယင်းဥပဒေများအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၃။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့် ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၄။ သက်ဆိုင်ရာ အစိုးရဌာနသည် ဂရန်အင်းအတွင်း ဖြတ်သန်း၍ ဆည်မြောင်းတူးမြောင်း၊ လယ်သမားတူးမြောင်း၊ ရပ်ရွာတူးမြောင်းနှင့်

ဆက်သွယ်ရေးတူးမြောင်းစသည့် တူးမြောင်းများ တူးဖော်လိုပါက ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ အင်းသားကြီး များ၏ လုပ်ကိုင်ခွင့်ကာလ၊ ငါးရစ်ငါးသန့်ကာလနှင့် ရေပေါ်ရေလျှံကာလတို့ကိုတိကျစွာသတ်မှတ်ပေးရမည်။

၇၆။ တိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင် ရေချိုငါးလုပ်ငန်းရေပြင်နှင့် ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အတည်ဖြစ်စေရမည်။

၇၇။ တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ် ပါက ပြည်ထောင်စုအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ (ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေ အမှတ် ၂ / ၂၀၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

F1B

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ
ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
လှမိုးအောင်
ဝန်ကြီးချုပ်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၈ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်-၁)

၂၀၁၈ခုနှစ်၊ မေလ ၉ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁-၄
၃။	အခန်း(၂) ရည်ရွယ်ချက်	၄-၅
၄။	အခန်း(၃) အင်္ဂါဂရန် လိုင်စင်လျှောက်ထားခြင်း၊ လျှောက်ပေးခြင်း	၅-၆
၅။	အခန်း(၄) အခွန်အခပေးဆောင်ခြင်း	၆-၇
၆။	အခန်း(၅) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း	၇-၈
၇။	အခန်း(၆) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၈-၉
၈။	အခန်း(၇) ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ	၉-၁၀
၉။	အခန်း(၈) တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၁၀-၁၂
၁၀။	အခန်း(၉) ပြန်အမ်းငွေလျှောက်ထားခြင်း	၁၂-၁၃
၁၁။	အခန်း(၁၀) ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း	၁၃
၁၂။	အခန်း(၁၁) စစ်ဆေးအရေးယူခြင်း	၁၃-၁၄
၁၃။	အခန်း(၁၂) အယူခံခြင်း	၁၄-၁၅
၁၄။	အခန်း(၁၃) တားမြစ်ချက်များ	၁၅-၁၇
၁၅။	အခန်း(၁၄) ပြစ်ဒဏ်များ	၁၇-၁၈
၁၆။	အခန်း(၁၅) အထွေထွေ	၁၈-၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးလွှတ်တော်
ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ
၂၀၁၈ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၁
၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ မေ လ ၉ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီးဆိုသည်မှာ** ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့ဆိုသည်မှာ** ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာနဆိုသည်မှာ** တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီးဆိုသည်မှာ** တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆို သည်။

(င) **ဦးစီးဌာနဆိုသည်မှာ** တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူးဆိုသည်မှာ** ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးတို့ကို ဆိုသည်။ ထို့အပြင် ၎င်းတို့မှသက်ဆိုင်ရာဌာန အလိုက် တာဝန်ပေးအပ်သည့် လက်ထောက်ဦးစီးမှူးအဆင့်ထက် မနိမ့်သော ဝန်ထမ်းတစ်ဦးဦးကိုလည်း ဆိုသည်။

(ဇ) **ရေချိုငါးလုပ်ငန်းရေပြင်ဆိုသည်မှာ** ပဲခူးတိုင်းဒေသကြီး၏နယ်နိမိတ်နှင့် ထိစပ်လျက်ရှိသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ပဲခူးတိုင်းဒေသကြီး၏ ကုန်းတွင်းနယ်နိမိတ်အတွင်း တွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများ နေထိုင်ကျက်စား ခိုအောင်းပေါက်ပွား ကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင် ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ကုန်းတွင်း ဒီရေ ရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိရေပြင်များ၊ လိပ်နှင့်မိကျောင်းတို့ ဥချသည့် အသိုက်များ၊ ကျင်းများ၊ ရေချိုရေငန်စပ်ဒေသများ စသည်တို့လည်း ပါဝင်သည်။ ထို့ပြင် ပင်လယ်နှင့်ဆက်စပ်သည့်မြစ်ဝကျွန်း၊ ချောင်းဝများ၌ အဝေး၏ တစ်ဘက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဘက်ကမ်းအစွန်ဆုံးသို့ ဆွဲထားသည့်

မျဉ်းဖြောင့်၏ ဒီရေကျရာဘက် ကုန်းတွင်းပိုင်း ရေပြင်ကို ဆိုသည်။

(ဈ) **ရေချိုငါးလုပ်ငန်းနယ်နိမိတ်ဆိုသည်မှာ** ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်၊ တင်ဒါငါးဖမ်းကွက်၊ ဘုံငါးဖမ်းကွက်၊ အင်း၊ အိုင်၊ ချောင်းတို့အား ယခင်မူလ(၁၉၉၁ ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေ အတည် မပြုမီ ကာလ) အင်း၊ အိုင်၊ ဧရိယာ နယ်မြေသတ်မှတ်ထားသည့် နယ်နိမိတ် အတွင်းကိုဆိုသည်။ (သို့ရာတွင် ဦးပိုင်ရှိသောအစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည် ရေချိုငါးလုပ်ငန်း နယ်နိမိတ်တွင် အကျုံး မဝင်ပါ)။

(ည) **ငါးဆိုသည်မှာ** ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါ အားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစိတ်များ ကိုဆိုသည်။

(ဋ) **ရေထွက်ပစ္စည်းဆိုသည်မှာ** ရေပြင်တစ်ခုခုမှရရှိသော ငါး၊ သက်ရှိရေနေသတ္တဝါ များနှင့် ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အကြေးခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသောငါးနှင့်ရေသတ္တဝါများ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် လိပ်နှင့်ဥများ၊ မိကျောင်းနှင့်ဥများ၊ အခွံမာသတ္တဝါများ၊ ရေညှိ၊ ကျောက်ပွင့်၊ ရေတွင် နေထိုင်သော Insects စသည် တို့လည်း ပါဝင်သည်။

(ဌ) **ငါးလုပ်ငန်းဆိုသည်မှာ** ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ယင်းစကားရပ်တွင်ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်သွင်းခြင်း၊ ပြန့်ပွား စေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းခြင်းဆိုသည်မှာ** ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ ဆေးစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်းပါဝင်သည်။

(ဎ) **ငါးဖမ်းကိရိယာဆိုသည်မှာ** ငါးဖမ်းရာတွင်အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌အထောက်အကူပြုသော ပစ္စည်း ကိရိယာများလည်း ပါဝင်သည်။

(ဏ) **အခွန်လွတ်ငါးဖမ်းကိရိယာဆိုသည်မှာ** ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေဖြင့် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာ အမျိုးအစားများကို ဆိုသည်။

(တ) **ယာဉ်ဆိုသည်မှာ** ငါးလုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် စက်တပ်၊ စက်မဲ့ ယာဉ်များ ကိုဆိုသည်။

(ထ) **ဂရန်အင်းဆိုသည်မှာ** ဦးစီးဌာနက နယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အဋ္ဌားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုသော ရေပြင်ကိုဆိုသည်။

(ဒ) **နှစ်ရှည်အင်္ဂါးဂရန် (ကြေးတိုင်အင်း) ဆိုသည်မှာ** အင်းတိမ်ကောပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်နှင့် တစ်နှစ်ပတ်လုံးရေတည်ရှိသော သို့မဟုတ် ရေနေရေထိုင် ကောင်းသောအင်းများတွင် ငါးထုတ်လုပ်မှုရေရှည် ကောင်းမွန်စေရန်အတွက် ဈေးပြိုင် စနစ်ဖြင့် လေလံခွဲဝေယ် ရရှိသည့်နှစ်မပါ (၃)နှစ် (၂)ကြိမ် နှစ်ရှည်လုပ်ကိုင်ခွင့် ပြုပြီး သက်တမ်းကုန်ဆုံးပါက ဈေးပြိုင်စနစ်ဖြင့် လေလံ ပြန်လည်ခွဲဝေယ်ရမည့်အင်းကို ဆိုသည်။

(ဓ) **သီးသန့်အင်းဆိုသည်မှာ** ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသောရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(န) **ဘေးမဲ့အင်းဆိုသည်မှာ** ငါးမျိုးမပြုန်းတီးစေရန်နှင့် ငါးမျိုးများပေါက်ဖွားကြီးပြင်း စေရန်အတွက် ငါးဖမ်းဆီးမှုပိတ်ပင်တားမြစ်ထားသော ရေပြင်ကိုဆိုသည်။

(ပ) **ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်း** ဆိုသည်မှာ ငါးလုပ်ငန်းလုပ်ကိုင်လိုသော ဒေသခံများက စုဖွဲ့၍ လုပ်ကိုင်ခွင့်ရသော အင်းကို ဆိုသည်။

(ဖ) **တင်ဒါငါးဖမ်းကွက်ဆိုသည်မှာ** ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာနက နယ်နိမိတ်၊ ငါးဖမ်းကိရိယာ(အမျိုးအစား၊ အရေအတွက်၊ တည်နေရာ၊ အချိန်ကာလ)နှင့်ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အငှား လိုင်စင်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဗ) **ဘုံငါးဖမ်းကွက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင် မည်သူမဆို တစ်နိုင်တစ်ပိုင်ငါးရှာဖွေစားသောက်ခွင့်ပြုထားသော ရေပြင်ကိုဆိုသည်။

(ဘ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်ဆိုသည်မှာ** ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ ဘုံငါးဖမ်းကွက်ဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(မ) **အငှားဂရန်ဆိုသည်မှာ** ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီး ဌာနက ထုတ်ပေးသည့်ဂရန်ကို ဆိုသည်။

(ယ) **ပြုပြင်မွမ်းမံခြင်းဆိုသည်မှာ** ငါးများနှင့်ရေထွက်ပစ္စည်းများကို မူလအခြေ အနေမှ တစ်နည်းနည်းဖြင့် ပြင်ဆင်ပြောင်းလဲခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှအပ ထုတ်လုပ်ဆောင်ရွက်သည့် အေးခဲခြင်း၊ ကျပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ် စသည်တို့ကို ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးကြေမွန့် ပြုလုပ်ခြင်း၊ ငါးနှင့် ရေထွက်ပစ္စည်းများမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများ ပါဝင်သည်။

(ရ) **အအေးခန်းစက်ရုံဆိုသည်မှာ** ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှု စနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်။

(လ) **လိုင်စင်ဆိုသည်မှာ** ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန်နှင့် ရေထွက်ပစ္စည်း(ဝယ်ယူခြင်း၊ စုဆောင်းခြင်း၊ ပြုပြင် မွမ်းမံခြင်း)

လုပ်ကိုင်နိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဝ) **ပြန်အမ်းငွေဆိုသည်မှာ** အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ တိုင်းဒေသကြီး အကျိုးငှာ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝထက် လွန်ကဲသောဘေး အန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အဌားဂရန် ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည် ရထိုက်သော အခွန်အခငွေကိုဆိုသည်။

(သ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူဆိုသည်မှာ** ဦးစီးဌာနကထုတ်ပေးသည့် အဌား ဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ သို့မဟုတ် ဝယ်ယူ စုဆောင်းခွင့်၊ ပြုပြင်မွမ်းမံလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူကို ဆိုသည်။

(ဟ) **ရေလုပ်သားဆိုသည်မှာ** မည်သည့်ငါးလုပ်ငန်းကိုမဆို အချိန်ပိုင်း၊ အချိန်ပြည့် လုပ်ကိုင်သူကို ဆိုသည်။

(ဠ) **တားမြစ်ထားသောငါးဖမ်းနည်းဆိုသည်မှာ** ဘက်ထရီရှော့တိုက်ငါးဖမ်းနည်း၊ အဆိပ်ဆေးချငါးဖမ်းနည်း၊ မိုင်းခွဲငါးဖမ်းနည်းတို့အပြင် ဦးစီးဌာနက အခါ အားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် တားမြစ်ထားသည့်ငါးဖမ်းနည်းတို့ကို ဆိုသည်။

(အ) **ငါးရစ်ငါးသန်တားမြစ်ကာလဆိုသည်မှာ** ကဆုန်၊ နယုန်၊ ဝါဆို(ပထမဝါဆို) လများကို ဆိုသည်။

(ကက) **ငါးဖမ်းကာလဆိုသည်မှာ** အင်းတစ်အင်းချင်း၏ စည်းကမ်းချက်များ အပေါ် မူတည်၍ အောက်ဖော်ပြပါကာလများကိုဆိုလိုသည်-

(၁) ဝါခေါင်လဆန်း(၁)ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ၊

(၂) တော်သလင်းလဆန်း(၁)ရက်နေ့မှ တန်ခူးလပြည့်နေ့အထိ။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ရေချိုငါးလုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်-

(က) ငါးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော ငါးနှင့်ရေထွက်ပစ္စည်း များကို ပိုမိုထုတ်လုပ်ခြင်းဖြင့် ငါးစားသုံးမှု မြင့်မားလာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ဒေသငါးမျိုးစိတ်များကို ထိန်းသိမ်းရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များနှင့် ရေချိုငါးလုပ်ငန်းကို အထောက်အကူပြုသော သဘာဝ ပတ်ဝန်းကျင်နှင့်ဂေဟစနစ်များ ပျက်စီးခြင်းမှကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီးဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းလုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအကြား အငြင်းပွားမှုများ လျော့နည်းစေရန်၊

(စ) အင်းအိုင်လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်းဖြင့် ခရီးသွားလုပ်ငန်း အထောက်အကူပြု နေရာဒေသများ ပေါ်ထွက်လာစေရန်၊

(ဆ) ဒေသသယံဇာတဖြစ်သော အင်းအိုင်များကို ဒေသခံများကိုယ်တိုင် ထိုက်သင့်စွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိစေရန်၊

(ဇ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

အခန်း(၃)
အဋ္ဌာဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက သက်ဆိုင်ရာမြို့နယ်အတွင်းမှ ဒေသခံများသာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲ ဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်သူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင် (အိတ်ဖွင့်) ချထားခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ဂရန်အင်း လေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်များ အရောက်လေလံတင်ရောင်းချခြင်း သို့မဟုတ် (တင်ဒါလိုင်စင်)ချထားခြင်း ပြုရမည်။

၇။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချခြင်းနှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့တွင် ဥပဒေနှင့်အညီဆောင်ရွက်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ပန်ကြီး၏ အတည်ပြုချက် ရယူပြီး အဋ္ဌာဂရန် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းပြုရမည်။

၈။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ငါးလုပ်ငန်းကိုတစ်နှစ်လုပ်ကိုင်ပြီးပါက ဥပဒေ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခဲ့လျှင် သတ်မှတ် နည်းလမ်းများနှင့် အညီ နှစ်ရှည်အဋ္ဌားဂရန် (ကြေးတိုင်အင်း) လျှောက်ထားနိုင်သည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည် အဋ္ဌာဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့မှအပ ရေချို ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် လုပ်ကိုင်လိုကြောင်း လျှောက်ထားလာလျှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထား အသုံးပြုမည့် လုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင် လျှောက်ထားလာလျှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ အမြန်ဆုံးထုတ်ပေးရမည်။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့တွင် ဒေသခံများက အစုအဖွဲ့ပိုင်အင်းအဖြစ် ကြိမ်းခင်းဈေးထက်ပိုသော ဈေးနှုန်းဖြင့် မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေများနှင့် အညီစိစစ်၍ တိုင်းဒေသကြီး ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြပြီး အတည်ပြုချက် ရရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

၁၂။ ဂရန်အင်းတစ်ခုကို အစုအဖွဲ့ပိုင်အင်းအဖြစ် တစ်ဖွဲ့ထက်ပိုသော အဖွဲ့များက လျှောက်ထား လာပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၁၃။ လယ်ယာမြေတွင် ငါးမွေးမြူခွင့်လိုင်စင်လျှောက်ထားလာပါက လယ်ယာမြေ အခြား နည်းသုံးစွဲခွင့် မရရှိလျှင် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းမပြုရ။

၁၄။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင် ဆောင်ရွက်ရမည်။

၁၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်လျှင် ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်းတို့အတွက် လိုင်စင်ထုတ်ပေးနိုင်သည်။

၁၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်လျှင် အအေးခန်း စက်ရုံ တည်ထောင်ခြင်းလုပ်ငန်းကို ပန်ကြီး၏အတည်ပြုချက်ဖြင့် လိုင်စင်ထုတ်ပေးနိုင်သည်။

အခန်း(၄)
အခွန်အခပေးဆောင်ခြင်း

၁၇။ ဂရန်အင်းလေးဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့်လေးကြေးဖြစ်သော အင်းခွန်ကို လည်းကောင်း၊ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ရရှိသော အင်းခွန်ကို လည်းကောင်း၊ တင်ဒါလိုင်စင်ချ ထားခြင်းခံရသူသည် တင်ဒါခွန်နှင့် လိုင်စင်ခတို့ကို လည်းကောင်း၊ လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက အနီးဆုံးဘဏ်ပြန်ဖွင့်သည့်ရက်တွင် အပြေအကျေပေးဆောင် ရမည်။

၁၈။ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) သို့မဟုတ် သီးသန့်အင်းလုပ်ပိုင်ခွင့်ရရှိသူသည် အခွန်ငွေများကို ဌာနသို့ သတ်မှတ်ထားသည့်နေ့ရက်အတွင်း ပေးဆောင်ရမည်။ အခွန်ပေး ဆောင်ရန် ပျက်ကွက်သူသည် ပေးဆောင်ရန်ရှိသော အခွန်ငွေများအပြင် သတ်မှတ် ထားသော ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

၁၉။ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါလိုင်စင်မှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင် တစ်ခုခု တွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး ပေး ဆောင်ရမည်။ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါကအနီးဆုံးဘဏ်ပြန်ဖွင့်သည့် ရက်တွင်အပြေအကျေ ပေးဆောင်ရမည်။

၂၀။ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ အင်းခွန်နှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် သတ်မှတ်ထားသည့်ကျသင့်ငွေများကို ပေး ဆောင်ရမည်။

၂၁။ ဤဥပဒေအရငါးလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ပါအခွန်အခများကို လက်ငင်း ငွေချေ စနစ်ဖြင့် နေ့ချင်းပြီးပေးဆောင်၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရမည်-

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ခွန်၊

(ခ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်ခွန်၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကြေး။

၂၂။ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်အခ များကို ဘဏ်သို့ သတ်မှတ်ရက်အတွင်း အပြီးပေးဆောင်ရမည်။

၂၃။ အအေးခန်းစက်ရုံ၊ ငါးနှင့်ရေထွက်ပစ္စည်းများပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ်ရောင်းချခြင်း တို့ကိုလုပ်ကိုင်ခွင့်ရရှိသူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခွန်နှင့် အခြားအခွန်အခများကို ဦးစီးဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

အခန်း(၅)
ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း

၂၄။ မိမိတို့ကျေးရွာနယ်နိမိတ် သို့မဟုတ် လယ်ယာမြေများနှင့် ထိစပ်နေသော ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်များအပေါ်တွင် ငါးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အလို့ငှာ ရပ်ရွာအခြေပြုငါးလုပ်ငန်း အစု အဖွဲ့ တစ်ဖွဲ့ကို ရပ်ရွာတစ်ခုအား အခြေပြု၍လည်းကောင်း၊ နီးစပ်ရာရပ်ရွာများအား အခြေပြု ၍လည်းကောင်း အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၃၀ ဦးဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်နိုင်သည်။

၂၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းရာတွင် အဖွဲ့၏စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲ၍ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန အဆင့်ဆင့်သို့ တင်ပြပြီး အတည်ပြုချက်ရယူကာ ဖွဲ့စည်းနိုင်သည်။

၂၆။ တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးရွာဒေသခံ ရေလုပ်သားများ ပိုမိုပါဝင်လာစေရန် စည်းမျဉ်းစည်းကမ်းခိုင်မာ၍ အမှန်တကယ်ညီညွတ်သော၊ ငါးလုပ်ငန်းဦးစီး ဌာနမှ လက်ခံအတည်ပြုနိုင်သော ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကို ဥပဒေနှင့် ညီညွတ်လျှင် မြို့နယ်တစ်ခုတွင် တစ်ဖွဲ့ဖြစ်စေ၊ တစ်ဖွဲ့ထက်ပို၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

၂၇။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်လိုသူများက ပုဒ်မ ၂၄နှင့်၂၅ တို့အရရပ်ရွာ အခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့်လျှောက်ထားလာလျှင် စိစစ်၍ သတ်မှတ်ချက် များနှင့် ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူး၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းခွင့်ကို မှတ်ပုံတင်ပေး ရမည်။

၂၈။ အတည်ပြုပြီးဖြစ်သော ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်လိုပါကအဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့်ပြင်ဆင်နိုင်ပြီးသက်ဆိုင်ရာငါးလုပ်ငန်း ဦးစီးဌာန အဆင့်ဆင့်သို့ ပြန်လည်တင်ပြပြီး အတည်ပြုချက် ရယူရမည်။

၂၉။ မြို့နယ်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းလုပ်ကိုင်ရာတွင် လုပ်ကိုင်ခွင့်ရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် နယ်နိမိတ်သတ်မှတ်ပေးပြီး စုပေါင်း စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၃၀။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မြို့နယ်ဦးစီး ဌာနမှူးက ကြီးကြပ်စစ်ဆေး နိုင်သည်။

၃၁။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုပေါ်ပေါက်ပါက အဖွဲ့၏ ဦးဆောင်သူများက အဖွဲ့ဝင်အများစု၏ဆန္ဒနှင့်အညီ တာဝန်ယူဖြေရှင်းပေးရမည်။

၃၂။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အငြင်းပွားမှုပေါ်ပေါက်ပါက ခရိုင် ဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်ပေး နိုင်သည်။

၃၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကို လုပ်ကိုင်ခွင့်ပြုပြီးဖြစ်သော်လည်း အောက်ပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အရ ခရိုင်ဦးစီးဌာနမှူး သည် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့်ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖျက်သိမ်း နိုင်သည်–

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရန် ဆန္ဒ မရှိတော့ခြင်း၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တစ်ဖွဲ့အတွင်း သို့မဟုတ် အစုအဖွဲ့တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ဆက်လက်လုပ်ကိုင်ခွင့်မပြုသင့်သည့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက် ခြင်း၊

(ဂ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် ငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

အခန်း(၆)
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဃးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခများကို အပြေအဇျဃးဆောင်ရန်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များအပြင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်၊

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ရန်၊

(ဃ) ရေနေသယံဇာတထိန်းသိမ်းရေး၊ ဂေဟစနစ်မပျက်စီးစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(င) အငှားဂရန် လုပ်ကိုင်ခွင့်ရရှိသူသည် ငါးဖမ်းကာလကုန်ဆုံးချိန်မှ ငါးရစ်ငါးသန် တားမြစ်ကာလ စတင်ချိန်နှင့် ငါးရစ်ငါးသန်တားမြစ်ကာလကုန်ဆုံးချိန်မှ ငါးဖမ်း ကာလစတင်ချိန် ကြားကာလအချိန်များတွင် အင်းအတွင်းမည်သူမျှ ငါးဖမ်းဆီးခြင်း မပြုရေး ထိန်းသိမ်းစောင့်ရှောက်ရန်၊

(စ) နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်း) အတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချန်လှပ် မွေးမြူခြင်း များ ဆောင်ရွက်ရန်နှင့် အင်းမပျက်စီးစေရေး ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဆ) အင်းနယ်နိမိတ်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဗေဒါ၊ ကြာ၊ ဒိုက်နှင့် အမှိုက်တို့ ရှင်းလင်းခြင်းနှင့် အင်းနယ်နိမိတ် မလျော့ပါးစေရေး တာဂန် ယူ ဆောင်ရွက်ရန်၊

(ဇ) ဒေသခံပြည်သူများ၏ဒေသသုံးရေယာဉ်များသွားလာမှုအဆင်ပြေစေရေးအတွက်စီစဉ် ဆောင်ရွက်ပေးရန်။

၃၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်၊

(ခ) ပြန်အမ်းငွေထုတ်ယူရန် လျှောက်ထားနိုင်ခွင့်ရှိသည်၊

(ဂ) ငါးမျိုးချန်ခြင်း၊ ငါးမျိုးစိုက်ခြင်းတို့ကြောင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း များအတွက်လည်းကောင်း၊ ငါးများအားဖမ်းဆီးရာတွင် ဖမ်းဆီးကာလ ကုန်ဆုံးသော်လည်း အချိန်မလုံလောက်ပါက ကြိုတင်၍ ဌာနသို့ လျှောက်ထားခွင့် ရှိသည်။

၃၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်ငါးသားပေါက်များနှင့် သွင်းအားစု များကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနမှ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူ ခွင့်ရှိသည်၊

(ခ) လိုအပ်သည့်နည်းပညာများကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနမှ အကူအညီ ရယူ နိုင်သည်၊

(ဂ) အင်းကို ကျူးကျော်ခံရခြင်းနှင့် အခြားကြံ့တွေ့နိုင်သည့် အခက်အခဲတို့အတွက် ဦးစီးဌာန၏ အကူအညီကို တောင်းခံနိုင်သည်။

၃၇။ ဘုံငါးဖမ်းကွက်အတွင်း ငါးဖမ်းသူများသည်-

(က) ဥပဒေ၊ နည်းဥပဒေများအပြင် ဝန်ကြီးဌာနနှင့်ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) အခွန်ကင်းလွတ်ခွင့်ပြုသည့် ငါးဖမ်းကိရိယာအမျိုးအစားများဖြင့်သာဖမ်းဆီးရမည်၊

(ဂ) တားမြစ်ငါးဖမ်းကာလအတွင်း ငါးဖမ်းခြင်း မပြုရ။

အခန်း(၇)
ဝန်ကြီး၏လုပ်ပိုင်ခွင့်များ

၃၈။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာလိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် နေရာ အသစ်သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားခြင်း၊ ဂရန်သက်တမ်းတိုးခြင်း၊

(ဂ) ငါးလုပ်ငန်းရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်း နှင့်အညီ တင်ပြတောင်းခံသုံးစွဲခြင်း၊

(ဃ) အအေးခန်းစက်ရုံ၊ ငါးနှင့်ရေထွက်ပစ္စည်းများ ပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ် ရောင်းချ ခြင်းတို့ကိုနိုင်ငံခြားသားသို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ကျသင့်သော အခွန်အခများကို ဦးစီးဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပြုခြင်း။

၃၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် အခွန် အခ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) ဦးစီးဌာန၏ ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတ ပြန့်ပွားရေး အတွက် ဆောင်ရွက်သော ငါးလုပ်ငန်းများ။

၄၀။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် အအေးခန်းစက်ရုံ တည်ထောင်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ် ပေးနိုင်သည်။

၄၁။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အရ သင့်လျော်သောအင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားရယူ၍ ဘေးမဲ့အင်းအဖြစ် သတ်မှတ်နိုင်သည်။

၄၂။ ဂန်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ နိုင်ငံခြားငွေဖြင့် အအေးခန်းစက်ရုံ၊ ငါးနှင့်ရေထွက်ပစ္စည်းများပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်လိုသူ နိုင်ငံခြားသား သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လျှောက်ထားလာလျှင် အစိုးရအဖွဲ့၏သဘော တူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄၃။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် သီးသန့်အင်း လုပ်ကိုင်ခွင့်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၄၄။ ဝန်ကြီးသည် အောက်ပါကိစ္စရပ်များကို ခွင့်ပြုနိုင်သည်-

(က) ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာ ဌာနများ နှင့် ညှိနှိုင်းပေးခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ပေးခြင်း။

၄၅။ ဝန်ကြီးသည် ဒေသခံပြည်သူများအကျိုးအတွက် ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်းများကို သတ်မှတ်ခွင့်ပြုနိုင်သည်။

၄၆။ ဝန်ကြီးသည် ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်ရှာဖွေစားသုံးနိုင်ရေးအတွက် ဘုံငါးဖမ်း ကွက်များကို သတ်မှတ်ပေးရမည်။

၄၇။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာလိုအပ်လျှင် မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် သို့မဟုတ် ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်း သို့မဟုတ် ဘုံငါးဖမ်းကွက်ကိုမဆို အသစ်သတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၄၈။ ဝန်ကြီးသည် ဦးစီးဌာနက ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ် ပေးရမည်။

၄၉။ ဝန်ကြီးသည် ဤဥပဒေပါ၄င်းနှင့်သက်ဆိုင်သည့် အယူခံခြင်းကိစ္စများကို ဆောင်ရွက်ပေး နိုင်သည်။

၅၀။ ဝန်ကြီးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စများကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ဆောင်ရွက် နိုင်သည်။

၅၁။ ဝန်ကြီးသည် စစ်ဆေးရေးမှူးက မိမိ၏တာဝန်ဝတ္တရားထက်ကျော်လွန်သော သို့မဟုတ် မိမိ၏ တာဝန်ဝတ္တရားနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်သောကိစ္စတို့အတွက် သတိပေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း(၈)

တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၂။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ် ခြင်း၊ နည်းပညာဖြန့်ဝေခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပံ့ပိုး ကူညီ ပေးခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို ဝန်ကြီး၏ ခွင့်ပြု ချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက် အသစ်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း တို့ကို ဝန်ကြီးထံ တင်ပြခြင်း၊

(ဃ) ဂရန်အင်း၏ စည်းကမ်းချက်များပြောင်းလဲခြင်းကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) တားမြစ်ရန်လိုအပ်သည့် ငါးအမျိုးအစား၊ ငါးအရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်း၊ ငါးဖမ်းကာလနှင့် နေရာဒေသတို့ကို သတ်မှတ်ပေးခြင်း၊

(စ) အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့်အငှားဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များ၊ ဘုံငါးဖမ်းကွက် စည်းကမ်းချက်များကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဆ) ဂရန်အင်း၊ သီးသန့်အင်း၊ ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင် ခွင့်ပြုသော ရေပြင်အမျိုးအစားနှင့် ဘုံငါးဖမ်းကွက်တို့ကို ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ရန် ဝန်ကြီးထံ တင်ပြခြင်း၊

(ဇ) အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်လိုသူက လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထား တင်ပြလာခြင်းကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်၍ ညီညွတ်မှု ရှိပါက ဂန်ကြီးထံတင်ပြပေးခြင်း၊

(ဈ) ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးနှင့် စစ်ဆေးရေးမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ည) ငါးလုပ်ငန်းတွင် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် မျိုးကောင်း၊ မျိုးသန့် ငါးသားပေါက်များနှင့် လိုအပ်သည့်သွင်းအားစုများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရသူများသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဝေပေးခြင်း၊

(ဋ) ဥပဒေ၊နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသည့်အင်းကို ကျူးကျော်ခံရခြင်း နှင့်အခြားကြုံတွေ့နိုင်သည့်အခက်အခဲတို့အတွက်လုပ်ကိုင်ခွင့်ရရှိသူက အကူအညီ တောင်းခံ လာလျှင် လိုအပ်သလိုအရေးယူဆောင်ရွက်ပေးခြင်း၊

(ဌ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၅၃။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့် လိုင်စင်အပါအဝင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်များကို ထုတ်ပေးခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အခြားသူတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကိုလွှဲပြောင်းပေးခြင်း၊ တစ်ဆင့်ပြန်လည် ရောင်း ချခြင်း၊ တစ်ဆင့်လုပ်ကိုင်ခွင့် ပေးခြင်း၊ အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန် ကန်သော နည်းလမ်းဖြင့်ရယူထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊ အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းများ အပါအဝင် စည်းကမ်း ဖောက်ဖျက်ရန် ခိုင်လုံသောအထောက်အထားများရှိကြောင်း စစ်ဆေး တွေ့ရှိပါက ဝန်ကြီးထံအတည်ပြုချက်ရယူ၍ အငှားဂရန် သို့မဟုတ်လိုင်စင် ပြန်လည် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အမည်ပျက်စာရင်းသွင်းခြင်း၊

(ဂ) ဦးစီးဌာနကထုတ်ပေးထားသည့် အငှားဂရန်သို့မဟုတ်လိုင်စင်ပျက်စီး၊ ပျောက်ဆုံး သဖြင့် မိတ္တူရယူလိုကြောင်း ခရိုင်ဦးစီးဌာနမှတစ်ဆင့် လျှောက်ထား သည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့်အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင် မိတ္တူကိုထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် စီမံ ဆောင်ရွက်ခြင်း။

၅၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင်လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဦးစီးဌာန၏ ဘဏ္ဍာငွေ အရ၊ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံနိုင်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်အခြားသက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော် သလို စီမံခန့်ခွဲခြင်း၊

(ခ) ယာဉ်များ၊ ငါးဖမ်းကိရိယာများအား ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကို ဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း၊

(ဂ) ယာဉ်များ၊ ငါးဖမ်းကိရိယာများကို သင့်လျော်သောဒဏ်ကြေးငွေ ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို တိုင်းဒေသကြီးဘဏ္ဍာငွေအဖြစ် ဘဏ်သို့ ပေးသွင်းစေခြင်း။

၅၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဤဥပဒေတွင် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

အခန်း(၉)
ပြန်အမ်းငွေလျှောက်ထားခြင်း

၅၇။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်မှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံသို့ ပြန်အမ်းငွေ လျှောက်ထားနိုင်သည်-

(က) တိုင်းဒေသကြီးအကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝထက်လွန်ကဲသော ဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ကြီးမားစွာ ထိခိုက်နစ်နာခြင်း။

၅၈။ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၅၇ အရ လျှောက်ထားလာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၅၇ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်းစစ်ဆေးတွေ့ရှိလျှင် ပုဒ်မ ၄၈ အရ ဝန်ကြီးထံ ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရန် တင်ပြရမည်။

၆၀။ ဝန်ကြီးသည် ပြန်အမ်းငွေထုတ်ပေးရန် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်၍ပြန်အမ်းငွေပမာဏသတ်မှတ်ပြီး အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏အတည်ပြုချက်ရရှိပါက ပြန်အမ်းငွေထုတ် ပေးရန် အမိန့်ချမှတ်ရမည်။

အခန်း(၁၀)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၆၂။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည်-

(က) ခွင့်ပြုသည့် အဌားဂရန်၊ နှစ်ရှည်အဌားဂရန်၊ သို့မဟုတ် တင်ဒါလိုင်စင် သက်တမ်းကာလ ကုန်ဆုံးခြင်း၊

(ခ) အဌားဂရန်၊ နှစ်ရှည်အဌားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနမှူးက စစ်ဆေးတွေ့ ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိ၏လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အဌားဂရန်၊ နှစ်ရှည်အဌားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(င) အမည်ပျက်စာရင်း အသွင်းခံရခြင်း၊

(စ) တားမြစ်ထားသော ငါးဖမ်းနည်းအသုံးပြုခြင်းကြောင့် အရေးယူ အပြစ်ပေးခံရခြင်း၊

(ဆ) ဤဥပဒေအရထုတ်ပေးထားသော လိုင်စင်နှင့်ဂရန်များကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်း လုပ်ကိုင်ခြင်း၊

(ဇ) ရုပ်ရှာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အတွင်း ကြီးမားသော ပဋိပက္ခဖြစ်ပေါ်ခြင်း။

အခန်း(၁၁)

စစ်ဆေးအရေးယူခြင်း

၆၃။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ၎င်းတို့မှ တာဝန်ပေးအပ် ထားသော စစ်ဆေးရေးမှူး ဦးဆောင်သောအဖွဲ့သည် အောက်ပါစစ်ဆေးခြင်းနှင့် အရေးယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်အတွင်းရှိ ဂရန်အင်း၊ သီးသန့်အင်း ၊ ဆားမဲ့အင်း၊ ရုပ်ရှာ အခြေပြု အစုအဖွဲ့ပိုင်အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် ဘုံငါးဖမ်းကွက်များကို လည်းကောင်း၊ ရေချိုငါးလုပ်ငန်းရေပြင် သို့မဟုတ် အခြားနေရာများတွင်ရှိသည့် ငါးလုပ်ငန်း လုပ်ကိုင်သည့်ယာဉ်များ၊ ငါးဖမ်းကိရိယာများကိုလည်းကောင်း ဂရမ်းမပါဘဲ ရုပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အဌားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက် စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလိုမေးမြန်းခြင်း၊ စစ်ဆေး ခြင်း၊ ညွှန်ကြားခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျူးဝင် ဆောယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွတွေ့ရှိသော သက်ဆေခံ ပစ္စည်းများကို သက်သေများရှေ့မှောက်တွင် ဌာနမှသတ်မှတ်ထားသော ရှာဖွေ ပုံစံဖြင့် သိမ်းဆည်းခြင်း၊

ငါးဖမ်းရာတွင် သုံးစွဲခွင့်မရှိသော ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ အဆိပ် အတောက် များ၊

(င) ဓာတုပစ္စည်းများ၊ တားမြစ်ထားသော ငါးဖမ်းကိရိယာများနှင့် အခြားပစ္စည်းများ အား ရှာဖွေ သိမ်းဆည်းခြင်း၊

(စ) ခွင့်ပြုချက်လိုင်စင်မရှိဘဲ မြေပြင်ခြင်း၊ ဘောင်ပတ်ခြင်းနှင့် ကန်တူးခြင်းကို စစ်ဆေး တွေ့ရှိပါက လုပ်ငန်းရပ်ဆိုင်းစေသည့်အပြင် ပြုလုပ်ထားသည်များကို ပြန်လည် ဖျက်ဆီးစေခြင်း၊

(ဆ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(ဇ) ငါးများနှင့် အခြားလျင်မြန်စွာပုပ်သိုးပျက်စီးနိုင်သည့် သို့မဟုတ် သယ်ယူရန် ခက်ခဲသည့် ပစ္စည်းများဖမ်းဆီးရမိပါက မှတ်တမ်းတင်ပြီး တိုင်းဒေသကြီးဦးစီးမှူးထံ တင်ပြ၍ အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို တိုင်းဒေသကြီးဘဏ္ဍာငွေ အဖြစ် ဘဏ်သို့ ပေးသွင်းခြင်း၊

(ဈ) စစ်ဆေးရေးမှူးသည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူခြင်း။

၆၄။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ၎င်းတို့မှ တာဝန်ပေးအပ် ထားသော စစ်ဆေးရေးမှူး ဦးဆောင်သောအဖွဲ့သည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သော ပြစ်မှုမှုများကို တရားစွဲဆို တင်ပို့ရာတွင် ယင်းပြစ်မှုများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသော ငါးများ၊ ယာဉ်များ၊ ငါးဖမ်းကိရိယာများစသည့် သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တရားရုံးရှေ့မှောက်သို့ တင်ပြရန်အခက်အခဲရှိပါက ယင်းပစ္စည်းများကို မည်သို့စီမံဆောင်ရွက်ထားကြောင်း အစီရင်ခံစာဖြင့်ဖြစ်စေ၊ အခြားစာရွက်စာတမ်း၊ ခါတ်ပုံ အထောက်အထားဖြင့်ဖြစ်စေ သက်ဆိုင်ရာတရားရုံးသို့ တင်ပြဆောင်ရွက် ရမည်။

အခန်း(၁၂)
အယူခံခြင်း

၆၅။ ဤဥပဒေအရ ငါးဖမ်းကိရိယာလိုင်စင်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကို မကျေနပ်ပါက အောက်ပါအတိုင်း အယူခံဝင်ခွင့်ရှိသည်-

(က) မြို့နယ်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ(ခ)အရခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို

မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ဃ) ပုဒ်မခွဲ(ဂ)အရ အယူခံရာတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်နိုင်သည်။တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၆၆။ ဤဥပဒေအရ အင်္ဂဇင်္ဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကိုမကျေနပ်ပါက အောက်ပါအတိုင်း အယူခံဝင်ခွင့် ရှိသည်-

(က) ခရိုင်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်၊ တိုင်းဒေသကြီးဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို

(ဂ) မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ဝန်ကြီး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၆၇။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူးများသည် ပုဒ်မ ၆၅ နှင့်ပုဒ်မ ၆၆ အရ ဆုံးဖြတ်သည့်ကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောလျှင်စွာဆောင်ရွက်ရမည့်ပြင် ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို သက်ဆိုင်သူထံ အနီးဆုံးရုံးဖွင့်ရက်တွင် အကြောင်းကြားရမည်။

၆၈။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူးများနှင့်ဝန်ကြီး၏ အဆင့်ဆင့်သော ဆုံးဖြတ်ချက် များကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မဖြစ်မနေ ဆောင်ရွက်ရမည်။ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်း အဆင်ဆင့်နှင့် ဌာနများကို လိုအပ်သောအကူအညီများ တောင်းခံပါက အကူအညီပေးရမည်။

အခန်း(၁၃)
တားမြစ်ချက်များ

၆၉။ မည်သူမျှ ဤဥပဒေအရထုတ်ပေးသည့် အင်္ဂဇင်္ဂရန်၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက် မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၇၀။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်နှင့် မည်သည့်နေရာတွင်မဆို အောက်ပါတို့ကို မပြု လုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေသောပစ္စည်းဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် အကျိုး ဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းကိရိယာများ တီထွင်ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊

(ဃ) ခွင့်ပြုချက်လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ရန်အလို့ငှာ မြေပြင်ခြင်း၊ ဘောင်ပတ်ခြင်းနှင့် ကန်တူးခြင်းစသည့် လုပ်ငန်းများလုပ်ဆောင်ခြင်း၊

(င) တားမြစ်ထားသော ငါးမျိုးနှင့် ငါးအရွယ်အစားများကို ဖမ်းဆီးခြင်း သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခြင်း၊

(စ) တားမြစ်ထားသော ငါးအမျိုးအစားများကို မွေးမြူခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊

(ဆ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း။

၇၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အင်္ဂါဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၂။ ဘုံငါးဖမ်းကွက်အတွင်း အခွန်ကင်းလွတ်ခွင့်ပြုသည့် ငါးဖမ်းကိရိယာ အမျိုးအစားများ မှအပ အခြားငါးဖမ်း ကိရိယာအမျိုးအစားများဖြင့် ဖမ်းဆီးခြင်းမပြုရ။

၇၃။ ဤဥပဒေအရ ထုတ်ပေးထားသော လိုင်စင်နှင့်ဂရန်များကို လွှဲပြောင်းလုပ်ကိုင်ခြင်းမပြုရ။

၇၄။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရပြီးနောက် ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် ကာလ အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၇၅။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် အင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက် များနှင့် ညီညွတ်ခြင်းမရှိဘဲ ဆည်၊ တမံ၊ ယင်း၊ အပိတ်အဆို့ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၇၆။ မည်သူမျှ အင်္ဂါဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါငါးဖမ်းကွက် နယ်နိမိတ် အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေသည့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊

(ခ) ရေစီးရေလာပျက်ပြားစေခြင်းနှင့် သဘာဝအခြေအနေ ထိခိုက်အောင် ပြုလုပ်ခြင်း၊

(ဂ) လူနေအိမ်၊ အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်း။

၇၇။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတ ပစ္စည်းများအား တစ်နည်းနည်းဖြင့် ထိခိုက်စေခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထု ညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၇၈။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အင်္ဂါဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီး ရေလာလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေလမ်းကြောင်းကို ပြောင်းလဲခြင်း အပိတ်အဆို့အတားအဆီး တစ်စုံတစ်ရာမပြုလုပ်ရ။

၇၉။ မည်သူမျှအောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်း ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဆေးဥဒဿန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်းများ၊

(ခ) ရေထွက်ပစ္စည်း၏ အရည်အသွေးကိုထိခိုက်စေပြီး ဆားဥပဒအန္တရာယ် ဖြစ်စေနိုင်သော ရေထွက်ပစ္စည်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးသော သို့မဟုတ် လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအပါအဝင် ခါတုပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်းများ၊

(ဂ) အလေးချိန်တိုးစေရန် သို့မဟုတ် အရည်အသွေးကို ထိခိုက်စေနိုင်သော ရေ သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သော အရာဝတ္ထုတစ်ခုခု သို့မဟုတ် ပြင်ပပစ္စည်းများ ထည့်သွင်းထားသော ရေထွက်ပစ္စည်းများ။

၈၀။ မည်သူမျှ ဝန်ကြီးဌာနနှင့်ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

အခန်း(၁၄)
ပြစ်ဒဏ်များ

၈၁။ မည်သူမဆို ပုဒ်မ ၆၉ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းကို လုပ်ကိုင်ပါက ငွေဒဏ်ကျပ် (၁၀၀၀၀၀/-) အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊
ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် သို့မဟုတ် ပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့်

(ခ) လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ပါက ငွေဒဏ်ကျပ် (၃၀၀၀၀၀/-) အထိဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းကို လုပ်ကိုင်ပါက ငွေဒဏ်ကျပ် (၅၀၀၀၀၀/-)ဖြစ်စေ၊ အနည်းဆုံးထောင်ဒဏ် (၆)လမှ ထောင်ဒဏ် (၃)နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၀(က)(ခ)(ဂ)(ဃ) နှင့် ပုဒ်မ ၇၉ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ်(၆)လမှ ထောင်ဒဏ် (၃)နှစ်အထိ ကျခံစေရမည်။

၈၃။ မည်သူမဆို ပုဒ်မ ၇၀(ဇ)(စ)(ဆ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးငွေဒဏ် ကျပ်(၁၀၀၀၀၀/-)မှ ငွေဒဏ်ကျပ် (၂၀၀၀၀၀/-) အထိဖြစ်စေ၊ အနည်းဆုံးထောင်ဒဏ်(၃)လမှ ထောင်ဒဏ်(၁)နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၄။ မည်သူမဆို ပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာ သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ငွေဒဏ်ကျပ် (၅၀၀၀၀/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်၊

(ခ) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် သို့မဟုတ် ပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ငွေဒဏ်ကျပ် (၂၀၀၀၀၀/-) အထိဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ငွေဒဏ်ကျပ်(၄၀၀၀၀၀/-)ဖြစ်စေ၊ အနည်းဆုံးထောင်ဒဏ် (၆)လမှ ထောင်ဒဏ်(၂)နှစ် အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၅။ မည်သူမဆို ပုဒ်မ ၇၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ် (၅၀၀၀၀/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၆။ မည်သူမဆို ပုဒ်မ ၇၃၊ ပုဒ်မ ၇၄၊ ပုဒ်မ ၇၅၊ ပုဒ်မ ၇၆၊ ပုဒ်မ ၇၇ သို့မဟုတ် ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ် (၁၀၀၀၀၀/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၈၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ်(၅၀၀၀၀/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထို ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၈၈။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းထားသည့် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

အခန်း(၁၅)

အထွေထွေ

၈၉။ ဤဥပဒေအရ တရားစွဲဆိုသည့်အမှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၀။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၉၁။ ဤဥပဒေအရ ဥပဒေနှင့်အညီဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးကို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မရှိစေရ။

၉၂။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်း၍ ယခင် ၁၉၉၁ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေ အတည်မပြုမီကာလတွင် တည်ရှိခဲ့သော မြေပုံများအပေါ်တွင်အခြေခံပြီး ခေတ်နှင့်အညီ ပြန်လည်ရေးဆွဲ ပြုစုထားရှိရမည်။

၉၃။ ဤဥပဒေအရ ရရန်ရှိသောအင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံ ရမည်။

၉၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးသည် လိုအပ်သောနည်းဥပဒေ၊စည်းမျဉ်း၊စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေ အတည်ပြုသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း ထုတ်ပြန်ရမည်၊

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၉၅။ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ (၂၀၁၃ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေ အမှတ် - ၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေး ထိုးသည်။

(ပုံ)ဝင်းသိန်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ချင်းပြည်နယ်လွှတ်တော်

ချင်းပြည်နယ်
ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်-၃)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်

ချင်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ
(ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်- ၃။)

၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အခွင့်အာဏာတည်ခြင်း၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က)ဤဥပဒေကိုချင်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေဟုခေါ်တွင်စေရမည်။

(ခ)ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ချင်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ချင်းပြည်နယ်ကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ချင်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ချင်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆို သည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ခရိုင်၊ မြို့နယ် သို့မဟုတ် မြို့နယ်ခွဲဦးစီးဌာနမှူးကိုဆိုသည်။

(ဆ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်း တွင် သော်လည်းကောင်းရေထဲ၌နေထိုင်ကျက်စားသည့်ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊သားလောင်းများ၊ သားပေါက်ကောင်များ၊မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ် တွင်ရေတွင်ပေါက်ပွားသည့်အပင်များနှင့်ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဇ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွား ဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊

ငါးသားဖောက်ခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ငါးသယ်ဇာတနှင့် ဂေဟစနစ်များ ထိန်းသိမ်းခြင်း၊ မျိုးစိုက်ထည့်သွင်းခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(စျ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်းပါဝင်သည်။

(ည) **ငါးဖမ်းကိရိယာ**ဆိုသည်မှာငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကို မဆိုဆိုသည်။ယင်းစကားရပ်တွင်ငါးဖမ်းရာ၌ အထောက်အကူပြုသောပစ္စည်း ကိရိယာ များလည်းပါဝင်သည်။

(ဋ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့်မည်သည့် ရေယာဉ်ကိုမဆို ဆိုသည်။ယင်းစကားရပ်တွင်ငါးလုပ်ငန်းလုပ်ကိုင်သည့်ရေယာဉ်များနှင့်ငါးဖမ်းရေယာဉ် ကိုအထောက်အကူပြုသည့်ယာဉ်များလည်းပါဝင်သည်။

(ဌ) **ယာဉ်**ဆိုသည်မှာငါးလုပ်ငန်း တစ်ရပ်ရပ်လုပ်ကိုင်ရာတွင်အသုံးပြုသော မည်သည့် ယာဉ်ကိုမဆိုဆိုသည်။

(ဍ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာပြည်နယ်၏ နယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ယာယီရေတည်ရှိသည်ဖြစ်စေ၊ငါးများနေထိုင်ကျက်စ ားခိုအောင်းပေါက်ပွားကြီးပြင်းရာရေပြင်၊ရေကန်၊ရေရိုး၊မြစ်၊ချောင်း၊အင်းအိုင်တို့ကိုဆို သည်။ယင်းစကားရပ်တွင်အင်္ဂဒေးဂရန်အင်း၊သီးသန့်အင်း၊ဘေးမဲ့အင်း၊လိုင်စင်ဖြင့်လုပ် ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်၊ရေလှောင်ဆည်ကြီးများ၊ရေလှောင်တမံများရှိရေပြင် များ၊အစိုးရဌာနတစ်ခုခု၏နယ်မြေအတွင်းရှိရေပြင်များလည်းပါဝင်သည်။

(ဎ) **အင်္ဂဒေးဂရန်အင်း**ဆိုသည်မှာဦးစီးဌာန ကနယ်နိမိတ်၊ငါးအမျိုးအစား၊ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့်ငါးဖမ်းနည်းစသည့်သတ်မှတ်ချက်များထားရှိ၍အင်္ဂဒေးဂရန်ဖြင့်ငါးလုပ် ငန်းလုပ်ကိုင်ခွင့်ပြုသောရေပြင်ကိုဆိုသည်။

(ဏ) **သီးသန့်အင်း**ဆိုသည်မှာဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားစေရန် အလို့ငှာငါးလုပ်ငန်းလုပ်ကိုင်ခြင်းကိုအခါအားလျော်စွာပိတ်ပင်တားမြစ်ထားသည့်ရေပြ င်သို့မဟုတ်သတ်မှတ်ချက်ဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ရေပြင်ကိုဆိုသည်။

(တ) **ဘေးမဲ့အင်း**ဆိုသည်မှာငါးမျိုးပြုန်းတီးမ မရှိစေရန်နှင့်ငါးမျိုးပွားစေရန် အလို့ငှာ ရေချိုငါးလုပ်ငန်းရေပြင်အတွင်းနယ်နိမိတ်သတ်မှတ်၍ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကိုအမြဲ တမ်းပိတ်ပင်တားမြစ်ထားသော ရေပြင်သို့မဟုတ်မည်သူမျှ ငါးမဖမ်းဆီးရန် သတ်မှတ် ထားသောရေပြင်ကိုဆိုသည်။

(ထ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ဦးစီးဌာနက အင်္ဂဒေးဂရန်အင်း၊သီးသန့်အင်း၊ဘေးမဲ့အင်းဟုသတ်မှတ်ထားသောနေရာဒေသမှအပအ

ခြားရေချိုငါးလုပ်ငန်းရေပြင်တွင်ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ငါးဖမ်းကွက်သတ်မှတ်ပြီးတင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသောရေပြင်ကိုဆိုသည်။

(ဒ) **အဌားဂရန်**ဆိုသည်မှာအဌားဂရန်အင်း တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန်ဦးစီးဌာနကထုတ်ပေးသည့်အဌားဂရန်ကိုဆိုသည်။

(ဓ) **လိုင်စင်**ဆိုသည်မှာငါးလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်နိုင်ရန် အတွက်ဤဥပဒေအရထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်။

(န) **တင်ဒါလိုင်စင်**ဆိုသည်မှာဦးစီးဌာနက လိုင်စင်ချထားရာတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ကိုဆိုသည်။

(ပ) **ပြန်အမ်းငွေ**ဆိုသည်မှာအဌားဂရန် သို့မဟုတ်တင်ဒါလိုင်စင်ပါ စည်းကမ်းချက်များကိုဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲပြည်နယ်အကျိုးငှာအဌားဂရန်သို့မဟုတ်တင်ဒါလိုင်စင်ကိုဆိုင်းငံ့ခြင်းသို့မဟုတ်ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊သဘာဝဘေးအန္တရာယ်ကြောင့်သို့မဟုတ်အခြားခိုင်လုံသောအကြောင်းတစ်စုံတစ်ရာကြောင့်ငါးထုတ်လုပ်မှုကိုထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေအဌားဂရန်ရရှိသူသို့မဟုတ်တင်ဒါလိုင်စင်ချထားခြင်းခံရသူကပေးသွင်းထားသည့်အခွန်အခအနက်လုပ်ကိုင်ရန်ကျန်ရှိသောငါးလုပ်ငန်းရာသီအတွက်ပြန်လည်ရထိုက်သောအခွန်အခငွေကိုဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အဌားဂရန်၊တင်ဒါလိုင်စင်၊ငါးဖမ်းကိရိယာလိုင်စင်သို့မဟုတ်ငါးလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ရရှိသူကိုဆိုသည်။

(ဗ) **ရေလုပ်သား**ဆိုသည်မှာငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေပါဝင်လုပ်ကိုင်သူကိုဆိုသည်။

(ဘ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်မှ ရရှိသောငါး၊ သက်ရှိရေသတ္တဝါများနှင့်ယင်းတို့မှပြုပြင်ထုတ်လုပ်ထားသည့်ပစ္စည်းများ၊ဘေးထွက်နှင့်စွန့်ပစ်ပစ္စည်းများ၊ဥများ၊သားလောင်းများ၊သားပေါက်များ၊အခွံများ၊အရိုးများ၊အရေခွံများ၊အပင်များ၊သက်မဲ့ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင်ကဏန်း၊ ခရု၊ ယောက်သွား၊ ပက်ကျိ၊ မျှော့၊ လိပ်နှင့်ဥများ၊ခရုခွံ၊ပုစွန်ခွံ၊ ကျောက်ပွင့်၊ရေညှိ၊ ရေမှော်စသည်များလည်းပါဝင်သည်။

(မ) **ပြုပြင်မွမ်းမံခြင်း**ဆိုသည်မှာ ငါးများအားမူလအခြေအနေမှ တစ်နည်းနည်းဖြင့်ပြင်ဆင်ပြောင်းလဲခြင်း၊ပြုပြင်မွမ်းမံခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှ တစ်ပါးထုတ် လုပ်ဆောင်ရွက်သည့် အေးခဲခြင်း၊ကြေပ်တိုက်ခြင်း၊အခြောက်ခံခြင်း၊ဆားနယ်ခြင်း၊ငါးပိ၊ငါးခြောက်၊ပုစွန်ခြောက်၊ငံပြာရည်၊ငါးချဉ်၊ပုစွန်ချဉ်စသည်တို့ပြုလုပ်ခြင်း၊စည်သွပ်ခြင်း၊ငါးကြေမှုန့်ပြုလုပ်ခြင်း၊ငါးမှစားသောက်ကုန်နှင့်အခြားကုန်ပစ္စည်းများထုတ်လုပ်ခြင်းစသည့်လုပ်ငန်းများလည်းပါဝင်သည်

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများစနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးသယံဇာတများလျော့နည်းပြုန်းတီးမှုကိုကာကွယ်တားဆီးရန်၊

(ဂ) ငါးနေငါးထိုင်တောများနှင့်ဂင်းတို့၏ဂေဟစနစ်များပျက်စီးမှုမှကာကွယ် စောင့်ရှောက်ရန်၊

(ဃ) ပြည်နယ်အတွက်ရသင့်ရထိုက်သောအခွန်အခများရရှိစေရန်၊

(င) တရားမဝင်ငါးလုပ်ငန်းများလုပ်ကိုင်ခြင်းမှကာကွယ်တားဆီးရန်၊

(စ) ပြည်တွင်းစားသုံးမှုဖူလုံစေပြီးပိုလျှံသည်များကိုပြည်ပသို့တင်ပို့ရောင်းချရန်၊

(ဆ) အရည်အသွေးကောင်းမွန်ပြီးဘေးအန္တရာယ်ကင်းရှင်းသည့်ရေထွက်ပစ္စည်းများ ထုတ်လုပ်စေရန်၊

(ဇ) ငါးလုပ်ငန်းများကိုဆောင်ရွက်ရာတွင်နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီဖြစ်စေရန်၊

(ဈ) ငါးလုပ်ငန်းကိုဥပဒေနှင့်အညီစီမံခန့်ခွဲခြင်း၊ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်ရန်။

အခန်း(၃)
အငှားဂရန်၊လိုင်စင်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း

၄။ ငါးဖမ်းလိုင်စင် အငှားဂရမ်လျှောက်ထားရာတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင် အနီးအနားနေ့ ပတ်ဝန်ကျင် ဒေသခံပြည်သူများ၏ သဘောတူညီမှုရရှိယူပြီး လိုင်စင်၊ အငှားဂရမ်လျှောက်ထားရမည်။

၅။ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီဈေးပြိုင်စနစ်ဖြင့်လေလံဆွဲဝယ်ရမည်။

၆။ သီးသန့်အင်းတစ်ခုခုတွင်ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီဦးစီးဌာနတွင်လျှောက်ထားလုပ်ကိုင်ရမည်။

၇။ အငှားဂရန်အင်း၊ သီးသန့်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခွန် ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေလုပ်ကိုင်ဆောင်ရွက်ရမည်။

၈။ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခြင်း၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခြင်း၊ သယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ ပြည်နယ်ဦးစီးဌာနမှူးထံတွင်လိုင်စင်လျှောက်ထားရယူ၍လုပ်ကိုင်ဆောင်ရွက်ရမည်။

၉။ ပြည်နယ်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် ညီညွတ်လျှင် ရေထွက်ပစ္စည်းများရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံထုတ်လုပ်ခြင်း

တို့အတွက် လိုင်စင်ထုတ်ပေးနိုင်သည်။

၁၀။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များအတွက် သက်ဆိုင်ရာဝန်ကြီး မှတဆင့် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်အဌားဂရန်နှင့်လိုင်စင်ထုတ်ပေးရမည် -

(က) နှစ်ရှည်အဌားဂရန်ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင်နိုင်ငံခြားငွေဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။

၁၁။ အဌားဂရန်အင်းလေးတင်ရောင်းချသည့်ကိစ္စနှင့် ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့်ကိစ္စကိုသက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည်သတ်မှတ်သည့်နည်းလမ်းများ နှင့်အညီလေလံတင်ရောင်းချခြင်းသို့မဟုတ်တင်ဒါလိုင်စင်ချထားခြင်းပြုလုပ်၍ပြည်နယ်ဦးစီးမှူးထံ တင်ပြရမည်။

၁၂။မြို့နယ်ဦးစီးဌာနမှူးသည် အဌားဂရမ်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စမှအပ ရေချိုးငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ဦးစီးဌာနက ခွင့်ပြု သတ်မှတ်ထားသော ငါးဖမ်းကိရိယာ အမျိုးအစား တစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

၁၃။ ပြည်နယ်ဦးစီးဌာနမှူးသည် အဌားဂရမ်အင်း လေလံတင်ရောင်းချသည့် ကိစ္စနှင့်တင်ဒါလိုင်စင် ချထားသည့်ကိစ္စတွင် ဝန်ကြီး၏အတည်ပြုချက်ရရယူရမည်။

၁၄။ ပြည်နယ်ဦးစီးဌာနမှူးသည်ပုဒ်မ၁၃အရ အတည်ပြုချက်ရယူပြီးမှသာ အဌားဂရန်သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၁၅။ ပြည်နယ်ဦးစီးဌာနမှူးသည်ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်သည့်လုပ်ငန်းလုပ်ကိုင်လိုသူက ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့်မှတ်ပုံတင်လျှောက်ထားလာလျှင်သတ်မှတ်ထားသည့်နည်းလမ်း များနှင့်အညီရေထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့်မှတ်ပုံတင်ကတ်အားထုတ်ပေးရမည်။

အခန်း(၄)
အခွန်အခများပေးဆောင်ခြင်း

၁၆။ အဌားဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့်လေလံကြေးဖြစ်သော အင်းခွန်ကို လည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါခွန်နှင့် လိုင်စင်ခွန်ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီးအပြေအကျေပေးဆောင်ရမည်။

၁၇။ နှစ်ရှည်အဌားဂရန်အင်းသို့မဟုတ် သီးသန့်အင်းအခွန်များကို ဦးစီးဌာနသို့သတ်မှတ်ထားသည့် နေ့ရက်အတွင်းပေးဆောင်ရမည်။အခွန်ငွေပေးဆောင်ရန်ပျက်ကွက်သူသည်ပေးဆောင်ရန်ရှိသောအခွ န်ငွေများအပြင်သတ်မှတ်ထားသည့်ဒဏ်ကြေးကိုလည်းပေးဆောင်ရမည်။

၁၈။ အဌားဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါလိုင်စင်မှ အပအခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင်ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည်ပေးဆောင်ရန်ရှိသောလိုင်စင်ခွန်ကိုလက်ငင်း ငွေချေစနစ်ဖြင့်နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

၁၉။ နှစ်ရှည်အဌားဂရန်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကိုပေးဆောင်ရမည်။

၂၀။ ဤဥပဒေအရငါးလုပ်ငန်းလုပ်ကိုင်သူသည် အောက်ပါအခွန်အခများကို လက်ငင်းငွေချေစနစ်ဖြင့်နေ့ချင်းပြီးအပြေအကျေပေးဆောင်ရမည် -

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ခွန်၊

(ခ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်ခွန်၊

(ဂ) ရေလုပ်သားမှတ်ပုံတင်အခွန်၊

(ဃ) ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့်မှတ်ပုံတင်အခွန်။

၂၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော အင်းခွန်၊တင်ဒါခွန်၊ လိုင်စင်ခွန်နှင့် အခြားအခွန်အခများကို -

(က) နိုင်ငံသားဖြစ်ပါကပြည်တွင်းသုံးငွေဖြင့်ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသားသို့မဟုတ်နိုင်ငံခြားမတည်ငွေဖြင့်လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းဖြစ်ပါကဦးစီးဌာနက သတ်မှတ်သည့်နိုင်ငံခြားငွေဖြင့်ပေးဆောင် ရမည်။

အခန်း(၅)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ပေးဆောင်ရန်ရှိသောအခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်းပေးဆောင်ခြင်း၊

(ခ) အဌားဂရန်သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များအပြင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့်စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဂ) ဦးစီးဌာနကတာဝန်ပေးအပ်ပါသည့် ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခြင်း၊

(ဃ) မိမိလုပ်ငန်းတွင်မြို့နယ်ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကို သာခန့်ထားလုပ်ကိုင်စေခြင်း၊

(င) ဦးစီးဌာနကသတ်မှတ်သည့် စည်းကမ်းများနှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်။

၂၃။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ဆောင်ရွက်နိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) အဌားဂရန်၊တင်ဒါလိုင်စင်သို့မဟုတ်လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ခ) အဌားဂရန်နှင့်တင်ဒါလိုင်စင်အတွက်ပြန်အမ်းငွေထုတ်ပေးရန်လျှောက်ထားခွင့်ရှိခြင်း။

အခန်း(၆)

ဝန်ကြီး၏လုပ်ပိုင်ခွင့်များ

၂၄။ ဝန်ကြီးသည်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်အောက်ပါ လုပ်ငန်းများအတွက် အခွန်အခ ပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သောငါးလုပ်ငန်းသုတေသန၊

(ခ) ပြည်နယ်အကျိုးငှာလိုအပ်သည့်ငါးလုပ်ငန်း။

၂၅။ ဝန်ကြီးသည်ပြည်နယ်ဦးစီးဌာနမှူးမှ တင်ပြလာသည့် သီးသန့်အင်းလုပ်ကိုင်ခွင့်ဆိုင်ရာကိစ္စ ကိုခွင့်ပြုနိုင်သည်။

၂၆။ ဝန်ကြီးသည်အောက်ပါကိစ္စများအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုနိုင်သည် -

(က) နှစ်ရှည်အငှားဂရန်ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင်နိုင်ငံခြားငွေဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုခြင်း။

၂၇။ ဝန်ကြီးသည်ပြည်နယ်အကျိုးငှာ လိုအပ်လျှင်မည်သည့် အငှားဂရန်သို့မဟုတ် တင်ဒါလိုင်စင်ကို မဆိုဆိုင်းငံ့ခြင်း၊ရုပ်သိမ်းခြင်းသို့မဟုတ်ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၈။ ဝန်ကြီးသည်ဦးစီးဌာနကပြန်လည် ထုတ်ပေးခွင့်ရှိသောပြန်အမ်းငွေပမာဏကို သတ်မှတ် ပေးနိုင်သည်။

၂၉။ ဝန်ကြီးသည်ဤဥပဒေပုဒ်မငှင့် ပါအယူခံခြင်းကိစ္စများကိုဆောင်ရွက်ပေးနိုင်သည်။

၃၀။ ဝန်ကြီးသည်ပြည်နယ်အကျိုးငှာလိုအပ်လျှင်ငါးလုပ်ငန်း လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါ တို့ကိုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အငှားဂရန်အင်းသို့မဟုတ် တင်ဒါငါးဖမ်းကွက် အသစ်သတ်မှတ်ခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများ နှင့်ညှိနှိုင်းပေးခြင်း၊

(ဂ) ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကိုဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီကောက်ခံခြင်း၊သုံးစွဲခြင်း ကိုဆောင်ရွက်ပေးခြင်း။

အခန်း(၇)

ပြည်နယ်ဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၁။ ပြည်နယ်ဦးစီးဌာနမှူး၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ကြီးကြပ်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်ခ၊ငါးစိုခွန်၊ လှေခွန်မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခန့်နှုန်းထားများကိုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်သတ်မှတ်ပေးခြင်း၊

(ဂ) အင်းဂရန်အသစ်များ သတ်မှတ်ခြင်းကိုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံဆက်လက်တင်ပြ၍ပြည်ထောင်စုစာရင်းဝင်အင်္ဂဂရန်အင်း အဖြစ်အတည်ပြုခြင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း တို့ကိုဝန်ကြီး၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

(င) တားမြစ်ထားသည့် ငါးအမျိုးအစား၊အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ငါးဖမ်းရာသီ၊ နေရာဒေသနှင့်ငါးဖမ်းနည်းတို့ကိုသတ်မှတ်ပေးခြင်း၊

(စ) အင်္ဂဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့်အင်္ဂဂရန်နှင့်လိုင်စင်ပါစည်းကမ်းချက်များကိုသတ်မှတ်ပေးခြင်း၊

(ဆ) အင်္ဂဂရန်အင်း၊သီးသန့်အင်း၊ဘေးမဲ့အင်း သို့မဟုတ်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစားကိုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ်ပယ်ဖျက်ခြင်း၊ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ထံဆက်လက်တင်ပြ ၍အတည်ပြုချက်ရယူခြင်း၊

(ဇ) လုံလောက်သောအကြောင်းရှိလျှင် အင်္ဂဂရန်အင်း တစ်ခုခုကိုလေလံဆွဲဝယ်ရရှိသူအား အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် နှစ်အကန့်အသတ်ဖြင့် အင်္ဂဂရန်ဆက်လက် ချထားရန် ညွှန်ကြားခြင်း၊

(စျ) ခရိုင်မြို့နယ်မြို့နယ်ခွဲဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) အင်းအိုင်ပြန်တမ်းမိတ္တူများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ပေးပို့ဆောင်ရွက်ခြင်း၊

(ဋ) ဝန်ကြီးကအခါအားလျော်စွာပေးအပ်သောငါးလုပ်ငန်းဆိုင်ရာကိစ္စများဆောင်ရွက်ခြင်း။

၃၂။ ပြည်နယ်ဦးစီးဌာနမှူး၏လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ရေထွက်ပစ္စည်းရောင်းဝယ် စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့်လိုင်စင်နှင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များထုတ်ပေးခြင်း၊

(ခ) ဦးစီးဌာနကထုတ်ပေးထားသည့် အင်္ဂဂရန်သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံး သဖြင့်မိတ္တူရယူလိုကြောင်းလျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍လျှောက်ထားသူအား သတ်မှတ်သည့်အခကြေးငွေပေးသွင်းစေပြီးအင်္ဂဂရန်သို့မဟုတ်လိုင်စင်မိတ္တူ ထုတ်ပေးခြင်းသို့မဟုတ်ထုတ်ပေးရန်စီမံဆောင်ရွက်ခြင်း။

၃၃။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုအပ်သောအသုံးစရိတ်များကိုဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီဝန်ကြီး၏သဘောတူ ညီချက်ဖြင့်ကောက်ခံသုံးစွဲ နိုင်သည်။

၃၄။ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ပြည်နယ်ဦးစီးဌာနမှူးသည်ဝန်ကြီး၏သဘောတူညီချက်ဖြင့်အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ငါးဖမ်းကိရိယာများ၊ ငါးများနှင့်အခြား သက်သေခံ ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ထုခွဲရောင်းချခြင်းသို့မဟုတ်အခြားသင့် လျော်သလိုစီမံခန့်ခွဲခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူကို ဖြစ်စေ၊ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့်သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအာမခံတင်စေပြီး ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ်ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေး ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ်ပိုင်ရှင်အား ပြန်လည် ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့်ဒဏ်ကြေးငွေများကို ပြည်နယ်ဘဏ္ဍာငွေအဖြစ် ဘဏ်သို့ပေးသွင်း စေခြင်း။

၃၅။ ပြည်နယ်ဦးစီးဌာနမှူးသည် ဤဥပဒေအရမိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဦးစီးဌာနမှပြန်တမ်းဝင်အရာရှိအဆင့်ထက်မနိမ့်သော အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ခရိုင်၊မြို့နယ် သို့မဟုတ် မြို့နယ်ခွဲဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေလွှဲအပ်နိုင်သည်။

၃၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အငှားဂရန်သို့မဟုတ် လိုင်စင်ရရှိသူအား အောက်ပါ ကိစ္စရပ်များစစ်ဆေးတွေ့ရှိပါကအငှားဂရန်သို့မဟုတ်လိုင်စင်ကိုပြန်လည်ရုပ်သိမ်းရမည် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ အငှားဂရန်သို့မဟုတ် လိုင်စင်ကိုအခြားသူတစ်ဦး တစ်ယောက်အားလွှဲပြောင်းခြင်း၊

(ခ) အငှားဂရန်သို့မဟုတ်လိုင်စင်ကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အငှားဂရန်နှင့်လိုင်စင်ပါစည်းကမ်းချက်များကိုဖောက်ဖျက်ခြင်း၊

(ဃ) အငှားဂရန်သို့မဟုတ် လိုင်စင်ကိုပြန်လည်ရုပ်သိမ်းရန် ခိုင်လုံသောအကြောင်းများ ရှိကြောင်းစစ်ဆေးတွေ့ရှိခြင်း။

အခန်း(၈)
ပြန်အမ်းငွေလျှောက်ထားခြင်း

၃၇။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ် ပေါက်လျှင်အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက်ထားနိုင်သည် -

(က) ပြည်နယ်အကျိုးငှာအငှားဂရန် သို့မဟုတ်တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှုထိခိုက်နစ်နာခြင်း။

၃၈။ ပုဒ်မ၃၇အရလျှောက်ထားလာလျှင် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီစစ်ဆေးဆောင်ရွက်၍ပြည်နယ်ဦးစီးဌာနမှူးထံဆက်လက်တင်ပြရမည်။

၃၉။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ၃၇အရလျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင်ပြန်အမ်းငွေ ထုတ်ပေးရန်အတွက် ဝန်ကြီးထံသို့ တင်ပြ၍ဝန်ကြီး၏ဆုံးဖြတ်ချက်နှင့်အညီပြန် အမ်းငွေထုတ်ပေးရန် အမိန့်ချမှတ်ရမည်။

၄၀။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၄၁။ ဝန်ကြီး၏ဆုံးဖြတ်ချက်အရ ပြည်နယ်ဦးစီးဌာနမှူးက ပြန်အမ်းငွေထုတ်ပေးရန် ခွင့်ပြုချက် ထုတ်ပေးရမည်။

အခန်း (၉)
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၄၂။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ် ပေါက်သည့်အခါကျဉ်ပဒေအရငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည်-

(က) ခွင့်ပြုကာလကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊တင်ဒါလိုင်စင် သို့မဟုတ်ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ်ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရုပ်သိမ်းခံရခြင်းသို့မဟုတ်ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကိုဆက်လက် မလုပ်ကိုင်တော့ကြောင်း ခရိုင်၊မြို့နယ်၊မြို့နယ်ခွဲဦးစီးဌာနမှူးကစစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကိုဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ တင်ဒါလိုင်စင်၊ငါးဖမ်းကိရိယာလိုင်စင်သို့မဟုတ်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကိုပြန်လည်အပ်နှံခြင်း။

အခန်း(၁၀)

စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၄၃။ ဦးစီးဌာနမှူးသည်စစ်ဆေးခြင်းနှင့် အရေးယူခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မိမိတာဝန်ခံရသော ငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးခံရသော အခြားငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ငါးဖမ်းရေယာဉ်၊ယာဉ်၊ငါးဖမ်းကိရိယာများ နှင့်အဌားဂရန်အင်း၊သီးသန့်အင်း၊ဘေးမဲ့အင်း၊တင်ဒါချက်အပါအဝင်မည်သည့်ငါးလုပ် ငန်းကိုမဆိုဝရမ်းမပါဘဲရပ်တန့်ခြင်း၊တက်ရောက်ခြင်း၊ဝင်ရောက်ခြင်း၊စစ်ဆေးခြင်း၊ရှာ ဖွေခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အဌားဂရန်၊လိုင်စင် အပါအဝင်လိုအပ်သည့် စာရွက်စာတမ်း များကိုတောင်းယူစစ်ဆေးခြင်း၊ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ကိစ္စတွင် အကျုံးဝင်သောငါးဖမ်းရေယာဉ်၊ယာဉ်၊ငါးဖမ်းကိရိယာများ၊ငါးများနှင့်တကွတွေ့ရှိသော သက်သေခံပစ္စည်းများကိုသိမ်းဆည်းခြင်း၊

(င) ဤဥပဒေပါတားမြစ်ချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်သော ကိစ္စတွင်တရား စွဲဆိုရန်စီစဉ်ဆောင်ရွက်ခြင်း၊

(စ) ငါးနှင့်အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီးရောင်းရငွေကိုပြည်နယ်ဘဏ္ဍာငွေအဖြစ်ဘဏ်သို့ပေးသွင်းခြင်း။

အခန်း(၁၁)

အယူခံခြင်း

၄၄။ (က) ဤဥပဒေအရမြို့နယ်ဦးစီးဌာနမှူးကချမှတ်သည့်အမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကို မကျေနပ်ပါကယင်းအမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကိုလက်ခံရရှိသည့်နေ့မှရက်ပေါင်း၃၀ အတွင်းခရိုင်ဦးစီးဌာနမှူးထံအယူခံဝင်နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းသို့မဟုတ်ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဤဥပဒေအရခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါကယင်းအမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကိုလက်ခံရရှိသည့်နေ့မှရက်ပေါင်း၃၀ အတွင်းပြည်နယ်ဦးစီးဌာနမှူးထံအယူခံဝင်နိုင်သည်။

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူး၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ပြောင်လဲခြင်းသို့မဟုတ်ပယ်ဖျက်ခြင်းပြုနိုင်သည်။

(င) ဤဥပဒေအရပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှရက်ပေါင်း(၃၀)အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။

(စ) ဝန်ကြီးသည်ပြည်နယ်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်လဲခြင်းသို့မဟုတ်ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဆ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၂)
တားမြစ်ချက်များ

၄၅။ မည်သူမျှဤဥပဒေအရထုတ်ပေးသည့် အင်္ဂါဂရန်၊တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ် သို့မဟုတ်ရေထွက်ပစ္စည်း သယ်ယူပို့ဆောင်ခွင့်မှတ်ပုံတင်ကတ်မရှိဘဲငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၄၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အင်္ဂါဂရန်၊တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ်ငါးလုပ်ငန်းလိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်းမပြုရ။

၄၇။ ဤဥပဒေအရထုတ်ပေးထားသော လိုင်စင်၊အင်္ဂါဂရန်၊ ခွင့်ပြုမိန့်သို့မဟုတ် မှတ်ပုံတင်ကတ်များကို ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အခြားသူအားလွှဲပြောင်းပေးအပ်၍ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၈။ မည်သူမျှ၄၅ အရလွှဲပြောင်းပေးသော လိုင်စင်၊အင်္ဂါဂရန်ခွင့်ပြုမိန့်သို့မဟုတ် မှတ်ပုံတင်ကတ်များကိုလက်ခံရယူ၍လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၄၉။ မည်သူမျှအင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ်တင်ဒါလိုင်စင်ချထားခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲပေးဆောင်ရန်ရှိသော အင်းခွန်၊တင်ဒါခွန်၊ဒဏ်ကြေး နှင့်လိုင်စင်ခွန်တို့ကိုသတ်မှတ်သည့်ကာလအတွင်းပေးဆောင်ရန်ပျက်ကွက်ခြင်းမရှိစေရ။

၅၀။ မည်သူမျှအင်္ဂါဂရန်အင်း၊ သီးသန့်အင်းသို့မဟုတ် ဘေးမဲ့အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကိုမပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများပျက်စီးစေရန်ခုတ်ထွင်ခြင်း၊ရှင်းလင်းခြင်း၊မီးရှို့ခြင်း၊

(ခ) သီးနှံစိုက်ပျိုးခြင်း၊

(ဂ) လူနေအိမ် သို့မဟုတ်၊တဲဆောက်လုပ်နေထိုင်ခြင်း၊

(ဃ) ငါးမွေးကန်တူးဖော်ခြင်း။

၅၁။ ဦးစီးဌာနမှူးကငါးလုပ်ငန်းတစ်ခုခုအားစစ်ဆေးနေစဉ်မည်သူမျှအောက်ပါတစ်ခုခုကိုမပြုလုပ်ရ

(က) ပြစ်မှုကျူးလွန်သူကိုအခြားသူတစ်ဦးဦးဖြင့်အစားထိုးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သောသက်သေခံ ပစ္စည်းကိုဖျောက်ဖျက်ခြင်း၊စွန့်ပစ်ခြင်း၊ အစားထိုးခြင်း၊ ပြောင်လဲခြင်း။

၅၂။ မည်သူမျှဝန်ကြီးဌာနနှင့် ဦးစီးဌာနကအခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊စည်းမျဉ်း၊ စည်းကမ်း၊ညွှန်ကြားချက်၊ ကန့်သတ်ချက်သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၅၃။ မည်သူမျှတာဝန်ဝတ္တရားများဆောင်ရွက်နေသော ဦးစီးဌာန၏ဝန်ထမ်းတစ်ဦးဦးအားနှောင့်ယှက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းမပြုရ။

၅၄။ ဦးစီးဌာနမှူးကငါးလုပ်ငန်းတစ်ရပ်ရပ်အားစစ်ဆေးနေစဉ်မည်သူမျှ ငါး၊ငါးဖမ်းကိရိယာ၊ အခြားပစ္စည်း နှင့်ငွေစသည်များကို ကွယ်ဝှက်ခြင်းသို့မဟုတ် ဦးစီးဌာနမှူး၏ ခွင့်ပြုချက် မရှိဘဲစွန့်ပစ်ခြင်းမပြုရ။

၅၅။ မည်သူမျှရေချို၊ငါးလုပ်ငန်းရေပြင် တစ်ခုခုတွင်ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲဆည်၊ တမံ၊ယင်း၊ပိုက်နှင့်အခြား မည်သည့်အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို မျှစိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုရ။

၅၆။ မည်သူမျှရေချို၊ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊အခြားရေနေသတ္တဝါနှင့် သက်ရှိ၊သက်မဲ့ သယံဇာတပစ္စည်းများအားအနှောက်အယှက်ဖြစ်စေရန်၊ရေထုညစ်ညမ်းစေရန်၊သဘာဝပတ်ဝန်းကျင် ထိခိုက်စေရန်သက်ရှိသက်မဲ့သတ္တဝါကိုဖြစ်စေ၊အရာဝတ္ထုပစ္စည်းတစ်ခုခုကိုဖြစ်စေရေထဲသို့စွန့်ပစ်ခြင်း သို့မဟုတ်ပတ်ဝန်းကျင်တွင်ဖန်တီးခြင်းမပြုရ။

၅၇။ မည်သူမျှဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အဌားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့်ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ရေ၏ထုထည်သို့မဟုတ်ရေစီးလမ်းကြောင်းကိုပြောင်းလဲခြင်းမပြုလုပ်ရ။

၅၈။ မည်သူမျှအောက်ပါ ရေထွက်ပစ္စည်းများကိုထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ပြုပြင်မွမ်းမံခြင်း၊သယ်ယူခြင်း၊သိုလှောင်ခြင်း၊ဖြန့်ဖြူးခြင်း၊ရောင်းချခြင်းမပြုရ -

(က) စားသုံးသူကိုအဆိပ်သင့်စေနိုင်သော၊ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ကျန်းမာ ရေးကိုထိခိုက်စေနိုင်သောသို့မဟုတ်သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သောရေထွက်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ အရည်အသွေးကိုထိခိုက်စေပြီး၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ်တစ်ပိုင်းကိုဖြစ်စေအစားထိုးထားသောသို့မဟုတ်လူတို့စားသုံးရန်မသင့်သည့်ဆိုးဆေး၊ယမ်းစိမ်း၊ ဓါတုပစ္စည်းစသည်တို့နှင့် ပြုပြင်ရောစပ်ထားသောရေထွက်ပစ္စည်း၊

(ဂ) အလေးချိန်တိုးစေရန်နှင့် အရည်အသွေးကိုထိခိုက်စေမည့် ရေသို့မဟုတ်သတ္တု သို့မဟုတ် ပြင်ပပစ္စည်းများထည့်သွင်းထားသောရေထွက်ပစ္စည်း။

၅၉။ မည်သူမျှ ရေချို၊ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင်အောက်ပါတို့ကိုမပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်းဖြင့်ငါးဖမ်းခြင်း၊ လျှပ်စစ်ဓါတ်ဖြင့်ငါးဖမ်းခြင်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့်ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်းသို့မဟုတ် အကျိုးဖျက်ဆီးခြင်းသို့မဟုတ် ယင်းပစ္စည်းတစ်မျိုးမျိုးကို လက်ဝယ်ထားရှိခြင်း၊

(ခ) တားမြစ်ထားသောငါးဖမ်းနည်းသို့မဟုတ်ငါးဖမ်းကိရိယာဖြင့်ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသောငါးမျိုး သို့မဟုတ်ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊မွေးမြူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊

(ဃ) တားမြစ်ထားသောအချိန်ကာလနှင့်နေရာဒေသတွင်ငါးဖမ်းခြင်း၊ငါးမွေးမြူခြင်း၊

(င) လိုင်စင်အတုဖြင့်ငါးဖမ်းခြင်း။

အခန်း(၁၃)

ပြစ်ဒဏ်များ

၆၀။ မည်သူမဆိုပုဒ်မငှ၃ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ရေလုပ်သားမှတ်ပုံတင်ကတ် သို့မဟုတ်ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့် မှတ်ပုံတင်ကတ်၊ မရှိဘဲငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါကထိုသူ အား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါကထိုသူအားခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်း ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

(ဂ) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့်လိုင်စင်နှင့် ငါးလုပ်ငန်းလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူ အားတစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ် စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

(ဃ) အဌားဂရန်သို့မဟုတ်တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအားနှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ် ဖြစ်စေဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၁။ မည်သူမဆိုပုဒ်မငှ၄ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအားသုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်သုံးသောင်းထက်မပိုသောငွေ ဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

(ခ) ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအားခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်ဖြစ်စေကျခံစေရမည်။

(ဂ) အဌားဂရန်သို့မဟုတ်တင်ဒါ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါကထိုသူအားတစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၂။ မည်သူမဆိုပုဒ်မ၄၅ နှင့်ပုဒ်မ ၄၆ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လွှဲပြောင်းခြင်း ကိစ္စဖြစ်ပါက ထိုသူအားခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

(ခ) ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဂရန်သို့မဟုတ်တင်ဒါလိုင်စင် လွှဲပြောင်းသည့်ကိစ္စဖြစ်ပါက ထိုသူအားတစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၃။ မည်သူမဆိုပုဒ်မ၄၇၊ပုဒ်မ၄၈၊ပုဒ်မ၄၉၊ပုဒ်မ ၅၀ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားတစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၄။ မည်သူမဆိုပုဒ်မ၅၁၊ပုဒ်မ၅၂၊ ပုဒ်မ၅၃၊ပုဒ်မ၅၄၊ပုဒ်မ၅၅၊ပုဒ်မ၅၆ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ကျပ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၅။ မည်သူမဆိုပုဒ်မ၅၇ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားသုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၆။ မည်သူမဆိုဤဥပဒေအရပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ်ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက်ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၆၇။ ဤဥပဒေအရပြစ်မှု တစ်ရပ်ရပ်ဖြင့်ပြစ်မှုထင်ရှား စီရင်ခြင်းခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက်ပြဋ္ဌာန်း သတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၆၈။ ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်းသော ပြစ်မှုကို တရားဆွဲဆိုးတင်ပို့ ရာတွင် ယင်းပြစ်မှုနှင့်စပ်လျဉ်၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသော ငါးများ၊ ငါးဖမ်းရေယာဉ်များ၊ ငါးဖမ်းကိရိယာများနှင့် လက်တွေ့တွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန်မလွယ်ကူသော အခြားပစ္စည်းများကို သက်သေခံပစ္စည်းအဖြင့် တင်ပြရန်မလိုဘဲ ယင်းပစ္စည်းအား မည်သို့စီမံဆောင်

ရွက်ထားကြောင်းကိုအစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် သော်လည်းကောင်း တရားရုံးသို့ တင်ပြရမည်။

အခန်း(၁၄)

အထွေထွေ

၆၉။ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ်အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးလျှင်ယင်းပြစ်မှုအတွက်ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရဟုပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ၄၀၃ပုဒ်မခွဲ (၁)ပါပြဋ္ဌာန်းချက်သည် ဤဥပဒေအရဦးစီးဌာနမှူး၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၇၀။ ဤဥပဒေအရတရားစွဲဆိုတင်ပို့သည့်အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၇၁။ ဦးစီးဌာနမှူးသည်မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ အကူအညီကိုတောင်းခံရယူနိုင်သည်။

၇၂။ ဤဥပဒေအရသဘောရိုးဖြင့် ဆောင်ရွက်သောကိစ္စ တစ်ရပ်ရပ်အတွက်ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကိုတရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၇၃။ ရေချိုငါးလုပ်ငန်းရေပြင်များနှင့်စပ်လျဉ်း၍ အငှားဂရန်နှင့်လိုင်စင်ချထားခြင်း၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း တို့ကိုဦးစီးဌာနကသာဆောင်ရွက်ခွင့်ရှိသည်။

၇၄။ ဦးစီးဌာနသည်အငှားဂရန်အင်း၊ သီးသန့်အင်း၊ဘေးမဲ့အင်းနှင့် ရေချိုငါးလုပ်ငန်းရေပြင်တို့၏ နယ်နိမိတ်ပြမြေပုံများကို ခေတ်နှင့်လျော်ညီစွာရေးဆွဲပြုစုနိုင်ရန် သက်ဆိုင်ရာအစိုးရ၊ ဌာနများနှင့် ညှိနှိုင်း၍ပြုစုထားရှိရမည်။

၇၅။ ဤဥပဒေအရရရန်ရှိသောအင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခွန်နှင့်ဒဏ်ကြေးငွေများကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊မြို့နယ်ခွဲဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေဖြစ် ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံရမည်။

၇၆။ ဤဥပဒေပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေများ၊စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ပြည်နယ်ဦးစီးဌာနမှူးတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊အမိန့်၊ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဟုန်းဝိုင်း)
ဝန်ကြီးချုပ်

ချင်းပြည်နယ်လွှတ်တော်

ချင်းပြည်နယ်
ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်-၃)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကချင်ပြည်နယ်လွှတ်တော်

ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ
နှင့်
ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို
ပြင်ဆင်သည့် ဥပဒေ

ကချင်ပြည်နယ်ရေရှိုင်းလုပ်ငန်းဥပဒေ

၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၁။	အမည်၊စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်	၁
၂။	ရည်ရွယ်ချက်များ	၇
၃။	အငှားဂရန်၊လိုင်စင်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း	၈
၄။	အခွန်အခပေးဆောင်ခြင်း	၁၀
၅။	ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၁၂
၆။	ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ	၁၃
၇။	ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၁၄
၈။	စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း	၁၆
၉။	အယူခံခြင်း	၁၈
၁၀။	ပြန်အမ်းငွေလျှောက်ထားခြင်း	၂၀
၁၁။	တားမြစ်ချက်များ	၂၁
၁၂။	ပြစ်ဒဏ်များ	၂၅
၁၃။	အထွေထွေ	၂၇

ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂ ။)

၁၃၇၅ ခုနှစ် ၊ ကဆုန်လဆန်း ၁ ရက်

(၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်)

နိဒါန်း

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ကချင်ပြည်နယ် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ကချင်ပြည်နယ်ကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ကချင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနကို ဆိုသည်။

(စ) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင် သို့မဟုတ် မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးကို ဆိုသည်။

(ဇ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင် သော်လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါ အားလုံး ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဈ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံ ခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်းပါဝင်သည်။

(ည) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊သေစေခြင်းစသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်း ကိရိယာကိုမဆို ဆိုလိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်းပါဝင်သည်။

(ဌ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်

တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(၃) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင်ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

(၄) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှု စနစ်ဖြင့် ပြုပြင်အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(၅) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ကချင်ပြည်နယ်၏ နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲ ရေ တည်ရှိသည် ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင် ကျက်စား ခိုအောင်း ပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်များ၊ ကချင်ပြည်နယ်အစိုးရ၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ၊ လိပ်ဥကျွန်းများ စသည်တို့လည်း ပါဝင်သည်။

(တ) **ဂရန်အင်း** ဆိုသည်မှာ ဝန်ကြီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်း ကိရိယာ၊ အချိန်ကာလ နှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထား ရှိ၍ အငှား ဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ထ) **သီးသန့်အင်း** ဆိုသည်မှာ ဝန်ကြီးဌာနက ငါးမျိုး ပြုန်းတီးခြင်းမရှိစေရန်နှင့် ငါး မျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင် တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုသည့် ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသောနေရာဒေသမှအပ အခြား ရေချိုငါး လုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက် သတ်မှတ်ပြီး တင်ဒါ လိုင်စင်ချထား၍ ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါး လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသောရေပြင်ကို ဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေပြင်တစ်ခုခုမှရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့်

ငါးနှင့်ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လိပ်နှင့်ဥများ၊ မိကျောင်းနှင့် ဥများ၊ ဖျံ၊ ကဏန်း၊ ယောက်သွား၊ ကျောက်ပွင့်၊ ရေညှို၊ ရေမှော် စသည်များလည်းပါဝင်သည်။

(န) **အငှါးဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါး လုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် ဂရန်ကို ဆိုသည်။

(ပ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ပြည်နယ် ရေချိုငါး လုပ်ငန်း ရေပြင် တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင် လုပ်ကိုင်ခွင့် လိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ဗ) **ရေလုပ်သား** ဆိုသည်မှာ မြို့နယ်ဦးစီးဌာနမှူးရုံးတွင် စီးပွားဖြစ် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်ရန် မှတ်ပုံတင်ထားသူကို ဆိုသည်။

(ဘ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင် ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသောအကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှုထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထား ခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ပြည်နယ်က ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(c) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

အခန်း(၃)
အငှားဂရန်၊ လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါ ဈေးနှုန်း တင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ပြည်နယ်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့် ညီညွတ်လျှင် ရေထွက် ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်းတို့အတွက် လိုင်စင်ထုတ်ပေးနိုင်သည်။

၈။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါ ကိစ္စရပ်များတွင် ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် လိုင်စင် ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း၊

(ဂ) အအေးခန်းစက်ရုံ တည်ထောင်ခြင်း။

၉။ ဂရန်အင်းလေးတင်ရောင်းချသည့်ကိစ္စနှင့် အခြား ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေးလံ တင်ရောင်းချသည့် ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့တွင်ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစား တစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း

လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်း ကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

၁၂။ မြို့နယ်ဦးစီးမှူးသည် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြု မည့် လုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

အခန်း(၄)
အခွန်အခပေးဆောင်ခြင်း

၁၃။ ဂရန်အင်းလေးဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင် ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း၊ လက်ငင်း ငွေချေ စနစ်ဖြင့် နေ့ချင်း အပြေအကျေပေးဆောင်ရမည်။

၁၄။ ဂရန်အင်းမှအပ အခြား ရေချိုအင်း ငါးလုပ်ငန်းရေပြင်တစ်ခုခု တွင် ငါးဖမ်းကိရိယာလိုင်စင် ရရှိသူသည် ပေးဆောင်ရန် လိုင်စင်ခ ကို လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်း အပြေအကျေ ပေးဆောင် ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့် နည်းလမ်းများ နှင့်အညီ အင်းခွန်နှင့် အခြား ကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၆။ အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခကို နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့် လည်းကောင်း၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ် ဖြစ်ပါကဦးစီးဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း ဦးစီးဌာနကသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြား ကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သောအခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၁၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အောက်ပါ လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်း သုတေသန၊

(ခ) ပြည်နယ်အကျိုးငှာ လိုအပ်သည့် ငါးသယ်ဇာတဖွံ့ဖြိုးရေး လုပ်ငန်း။

အခန်း(၅)
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ခိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့် ၊ည္ဆန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင်ခန့်ထားအသုံးပြုမည့် လုပ်သားများနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီး ဌာနမှူးရုံးတွင် ရေလုပ်သား မှတ်ပုံတင် လျှောက်ထားရမည်၊

(င) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထား လုပ်ကိုင်စေရမည်။

အခန်း (၆)
ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၀။ ဤဥပဒေအရ ဝန်ကြီးသည် ပြည်နယ်အကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့်ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြား ပေးဆောင်ရန်ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း၊

(င) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(စ) တင်ဒါ ငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း

(ဆ) အခြား လျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

အခန်း (၇)

ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၁။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ် ခြင်း၊

(ခ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်း ကိရိယာ၊ ငါးဖမ်းရာသီ နေရာဒေသနှင့် ငါးဖမ်းနည်း တို့ကို သတ်မှတ်ပေးခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အဂွားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက် များကို သတ်မှတ်ပေးခြင်း၊

(ဃ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(c) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

၂၂။ ပြည်နယ်ဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို မမှန်မကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ယင်း အင်္ဂါဂရန် သို့မဟုတ် တင်ဒါ လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ခ) ဦးစီးဌာနကထုတ်ပေးသည့် အင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင် ပျက်စီး ပျောက်ဆုံးသွားသဖြင့် မိတ္တူ ရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး အင်္ဂါဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း၊

(ဂ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်၍ဝန်ကြီးထံ တင်ပြခြင်း၊

(ဃ) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း တို့ကို စစ်ဆေးစေခြင်း။

အခန်း(၈)
စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၃။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို စစ်ဆေးနိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်း ရေပြင်နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါဖြင့် ချထားသော ငါးဖမ်းကွက်၊

(ခ) လုပ်ငန်း၏ အဌားဂရန် ၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများ။

၂၄။ ဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးများနှင့်စပ်လျဉ်း၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည်-

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးတို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့် အခြား လျှင်မြန်စွာ ပုပ်သိုးပျက်စီးစေနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး

ရောင်းချရငွေကို ဦးစီးဌာန၏ ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းခြင်း။

၂၅။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် အဌားဂရန် သို့မဟုတ် လိုင်စင်ကို ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြား ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ၊ လုံလောက်သော ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်

စေ၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဂ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဦးစီးဌာန၏ ရငွေအဖြစ် ဘဏ်တွင်ပေးသွင်း စေခြင်း၊

(စ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူက အခြားတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေး တွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံ တည်ထောင်ခွင့် လိုင်စင်ရရှိသူက အခြား တစ်ဦးတစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်ခွင့်လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း။

အခန်း(၉)
အယူခံခြင်း

၂၆။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးကချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း

၃၀ အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၇။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှရက်ပေါင်း ၆၀ အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၈။ (က) ဤဥပဒေအရ ပြည်နယ်ဦးစီးဌာနမှူးကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံအယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၉။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၀)
ပြန်အမ်းငွေလျှောက်ထားခြင်း

၃၀။ အောက်ပါ အချက် တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်၏ အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြား ခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၃၁။ ပုဒ်မ ၃၀ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၂။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၀ အရ လျှောက်ထားလာသည့် ကိစ္စမှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်ရထိုက်သော ပြန်အမ်းငွေပမာဏကို သတ်မှတ်ရန် ဝန်ကြီးထံတင်ပြရမည်။

၃၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်အမ်းငွေ ပမာဏကိုသတ်မှတ်ပေးရမည်။

၃၄။ ပုဒ်မ ၃၃ အရ သတ်မှတ်ပေးထားသည့် ပြန်အမ်းငွေပမာဏကို သက်ဆိုင်ရာဌာနက ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

အခန်း(၁၁)
တားမြစ်ချက်များ

၃၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် ငါးဖမ်းကိရိယာ လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၇။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် ထိုလိုင်စင်ကို အခြားတစ်ဦးတစ်ယောက် အား လွှဲပြောင်းခြင်းမပြုရ။

၃၈။ နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်း စက်ရုံ တည်ထောင်ခွင့်လိုင်စင် ရရှိသူသည် ထိုလိုင်စင်ကို အခြား တစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းမပြုရ။

၃၉။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါ တို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ ငါးဖမ်းခြင်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၄၀။ မည်သူမျှ အင်း လေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊တင်ဒါကြေး၊လိုင်စင်ခနှင့် ဒဏ်ကြေးတို့ကို နေ့ချင်းပြီး ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၁။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက်စသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကိုစိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုရ။

၄၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၄၃။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး၊ အခြား ရေသတ္တဝါတို့အား အနှောင့် အယှက်ဖြစ်စေရန် သို့မဟုတ် ရေထု ညစ်ညမ်းစေရန် မပြုရ။

၄၄။ မည်သူမျှ ဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝ အခြေအနေ ထိခိုက်စေရန်ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်များဆောက်လုပ်နေထိုင်ခြင်း။

၄၅။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့် အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏ အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၄၆။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းမပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့်ဘေးဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်းဆိုင်ရာစားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ် ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော လူတို့ စားသုံးရန် မသင့်သည့်ဆိုးဆေး၊ ယမ်းစိမ်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာစားသောက်ကုန်ပစ္စည်း။

၄၇။ ဤဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော မည်သည့် ဝန်ထမ်းမဆို -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်းမပြုရ၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့်သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်းမပြုရ။

အခန်း(၁၂)
ပြစ်ဒဏ်များ

၄၈။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျပ် တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သူမဆို ပုဒ်မ ၃၆ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျပ် ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၃၇၊၃၈၊၃၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ် ရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် နှစ်သိန်း

ထက်မပိုသော ငွေဒဏ်ဖြစ်စေ ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၃။ ပုဒ်မ ၄၇ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် မည်သည့်ဦးစီးဌာနဝန်ထမ်းမဆို ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၄။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကိုအားပေးကူညီသူသို့မဟုတ် ကျူးလွန်ရန်အားထုတ်သူ သို့မဟုတ် ပူးပေါင်းကြံစည်သူအား ယင်းပြစ်မှုကို ကျူးလွန်သူဖြစ်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည်။

၅၅။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

အခန်း(၁၃)

အထွေထွေ

၅၆။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်းသည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ၊ စာရွက်စာတမ်း အထောက်အထား၊ ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

(ခ) ဤဥပဒေအရ ဌာနက စီမံခန့်ခွဲရေး နည်းလမ်းဖြင့် သိမ်းဆည်းပြီးဖြစ်သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆို တင်ပို့သော ပြစ်မှုကို အစီရင်ခံစာ ပူးတွဲတင်ပြရမည်။ ထိုသို့ တင်ပြသည့် သက်သေခံပစ္စည်းကို သက်ဆိုင်ရာတရားရုံးက ထပ်မံစီမံခန့်ခွဲခြင်းမပြုရ။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၈။ ပုဒ်မ ၅၃ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆို ခြင်း ပြုရမည်။

၅၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရေးယူပိုင် သော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၆၀။ ဦးစီးဌာနမှူးသည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့ ၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၁။ ဤဥပဒေအရ ဌာနက ရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံရမည်။

၆၂။ ဦးစီးဌာနသည် ဂရန်အင်းနှင့်သီးသန့်အင်း နယ်နိမိတ်ပြ မြေပုံ များကို သက်ဆိုင်ရာ အစိုးရ ဌာနနှင့်ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၆၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၄။ဤဥပဒေသည် ၂၀၁၈ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၈ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁ ။)

၁၃၇၉ ခုနှစ် ၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂ တွင်

(က) ပုဒ်မခွဲ (ဂ)တွင်ပါရှိသော **"ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ)တွင်ပါရှိသော **"ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီး"** ဆိုသည့် စကားရပ်ကို **"ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ် သို့မဟုတ် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်။

(ဃ) ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲ(ဍ)တို့ကို ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ (ည)၊ ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲ(ဌ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(င) ပုဒ်မခွဲ (ဏ)ကို ပုဒ်မခွဲ (ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါ အတိုင်းအစားထိုးရမည်-

(ဃ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ကချင်ပြည်နယ်၏ကုန်းတွင်းနယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင်ကျက်စားခိုအောင်းပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အင်္ဂပ်ဂရုန်အင်း၊ သီးသန့်အင်း၊ ဘားမဲ့အင်း၊ ဘုံငါးဖမ်းအင်း၊ ရေလျှောင်ဆည်ကြီးများ၊ ကချင်ပြည်နယ်၊ နယ်မြေအတွင်းရှိရေပြင်များ၊ ကုန်းတွင်းရှိ ရေပြင်များ၊ ကျွန်းများပေါ်ရှိရေပြင်များ၊ လိပ်များ ဥချသည့်အသိုက်များ၊ ကျင်းများစသည်တို့လည်းပါဝင်သည်။

(စ) ပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ (ဏ)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ၎င်းပုဒ်မခွဲပါ **"ဂရုန်အင်း"** ဆိုသည့်စကားရပ်ကို **"အင်္ဂပ်ဂရုန်အင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ(ထ)ကို ပုဒ်မခွဲ(တ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(၈) ပုဒ်မခွဲ(တ)၏ အောက်တွင် ပုဒ်မခွဲ(ထ)နှင့်ပုဒ်မခွဲ(ဒ)တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(ထ) **ဘေးမဲ့အင်း** ဆိုသည်မှာ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်ရန် အလို့ငှာ ရေချိုငါးလုပ်ငန်းရေပြင်အတွင်း နယ်နိမိတ်သတ်မှတ်၍ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အမြဲတမ်းပိတ်ပင်တားမြစ်ထားသော ရေပြင် သို့မဟုတ် မည်သူမျှငါးဖမ်းဆီးခြင်း မပြုရန် သတ်မှတ်ထားသော ရေပြင်ကိုဆိုသည်။

(ဒ) **ဘုံငါးဖမ်းအင်း** ဆိုသည်မှာ ဦးစီးဌာနက အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းဟုသတ်မှတ်ထားသော နေရာဒေသမှ အပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင် ချထားရ၍ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဈ) ပုဒ်မခွဲ (ပ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

(ပ) **လိုင်စင်** ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နိုင်ရန် ဤဥပဒေအရဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ည) ပုဒ်မခွဲ (ဗ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဗ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းတစ်ရပ်ရပ်ကိုအချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်နေသူကို ဆိုသည်။

(ဌ) ပုဒ်မခွဲ(ဘ)အောက်တွင် ပုဒ်မခွဲ(မ)နှင့်(ယ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(မ) **ဒဏ်ကြေး** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသော အခွန်ငွေကို သတ်မှတ်ထားသည့် နေ့ရက်အတွင်းငါးလုပ်ငန်းလုပ်ကိုင်သူမှ ပေးဆောင်ရန် ပျက်ကွက်သဖြင့် ပျက်ကွက်ငွေတန်ဖိုး၏သင့်လျော်သောရာခိုင်နှုန်းကို ဒဏ်ကြေးငွေသတ်မှတ်၍ အပိုပေးသွင်းစေသောငွေကို ဆိုသည်။

(ယ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများအား မူလအခြေ အနေမှ တစ်နည်းနည်းဖြင့် ပြင်ဆင်ပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှတစ်ပါး ထုတ်လုပ်ဆောင်ရွက်သည့် အေးခဲခြင်း၊ ကြပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်စသည်တို့ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးကြေမှုန့်ပြုလုပ်ခြင်း၊ ငါးမှစားသောက်ကုန်နှင့်အခြားကုန်ပစ္စည်းများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

၃။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ခ)၏အောက်တွင် ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(ဂ) "ငါးမျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်"

(ခ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မခွဲ (ငဝ)တို့ကို ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(ငဝ) နှင့်ပုဒ်မခွဲ (စ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(ဂ) ပုဒ်မခွဲ (စ)အောက်တွင် ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ (ဈ)တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(ဆ) ပြည်နယ်တွင်းစားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(ဇ) ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းရှင်းစွာ ထုတ်လုပ်စေရန်၊

(ဈ) ငါးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာသတ်မှတ် ချက်များနှင့်အညီ ဖြစ်စေရန်။

၄။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၄ တွင်ပါရှိသော **"ဂရန်အင်း"** ဆိုသည့် စကားရပ်ကို **"အဓိကဂရန်အင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄ ၏နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၄-က။ သီးသန့်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဦးစီးဌာနက သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၆။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၅ တွင် ပါရှိသော **"ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းတစ်ခုခုတွင်"** ဆိုသည့် စကားရပ်ကို

"အင်္ဂါဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းမှအပ ဘုံငါးဖမ်းအင်းတစ်ခုခု တွင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့တွင် ပါရှိသော **"ဂရန်အင်း"** ဆိုသည့်စကားရပ်ကို **"အင်္ဂါဂရန်အင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၁၃ ၏နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၃-က။ နှစ်ရှည်အင်္ဂါဂရန်အင်း သို့မဟုတ် သီးသန့်အင်း အခွန်များကို သတ်မှတ်ထားသည့် နေ့ရက်အတွင်း ဦးစီးဌာနသို့ ပေးသွင်း ရမည်။ အခွန်ပေးသွင်းရန် ပျက်ကွက်သူသည် ပေးသွင်းရန် ရှိသော အခွန်များအပြင်သတ်မှတ်ထားသည့် ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။"

၉။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၆။ ငါးလုပ်ငန်းလုပ်ကိုင်သူသည် ဌာနမှသတ်မှတ်ထားသော အောက်ပါ အခွန်အခများကို လက်ငင်းငွေချေစနစ်ဖြင့် အရစ်ကျအပြေအကျေ ပေးဆောင်ရမည်-

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့် လိုင်စင်ခ၊

(ခ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့် လိုင်စင်ခ၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကြေး။

၁၀။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(စ) တို့ကို အောက်ပါအတိုင်းအစားထိုး၍ ပုဒ်မခွဲ (ဆ)၏အောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် ဖြည့်စွက်ရမည်-

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ဝန်ကြီးသည် အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် ဘုံငါးဖမ်းအင်းအမျိုးအစားများကို ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း"

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(စ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အငှားဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း"

(ဂ) ပုဒ်မခွဲ(ဆ)၏အောက်တွင် ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဇ) ပုဂ္ဂလိကအကျိုးထက် အခြေခံရေလုပ်သားအများစု၏ အကျိုးကို ရှေ့ရှု၍သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။"

၁၁။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၀ ၏ နောက်တွင် ပုဒ်မ ၂၀-က နှင့် ၂၀-ခ အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၂၀-က။ ဝန်ကြီးသည် သီးသန့်အင်း သို့မဟုတ် နှစ်ရှည်အငှားဂရန်အင်း လုပ်ပိုင်ခွင့်ကို ခွင့်ပြုနိုင်သည်-

၂၀-ခ ။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို နိုင်ငံခြားငွေဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၂။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ (က)တွင်ပါရှိသော **"ကြီးကြပ်ခြင်း"** ဆိုသည့် စကားရပ်၏ နောက်တွင် **"ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (ဂ)တွင် ပါရှိသော **"လိုင်စင်သက်တမ်း"**၏ ရှေ့တွင် **"အငှားဂရန်သက်တမ်း"** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ(ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဂ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ-၁)။ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် ဘုံငါးဖမ်းအင်းအမျိုးအစားကို ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်ရန် ဝန်ကြီးထံတင်ပြခြင်း။

(ဃ) ပုဒ်မခွဲ (ဃ)တွင် ပါရှိသော **ဦးစီးဌာနမှူး** ဆိုသည့် စကားရပ်ကို **"ခရိုင်၊ မြို့နယ်၊ ဦးစီးဌာနမှူးများ"** ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၃။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော **"တင်ဒါလိုင်စင်"** ဆိုသည့် စကားရပ်ကို **"လိုင်စင်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ဦးစီးဌာနမှူးသည် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် အညီ အောက်ပါတို့ကို စစ်ဆေးနိုင်သည်-

(က) မိမိတာဝန်ခံရသော ငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးခံရသော အခြားငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် အဍားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ ဘုံငါးဖမ်းအင်း၊ တင်ဒါချက် အပါအဝင် မည်သည့်ငါးလုပ်ငန်းမဆိုဝရမ်းမပါဘဲ ရုပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အဍားဂရန်၊ လိုင်စင်အပါအဝင်လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလိုမေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

၁၅။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၄။ (က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ကိစ္စတွင်အကျုံးဝင်သော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်း

ကိရိယာများ၊ ငါးများနှင့်တကွတွေ့ရှိသော သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့်အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းရငွေကို သက်သေခံငွေအဖြစ် သိမ်းဆည်းပြီး စစ်ဆေးမှုပြီးဆုံး၍ ပြစ်မှုမြောက်ပါက ဦးစီးဌာန၏ရငွေအဖြစ် ဘဏ်တွင်းပေးသွင်းရခြင်း။

(ဂ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် ကိစ္စတွင်တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်ခြင်း၊

၁၆။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ(ခ) ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဂ)တွင် ပါရှိသော **"ရောင်းရငွေနှင့်"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၇။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၅ ၏ နောက်တွင် ပုဒ်မ ၂၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၂၅-က။ ဦးစီးဌာနက အောက်ပါအကြောင်းတစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိသည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည်ဟု မှတ်ယူရမည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် သဘာဝဘေးအန္တရာယ်များမှအပ ငါးလုပ်ငန်းကိုလုပ်ကိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိခြင်း၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိထားသော အင်္ဂါးဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(ဂ) ခွင့်ပြုသည့်ကာလ ကုန်ဆုံးခြင်း၊

(ဃ) အင်္ဂါးဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း။

၁၈။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့၊ သယံဇာတများအား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ပျက်စီးစေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုရ။

၁၉။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၄၄ တွင်ပါရှိသော **"ဂရန်အင်း သို့မဟုတ် ဂရန်အင်း"** ဆိုသည့်စကားရပ်ကို **"အင်္ဂါးဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ဘုံငါးဖမ်းအင်း"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ တွင်ပါရှိသော **"ဂရန်အင်း၊ သီးသန့်အင်းနှင့်"** ဆိုသည့် စကားရပ်ကို **"အင်္ဂါးဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ဘုံငါးဖမ်းအင်း"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ(ခ) **"ဆိုးဆေး၊ ယမ်းစိမ်း"** ဆိုသည့် စကားရပ်၏ နောက်တွင် **"တာရှည်ခံဆေး"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာခက်အောင်

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကယားပြည်နယ်အစိုးရအဖွဲ့

ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ် ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ၁၈)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်

ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေ

မာတိကာ

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁။	နိဒါန်း		၁
၂။	အခန်း(၁)	အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်	၁
၃။	အခန်း(၂)ရည်ရွယ်ချက်များ		၅
၄။	အခန်း(၃)	အငှားဂရန်၊ လိုင်စင်လျှောက်ခြင်း၊ ထုတ်ပေးခြင်း	၆
၅။	အခန်း(၄)	အခွန်အခပေးဆောင်ခြင်း	၇
၆။	အခန်း(၅)	ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ	၈
၇။	အခန်း(၆)	ဝန်ကြီး၏လုပ်ပိုင်ခွင့်များ	၉
၈။	အခန်း(၇)	ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၁၀
၉။	အခန်း(၈)	စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း	၁၁
၁၀။	အခန်း(၉)	အယူခံခြင်း	၁၃
၁၁။	အခန်း(၁၀)	ပြန်အမ်းငွေလျှောက်ထားခြင်း	၁၄
၁၂။	အခန်း(၁၁)	တားမြစ်ချက်များ	၁၅
၁၃။	အခန်း(၁၂)	ပြစ်ဒဏ်များ	၁၈
၁၄။	အခန်း(၁၃)	အထွေထွေ	၁၉

ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ၁၈)

၁၃၇၆ ခုနှစ်၊နတ်တော်လဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်း ငါးလုပ်ငန်းကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်နှင့် မျိုးထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်ရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ကယားပြည်နယ် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကယားပြည်နယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ကယားပြည်နယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးကိုဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ကယားပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ကယားပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ကိုဆိုသည်။

(ဆ) **ခရိုင်ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးကိုဆိုသည်။

(ဇ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်နှင့် ခရိုင်ဦးစီးဌာနမှူးများကို လည်းကောင်း၊ ပြည်နယ်ဦးစီးဌာနမှူးက စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်းဆိုသည်။

(စျ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံးယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်းပါဝင်သည်။

(ဋ္ဌ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မှူးမှေစေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဌ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆိုဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(ဎ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်အေးခဲသိုလှောင်ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(ဏ) **ပြုပြင်မွမ်းမံအလုပ်ရုံ၊စက်ရုံ**ဆိုသည်မှာ ရေထွက်ပစ္စည်းများကို ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ လုပ်ဆောင်သော အလုပ်ရုံ၊ စက်ရုံနှင့် သိုလှောင်ထိန်းသိမ်းသော အလုပ်ရုံ၊စက်ရုံကို ဆိုသည်။

(တ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ရေထွက်ပစ္စည်းများကို မူလအခြေအနေမှတစ်နည်းနည်းဖြင့်ပြင်ဆင်ပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ဆိုသည်။ယင်းစကားရပ်တွင်အေးခဲခြင်း၊ ကြပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ငါးကြေမှုန့် ပြုလုပ်ခြင်း၊စည်သွပ်ခြင်းနှင့် ငါးမှစားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ထ) **ရေရှုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ကယားပြည်နယ်၏ နယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများ နေထိုင်ကျက်စားခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီး၊ ရေလွှဲဆည်များ၊ အစိုးရအဖွဲ့၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများဥချသည့် အသိုက်များ၊ ကျင်းများ၊ လိပ်ဥကျွန်းများ စသည်တို့လည်း ပါဝင်သည်။

(ဒ) **ဂရန်အင်း** ဆိုသည်မှာ ဝန်ကြီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များ ထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဓ) **ကြေးတိုင်အင်း** ဆိုသည်မှာ ငါးသယံဇာတ ထိန်းသိမ်းရန် အလို့ငှာ အငှားဂရန်ကို နှစ်ရှည်ချထားသောအင်းကို ဆိုသည်။

(န) **သီးသန့်အင်း** ဆိုသည်မှာ ဝန်ကြီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(ပ) **ဘေးမဲ့အင်း**ဆိုသည်မှာ ငါးမပြုန်းတီးစေရန်နှင့် ငါးမျိုးများ ပေါက်ပွားကြီးပြင်းစေရန်အတွက် ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် ပိတ်ပင်တားမြစ်ထားသော ရေပြင်ကို ဆိုသည်။

(ဖ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းအဖြစ် သတ်မှတ်ထားသောနေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဗ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေပြင်တစ်ခုခုမှငါးဖမ်းခြင်းဖြင့် ရရှိသော ငါး၊ သက်ရှိရေသတ္တဝါများနှင့် ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ဖျံ၊ ဂဏန်း၊ ယောက်သွား၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(ဘ) **အဌားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့်ဂရန်ကို ဆိုသည်။

(မ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ပြည်နယ်ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် အအေးခန်းစက်ရုံနှင့် ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံတည်ထောင်လုပ်ကိုင်ရန် ဦးစီးဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ယ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အဌားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ရ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်း တစ်ရပ်ရပ်တွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်ရန် ခရိုင်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ထားသူကို ဆိုသည်။

(လ) **ပြန်အမ်းငွေ** ဆိုသည်မှာ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်နယ်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အဌားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးသယံဇာတများ လျော့နည်းပြုန်းတီးမှုမှ ကာကွယ်တားဆီးရန်၊

(ဂ) ငါးနေငါးထိုင်တောများနှင့် ၎င်းတို့၏ဂေဟစနစ်များ ပျက်စီးမှုမှ ကာကွယ်တားဆီးရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) ပြည်နယ်က ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်၊

(စ) တရားမဝင် ငါးလုပ်ငန်းများကို ကာကွယ်တားဆီးရန်၊

(ဆ) ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ရန်၊

(ဇ) ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ထုတ်လုပ်နိုင်စေရန်၊

(ဈ) ငါးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်း သတ်မှတ်ချက်များနှင့် အညီဖြစ်စေရန်။

အခန်း (၃)

အငှားဂရန်၊ လိုင်စင်လျှောက်ခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် လိုင်စင် ထုတ်ပေးရမည် -

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် နိုင်ငံခြားမတည်ငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။

၇။ ပြည်နယ်ဦးစီးမှူးသည် အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခြင်းနှင့် ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံတည်ထောင်လုပ်ကိုင်ခြင်းအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၈။ ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် လိုင်စင်ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုင်စင်ချထားခြင်း ပြုရမည်။

၉။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် လိုင်စင်ချထားသည့် ကိစ္စတို့တွင် ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် လိုင်စင်ချထားခြင်းပြုရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် လိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် ရေလုပ်သားများနှင့်ပတ်သက်၍ မှတ်ပုံတင်လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

အခန်း (၄)

အခွန်အခပေးဆောင်ခြင်း

၁၂။ ဂရန်အင်းလေးဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ လိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းအပြေအကျေပေးဆောင်ရမည်။

၁၃။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင် ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်း အပြေအကျေပေးဆောင်ရမည်။

၁၄။ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံတည်ထောင်လုပ်ကိုင်ခြင်းအတွက် သတ်မှတ်သော လိုင်စင်ကြေးနှင့် အခြားအခကြေးငွေများကို ပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်ချက်များနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်သည့် အခကြေးငွေများကို ပေးဆောင်ရမည်။

၁၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သောအခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၁၇။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများ အတွက် အခွန်အခ ပေးဆောင် ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) ပြည်နယ်အကျိုးငှာ ဆောင်ရွက်ရန်လိုအပ်သည့် ငါးသယ်ဇာတဖွံ့ဖြိုးရေးလုပ်ငန်း။

၁၈။ ငါးလုပ်ငန်းမှ ရရှိသော အခွန်အခများကို ဦးစီးဌာနငွေစာရင်းသို့ ပေးဆောင်ရမည်။

အခန်း (၅)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း အပြေအကျေ ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဤဥပဒေအရ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းသုတေသန လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် ရေလုပ်သားများနှင့် စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်လျှောက်ထားရမည်။

(င) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

(စ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကိုလည်း လိုက်နာရမည်။

(ဆ) ပြန်အမ်းငွေများကို ဥပဒေနှင့်အညီ ပြန်လည်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။

အခန်း (၆)

ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၀။ ဤဥပဒေအရ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံတည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုခြင်း၊

(ဂ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဃ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန် ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း၊

(စ) ဂရန်အင်း၊ ကြေးတိုင်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဇ) မည်သည့်ငါးလုပ်ငန်းကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့် ပြုခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ည) ဥပဒေနှင့်အညီ အခြားလိုအပ်သော အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

အခန်း (၇)

ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ ပြည်နယ်ဦးစီးဌာနမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အင်္ဂါဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(ဃ) ခရိုင်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(င) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၂။ ပြည်နယ်ဦးစီးဌာနမှူး၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူထားကြောင်းတွေ့ရှိလျှင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ယင်းအင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ခ) ဦးစီးဌာနကထုတ်ပေးသည့် အင်္ဂါဂရန် သို့မဟုတ် လိုင်စင် ပျက်စီးပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူကို သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အင်္ဂါဂရန် သို့မဟုတ် လိုင်စင်မိတ္တူကိုထုတ်ပေးခြင်း၊

(ဂ) ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကိုစိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ဃ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်းဆိုင်ရာ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်းတို့ကို စစ်ဆေးစေခြင်း၊

(င) ဦးစီးအရာရှိ တစ်ဦးဦးကိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးရန် စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း။

အခန်း (၈)

စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၃။ ခရိုင်ဦးစီးဌာနမှူးနှင့် စစ်ဆေးရေးမှူးတို့သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို စစ်ဆေးနိုင်သည် -

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်း၊ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံ စက်ရုံ၊ ရေပြင်နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ ကြေးတိုင်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း တင်ဒါဖြင့် ချထားသော ငါးဖမ်းကွက်၊

(ခ) လုပ်ငန်း၏အင်္ဂါဂရန်နှင့် လိုင်စင်အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများ။

၂၄။ ခရိုင်ဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးများနှင့် စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးတို့ကိုသိမ်းဆည်းခြင်း၊

(ခ) ငါးနှင့်အခြားလျှင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းချရငွေကို ရငွေအဖြစ် ဦးစီးဌာန၏ ငွေစာရင်းတွင် ပေးသွင်းခြင်း၊

(ဂ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း။

၂၅။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးများနှင့် အခြားပစ္စည်းများကို သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် ငါးများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်ငါးများကို သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ရငွေအဖြစ် ဦးစီးဌာနငွေစာရင်းတွင် ပေးသွင်းစေခြင်း၊

(စ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်းစစ်ဆေးတွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားတစ်ဦးတစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း။

အခန်း (၉)

အယူခံခြင်း

၂၆။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၇။ (က) ဤဥပဒေအရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၈။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း (၁၀)

ပြန်အမ်းငွေလျှောက်ထားခြင်း

၂၉။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်ထားနိုင်သည် -

(က) နိုင်ငံတော်နှင့် ပြည်နယ်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးလုပ်ငန်းလုပ်ကိုင်မှု ထိခိုက်နစ်နာခြင်း။

၃၀။ ပုဒ်မ ၂၉ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၁။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၂၉ အရ လျှောက်ထားလာသည့်ကိစ္စရပ်သည် မှန်ကန်ကြောင်း စိစစ်တွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်ရထိုက်သော ပြန်အမ်းငွေပမာဏကို သတ်မှတ်၍ ဝန်ကြီးထံ တင်ပြရမည်။

၃၂။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

၃၃။ ပုဒ်မ ၃၂ အရ သတ်မှတ်ပေးထားသည့် ပြန်အမ်းငွေပမာဏကို ဦးစီးဌာနက ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

အခန်း (၁၁)

တားမြစ်ချက်များ

၃၄။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အင်္ဂဝါရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း၊ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံစက်ရုံ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၃၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၃၆။ အင်္ဂဝါရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အဆိုပါ အင်္ဂဝါရန် သို့မဟုတ် လိုင်စင်ကို အခြားတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းမပြုရ။

၃၇။ နှစ်ရှည်အင်္ဂဝါရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံစက်ရုံ တည်ထောင်ခွင့်လိုင်စင်ရရှိသူသည် ထိုလိုင်စင်ကို အခြားတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းမပြုရ။

၃၈။ မည်သူမျှ ငါးသယ်ဧာတထိန်းသိမ်းထားသည့် ကြေးတိုင်အင်းနှင့် ဒေသငါးများမွေးမြူထားသည့် ငါးမျိုးချန်နေရာများတွင် ဝင်ရောက်ငါးဖမ်းဆီးခြင်း မပြုရ။

၃၉။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) သဘာဝသယံဇာတနှင့် ငါးနေငါးထိုင်တောများ၊ ယင်းတို့၏ ဂေဟစနစ်များကို ပျက်စီးစေတတ်သော ပစ္စည်းကိရိယာများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အဆိပ်အတောက်နှင့် ဓာတုပစ္စည်းများ အသုံးပြု၍ ငါးဖမ်းခြင်း၊ အန္တရာယ်ဖြစ်စေတတ်သောပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ အကျိုးဖျက်ဆီးခြင်းသို့မဟုတ် ယင်းပစ္စည်းများ လက်ဝယ်ထားရှိခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးအမျိုးအစား၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း၊

(င)ငါးများကို အနှောက်အယှက်ဖြစ်စေရန်၊ ရေထုညစ်ညမ်းစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုထိခိုက်စေရန် သက်ရှိ၊ သက်မဲ့သတ္တဝါကိုဖြစ်စေ၊ အရာဝတ္ထုတစ်ခုခုကို ဖြစ်စေ ရေထဲသို့စွန့်ပစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်တွင် စွန့်ပစ်ခြင်း၊

(စ) ရေထွက်ပစ္စည်းကို ပြုပြင်မွမ်းမံ၍ အစားအသောက်နှင့် ကုန်ချောထုတ်လုပ်သူများသည် တည်ဆဲဥပဒေများပါ အန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ ပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

(ဆ) ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သူသည် သဘာဝပတ်ဝန်းကျင်၊ ငါးနေငါးထိုင်ဂေဟစနစ်ကို ထိခိုက်စေသော ပြုလုပ်မှုဖြစ်ပေါ်စေခြင်း၊ ရေစီးရေလာပြောင်းလဲဟန့်တားခြင်း၊ ပြုပြင်ထုတ်လုပ်ရေးစက်ရုံ၊ အအေးခန်းစက်ရုံမှ ရေဆိုးနှင့် အညစ်အကြေး၊စွန့်ပစ်ဓာတုပစ္စည်းများကို ငါးမွေးမြူရေးရေပြင်သို့ စွန့်ထုတ်ခြင်း ။

၄၀။ မည်သူမျှ ဂရန်အင်း လေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် လိုင်စင်ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေတို့ကို နေ့ချင်းပြီးပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၁။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက် စသည်တို့ကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းဖြင့် ပိတ်ဆို့တားဆီးခြင်းမပြုရ။

၄၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၄၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးနှင့် အခြားရေသတ္တဝါတို့အား အနှောက်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

၄၄။ မည်သူမျှ ဂရန်အင်းအတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၄၅။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ ကြေးတိုင်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၄၆။ ဤဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော မည်သည့်ဝန်ထမ်းမဆို -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ထိန်ချန်ခြင်းမပြုရ၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း မရိုးမဖြောင့်သော သဘောဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်းမပြုရ။

အခန်း (၁၂)

ပြစ်ဒဏ်များ

၄၇။ မည်သူမဆို ပုဒ်မ ၃၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၃၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သူမဆို ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၀၊ ၄၁၊ ၄၂ ၊ ၄၃၊ ၄၄ နှင့် ၄၅ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၁။ ပုဒ်မ ၄၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် လုပ်ပိုင်ခွင့်ရှိသည့် မည်သည့်ဝန်ထမ်းမဆို ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၅၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

အခန်း (၁၃)

အထွေထွေ

၅၄။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်းသည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်း သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထား ကြောင်း အစီရင်ခံစာ၊ စာရွက်စာတမ်း၊ အထောက်အထား၊ ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြ သကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင် သည်။

(ခ) ဤဥပဒေအရ ဦးစီးဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်းပြီးဖြစ်သော ပြစ်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆိုတင်ပို့သောပြစ်မှု နှင့်စပ်လျဉ်းသည့် အစီရင်ခံစာ ပူးတွဲတင်ပြရမည်။ ထိုသို့တင်ပြသည့် သက်သေခံ ပစ္စည်းကိုသက်ဆိုင်ရာတရားရုံးက ထပ်မံစီမံခန့်ခွဲခြင်း မပြုရ။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကိစ္စ တစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း၊ တရားစွဲဆိုခြင်းမပြုရ။

၅၆။ ပုဒ်မ ၄၆ အရ လုပ်ပိုင်ခွင့်ရှိသော ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်ပါက သက်ဆိုင်ရာပြည်နယ်ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၅၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၈။ ပြည်နယ်နှင့် ခရိုင်ဦးစီးဌာနမှူးများသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာ တွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၅၉။ နယ်စပ်ဖြတ်ကျော်ရေထွက်ပစ္စည်းများ၊ပြည်ပပို့ကုန်ရေထွက်ပစ္စည်းများကို စံချိန်စံညွှန်းများ နှင့်အညီ စစ်ဆေးခံရမည်။ လိုအပ်ပါက ကျန်းမာကြောင်းလက်မှတ်(Health Certificate) ရယူရမည်။

၆၀။ ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေး များကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံ ရမည်။

၆၁။ ဦးစီးဌာနသည် ဂရန်အင်းနှင့်သီးသန့်အင်းတို့၏ နယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ အစိုးရဌာနနှင့်ညှိနှိုင်း၍ပြုစုထားရှိရမည်။

၆၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်ပါက အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ခင်မောင်ဦး

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့



ကရင်ပြည်နယ်လွှတ်တော်

ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်	၁
၂။	အခန်း(၂) ရည်ရွယ်ချက်များ	၃
၃။	အခန်း(၃) အဋ္ဌားဂရန်၊ လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း	၄
၄။	အခန်း(၄) အခွန်အခပေးဆောင်ခြင်း	၄
၅။	အခန်း(၅) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်	၅
၆။	အခန်း(၆) ပြည်နယ်ဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်	၆
၇။	အခန်း(၇) စစ်ဆေးခြင်းနှင့်အရေးယူခြင်း	၈
၈။	အခန်း(၈) အယူခံခြင်း	၉
၉။	အခန်း(၉) တားမြစ်ချက်များ	၉
၁၀။	အခန်း(၁၀) ပြစ်ဒဏ်များ	၁၀
၁၁။	အခန်း(၁၁) အထွေထွေ	၁၁

ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၁၈၈ ပွဲင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ကရင်ပြည်နယ်အတွင်း ရေချိုငါးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကရင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေဟု** ခေါ်တွင်စေရမည်။

၂။ ဤဥပဒေကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ဆိုက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဌာနဝန်ကြီးကိုဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနကိုဆိုသည်။

(င) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်ဦးစီးဌာနမှူးကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးစီးဌာနမှူး ကိုဆိုသည်။

(ဆ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်။

(၈) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်သက်ဆိုင်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ ငါးသားဖေါက်ခြင်း၊ ငါးမွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(၉) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(၁၀) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာကို ဆိုသည်၊ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(၁၁) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် စက်တပ်၊ စက်မဲ့ရေယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(၁၂) **ယာဉ်** ဆိုသည်မှာ ငါးလုပ်ငန်းများတွင် စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေ ရွှေ့လျားသွားလာအသုံးပြုသည့် ယာဉ်များကို ဆိုသည်။

(၁၃) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင် ကျက်စားခိုအောင်းပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံများ၊ ရေလွှဲဆည်များအပါအဝင် ပြည်နယ်အတွင်းရှိ ရေပြင်များကိုဆိုသည်။

(၁၄) **ဂရန်အင်း** ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(၁၅) **သီးသန့်အင်း** ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကိုဆိုသည်။

(ဃ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာမှအပ အခြားရေချို ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(င) **အဌားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက် ဤဥပဒေနှင့်အညီ နည်းလမ်းတကျထုတ်ပေးသည့် အဌားဂရန်ကိုဆိုသည်။

(စ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ဤဥပဒေနှင့်အညီ နည်းလမ်းတကျ ထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်။

(ဆ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ဤဥပဒေနှင့်အညီ နည်းလမ်းတကျ ထုတ်ပေးသည့် အဌားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကိုဆိုသည်။

(ဇ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ်တွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်သော ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့်လုပ်သားကိုဆိုသည်။

(ဈ) **လိုင်စင်ခ** ဆိုသည်မှာ ဤဥပဒေအရ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင် ခွင့်ပြုသည့်လိုင်စင်အတွက် ပေးဆောင်ရသည့် အခွန်အခကို ဆိုသည်။

(ည) **မှတ်ပုံတင်ကြေး** ဆိုသည်မှာ အဌားဂရန်၊ လိုင်စင်များနှင့် ရေလုပ်သားများအတွက် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကိုဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်း ရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ဒေသအတွင်း ငါးရိကွာ ဖူလုံစေရန်နှင့် ပိုလျှံလာသောငါးများကို နိုင်ငံခြားသို့တင်ပို့နိုင်စေရန်၊

(ဂ) အစိုးရအဖွဲ့က ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(ဃ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ စီမံခန့်ခွဲရန်နှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

အခန်း (၃)
အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၅။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် အငှားဂရန်ရရှိရေးအတွက် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရယူရမည်။

၆။ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရယူရမည်။

၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် ဂရန်ဂရန်နှင့် လိုင်စင်ထုတ်ပေးနိုင်သည် -

(က) နှစ်ရှည်အငှားဂရန်ချထားရန်လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် တည်ဆဲဥပဒေနှင့်အညီ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန်လျှောက်ထားခြင်း။

၈။ ပြည်နယ်ဦးစီးဌာနမှူးသည် ပြည်နယ်ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် ဂရန်အင်းလေလံတင် မဲရေးမဲမြှင်းနှင့် အငှားဂရန်ထုတ်ပေးခြင်း၊ တင်ဒါလိုင်စင်ချထားခြင်းနှင့် တင်ဒါလိုင်စင် ထုတ်ပေး မြှင်းဂရန်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ပြည်နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင် ချထားသည့်ကိစ္စတို့မှအပ ရေချိုငါး လုပ်ကိုင်ရေးဆိုင်ရာ ရေပြင်တစ်ခုခုတွင် ဦးစီးဌာနကခွင့်ပြုထားသော ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလုပ်ကြောင်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားလာလျှင် ငါးဖမ်း လုပ်ငန်းလိုင်စင်ကိုထုတ်ပေးနိုင်သည်။

အခန်း (၄)
အခွန်အခ ပေးဆောင်ခြင်း

၁၀။ ဂရန်အင်း လုပ်ကိုင်ခွင့်ရရှိသူသည် အင်းခွန်နှင့် မှတ်ပုံတင်ကြေးတို့ကိုလည်းကောင်း၊ ငါးဖမ်းလိုင်စင် ချထားခြင်းခံရသူသည် တင်ဒါခ၊ လိုင်စင်ခနှင့် မှတ်ပုံတင်ကြေးတို့ကိုလည်းကောင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာလျက် လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး ပေးဆောင်ရမည်။

၁၀။ ပုဒ်မ ၉ ပါ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင် ကျပ်သို့ ပြုပြင် လိုင်စင်ခနှင့် မှတ်ပုံတင်ကြေးတို့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာရန်အပြင် လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၂။ နှစ်ရှည်အငှားဂရန် ရရှိသူသည် အင်းခွန် ၊ မှတ်ပုံတင်ကြေးနှင့် ပေးသွင်းရန် သတ်မှတ် ထားသည့် အခြားအခွန်အခများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၃။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့်ပေးသွင်းရန် သတ်မှတ်ထားသည့် အခြားအခွန်အခများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ် ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် ပေးသွင်းရန် သတ်မှတ်ထားသည့် အခြားအခွန်အခများကို နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၁၄။ ပန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် ဒေသန္တရအဆင့်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်း၊

(ခ) ပြည်နယ်အကျိုးငှာ ဆောင်ရွက်သောငါးလုပ်ငန်း။

အခန်း (၅)
ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်

၁၅။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် -

(က) အခွန်အခများကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များ၊ ဝန်ကြီးနှင့် ဦးစီးဌာနတို့က အခါအား လျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ဦးစီးဌာနမှတာဝန်ပေးအပ်သောငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) ပိုပိုလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားများကိုသာ ခန့်ထားလုပ်ကိုင်စေရမည်၊

(င) ပိုင်ဝင်းတကာ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(စ) လုပ်ငန်းဆိုင်ရာ စည်းမျဉ်းဥပဒေများကို လေးစားလိုက်နာရမည်။

၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အဌားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များ နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

အခန်း (၆)
ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၃။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ပေးခြင်း၊ နေရာပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း တို့ကို ဝန်ကြီး၏သဘောတူ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) လိုအပ်ပါက ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဂရန်အင်းတစ်ခုခုကို ဖေလဲဆွဲဝယ်ရရှိသူအား နှစ်အကန့်အသတ်ဖြင့် ဆက်လက်၍ အဌားဂရန် ချထားခြင်း၊

(ဃ) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အဌားဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(င) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ဧရိယာအမျိုးအစားကို ဝန်ကြီး၏သဘောတူ ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊ ပြင်ဆင် သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(စ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခ နှုန်းထားများကို ဝန်ကြီး၏ သဘော တူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဆ) တားမြစ်သည့် ငါးအမျိုးအစားနှင့်အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ နေရာဒေသနှင့် ငါးဖမ်းယူသည့် နည်းစနစ်တို့ကို သတ်မှတ်ပေးခြင်း၊

(ဇ) ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ညွှန်ကြားခြင်း၊

(ဈ) ပြင်းအိုင်ပြန်တမ်းမိတ္တူများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ဆောင်ရွက်ခြင်း၊

(ည) ဝန်ကြီးဌာန အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ထမ်းဆောင်ရွက်ခြင်း။

[illegible] ပြည်နယ်ဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အကျိုးငှာ လိုအပ်လျှင်လည်းကောင်း၊ အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သော နည်းလမ်းဖြင့် ရယူထားကြောင်းတွေ့ရှိလျှင်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်လည်းကောင်း၊ မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းသို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ဦးစီးဌာနက ထုတ်ပေးသောအငှားဂရန် သို့မဟုတ် လိုင်စင် ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးခြင်း။

[illegible] ပုဒ်မ[illegible]ပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် [illegible] ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း [illegible] နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးနှင့် အခြားသက်သေခံ ပစ္စည်းမျှ[illegible]ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်နှင့် ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူကို ဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သောဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို အစိုးရအဖွဲ့၏ဘဏ္ဍာငွေအဖြစ် ဘဏ်သို့ပေးသွင်းစေခြင်း။

[illegible] ပြည်နယ်ဦးစီးဌာနမှူးသည် အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအား ထုတ်ပေးထားသော [illegible] သို့မဟုတ် တင်ဒါလိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းပေးထားကြောင်း [illegible] ယင်းအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်ရုပ်သိမ်းရမည်။

[illegible] ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ငါးမျိုးပြုန်းတီးမှု ကာကွယ် [illegible] ငါးလုပ်ငန်းရေပြင် ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းများကို [illegible] ဆောင်ရွက်စေရန် စီမံဆောင်ရွက်ရမည်။

အခန်း (၇)
စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၂၂။ ပထမဆိုင်ရာ ဦးစီးဌာနမှူးများသည် အောက်ပါစစ်ဆေးအရေးယူခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာရေချိုငါးလုပ်ငန်း ရေပြင်တွင်ဖြစ်စေ၊ ပြည်နယ်ဦးစီးဌာနမှူးက သီးခြားတာဝန်ပေးအပ်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်(Tender Point)အပါအဝင် မည်သည့် ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရုပ်တန့်ခြင်း၊ ဝင်ရောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် ထိုသို့ဆောင်ရွက်မှုပြုသည့်ကိစ္စရပ်ကို ပြည်နယ်ဦးစီးဌာနမှူးထံသို့ချက်ချင်းအစီရင်ခံတင်ပြခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အင်္ဂါဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် အခြားစာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးနှင့်တကွ တွေ့ရှိသောသက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် ထိုသို့ဆောင်ရွက်မှုပြုသည့် ကိစ္စရပ်ကို ပြည်နယ်ဦးစီးဌာနမှူးထံသို့ချက်ချင်းအစီရင်ခံ တင်ပြခြင်း၊

(င) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား တရားစွဲဆိုရန် အရေးယူဆောင်ရွက်ခြင်း၊

(စ) ငါးနှင့်အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက်မှု ပြုသည့် ကိစ္စရပ်ကို ပြည်နယ်ဦးစီးဌာနမှူးထံသို့ ချက်ချင်းအစီရင်ခံတင်ပြခြင်း၊

အခန်း (၈)
အယူခံခြင်း

၂၁။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်နှင့်စပ်လျဉ်း၍ ဦးစီးဌာနမှူးများမှ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ဦးစီးဌာနမှူးများမှ ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) နှစ်ရှည်အငှားဂရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်သည့်ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဦးစီးဌာနမှူးမှ ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် ပုဒ်မခွဲ(ခ)အရ အယူခံမှုတွင် ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်တို့ကို မကျေနပ်ပါက ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်အား လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ဃ) ဝန်ကြီးသည် ပုဒ်မခွဲ (ဂ) အရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်ခဲ့သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၂။ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီး၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးသတ်ဆုံးဖြတ်ချက် ဖြစ်သည်။

အခန်း (၉)
တားမြစ်ချက်များ

၂၃။ ပုဒ်မ ၂၅ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း [illegible]

၂၄။ ပုဒ်မ ၂၅ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း ၊ လျှပ်စစ်ဓါတ်ဖြင့် [illegible] ငါးဖမ်းဆီးခြင်း သို့မဟုတ် ရေချိုငါးလုပ်ငန်းရေပြင်ကို ပျက်စီးစေခြင်း၊

(ခ) ကားမြစ်ထားသော ငါးဖမ်းနည်းနှင့် ငါးဖမ်းကိရိယာတို့ဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးအမျိုးအစားနှင့် ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၂၇။ မည်သူမျှ အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် မှတ်ပုံတင်ကြေးတို့ကို လက်ငင်းပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၈။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ဟျားပိုက် စသည့် အပိတ်အဆို့ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ မျဉ်းခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၂၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အဌားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၃၀။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၁။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သယံဇာတ ပစ္စည်းများကို နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၃၂။ မည်သူမျှ ဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ဂရန်အင်း၏ သဘာဝအခြေအနေထိခိုက်စေရန် သို့မဟုတ် ရေစီးရေလာ ပျက်ပြားစေရန်ပြုလုပ်ခြင်း၊

(ဂ) ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ သီးနှံစိုက်ပျိုးခြင်း။

၃၃။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ဆက်စပ်နေသည့် မမျှောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ မရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၃၄။ ဦးစီးဌာနမှူးသည် တာဝန်အရ ငါးလုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးနေစဉ် မည်သူမျှ ငါး၊ ငါးဖမ်း ကိရိယာ၊ အခြားပစ္စည်း၊ ငွေ စသည်တို့ကို ကွယ်ဝှက်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း မပြုလုပ်ရ။

အခန်း (၁၀)

ပြစ်ဒဏ်များ

၃၅။ မည်သူမဆို ပုဒ်မ ၂၅၊ ၂၇၊ ၂၈ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း [illegible] စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ်နှစ်သိန်း အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိ [illegible] သော်လည်းကောင်း ချမှတ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

[illegible] ပုဒ်မ ၂၆၊ ၂၉၊ ၃၀၊ ၃၄ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ်သုံးသိန်း အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ ပုဒ်သူပဆို ပုဒ်မ ၃၁၊ ၃၂၊ ၃၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း [illegible] စီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ် ကျပ်ငါးသိန်း အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ ပုဒ်သူပဆို ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် [illegible] သို့မဟုတ် ကျူးလွန်ရန်ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေအရ [illegible] ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၁၁)
အထွေထွေ

၃၉။ ပန်ကြီးသည် ပြည်နယ်အကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် နှင့်စပ်လျဉ်း၍ [illegible] သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် အသစ် သတ်မှတ်ခြင်း၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၄၀။ [illegible] ပြစ်မှုကစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှား စီရင်ခြင်း သို့မဟုတ် အပြီးအပြတ် လွှတ်ခြင်း [illegible] ဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေး စီရင်ခြင်းမပြုရဟု ပြစ်မှုဆိုင်ရာ [illegible] ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ စီမံခန့်ခွဲမှုနည်းလမ်း နှင့် [illegible] ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၁။ ပြစ်မှုကျူးလွန်သူသည် ဤဥပဒေအရ ပြစ်မှုကို တရားစွဲဆိုတင်ပို့ရာတွင် ယင်းပြစ်မှုနှင့်စပ်လျဉ်း၍ [illegible] ပြုလုပ်ပိုင်သော ငါး၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် တရားရုံးရှေ့မှောက်သို့ [illegible] ပေးပို့ရန် ပေးပို့ကူသော အခြားသက်သေခံပစ္စည်းများကို တရားရုံးရှေ့မှောက်သို့ တင်ပို့နိုင်ခြင်း [illegible] သက်သေခံပစ္စည်းများအား မည်သို့စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာ [illegible] ဆောင်ရွက်စာတမ်း အထောက်အထား တင်ပြ၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၇၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၁။ ဦးစီးဌာနမှူးများသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက [illegible] ရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၇၂။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမ [illegible] အရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၇၃။ ဤဥပဒေအရ ဦးစီးဌာနကရရန်ရှိသော ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခွန်အခများနှင့် [illegible] ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးများသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ [illegible] အရမကာက်ခံရမည်။

၇၄။ ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲနည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ [illegible] အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည် ဖြစ်မစရမည်။

၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဦးစီးဌာနသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ
ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ဇော်မင်း)
ဝန်ကြီးချုပ်
ကရင်ပြည်နယ်

ပြည်ထော်စုသမ္မတမြန်မာနိုင်ငံတော်

မကွေးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ

မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ
(၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်၊ ၄။)
(၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်)
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအဆင့်ဆင့်ကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသည့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ခရိုင်ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင်အတွင်းရှိ ငါးလုပ်ငန်း နှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ရသည့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဇ) **မြို့နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ မြို့နယ်အတွင်းရှိ ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသည့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဈ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော် လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားနေသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်ကို ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းစသည့်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ဆင်လုပ်ငန်းများလည်း ပါဝင်သည်။

(ဌ) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကို မဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်းပါဝင်သည်။

(ဍ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေမည်သည့်ရေယာဉ်ကို မဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(ဎ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်၊ စက်မဲ့ဖြစ်စေ မြေပေါ်တွင် ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကို မဆို ဆိုသည်။

(ဏ) **ပြုပြင်မွမ်းမံခြင်း**ဆိုသည်မှာ ငါးများအား နည်းအမျိုးမျိုး အသုံးပြု၍ မူလအခြေအနေမှ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှ တပါး ထုတ်လုပ်ဆောင်ရွက်သော ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ကြပ်တိုက်ခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(တ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်

ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများနေထိုင် ကျက်စားခိုအောင်းပေါက်ပွားကြီးပြင်ရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကား ရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့် ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ တိုင်း ဒေသကြီးအစိုးရဌာနတစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင် များစသည်တို့ပါဝင်သည်။

(ထ) **ဂရန်အင်း**ဆိုသည်မှာ ဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ဒ) **သီးသန့်အင်း**ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိ စေရန်နှင့် ငါးမျိုးပွားများစေရန် အလို့ငှာ ငါးလုပ်ငန်းလုပ် ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသည့် ရေပြင်ကိုဆိုသည်။

(ဓ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည် မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်း ဟု သတ်မှတ်ထား သော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ် ပြီး တင်ဒါလိုင်စင်ချထား၍ ဖြစ်စေ၊ အခြားနည်းလမ်းတစ် ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင် ကို ဆိုသည်။

(န) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခု မှ ရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်

ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများ ဆိုလိုသည်။

(ပ) **အင်္ဂါးဂရန်**ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အင်္ဂါးဂရန်ကို ဆိုသည်။

(ဖ) **နှစ်ရှည်အင်္ဂါးဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက နှစ်အကန့်အသတ်ဖြင့် ဆက်လက်၍ အင်္ဂါးဂရန်ချထားခြင်းကို ဆိုသည်။

(ဗ) **လိုင်စင်**ဆိုသည်မှာ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဘ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဌာနက ထုတ်ပေးသည့် အင်္ဂါးဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(မ) **ရေလုပ်သား** ဆိုသည်မှာ မည်သည့်ငါးလုပ်ငန်းတွင်မဆို အချိန်ပိုင်း၊ အချိန်ပြည့် လုပ်ကိုင်နိုင်ရန် ဌာနမှ ရေလုပ်သားမှတ်ပုံတင်ထုတ်ပေးထားသူကို ဆိုသည်။

(ယ) **ပြန်အမ်းငွေ** ဆိုသည်မှာ အင်္ဂါးဂရန် (သို့မဟုတ်) တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ တိုင်းဒေသကြီးအကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း (သို့မဟုတ်) ဖျက်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် (သို့မဟုတ်) အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါး

ထုတ်လုပ်မှုထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ (သို့မဟုတ်) တင်ဒါလိုင်စင်ချထားခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ရေချိုငါးလုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်ရန်၊

(ဃ) တိုင်းဒေသကြီးမှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်၊

အခန်း (၃)

အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းတစ်ခုခုတွင် အငှားဂရန်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ

ငါးဖမ်းကိရိယာလိုင်စင်ရယူခြင်းဖြင့် ဖြစ်စေ၊ တင်ဒါလိုင်စင် ရယူခြင်းဖြင့် ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ငါးပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများ နှင့် ညီညွတ်ပါက ငါးပြုပြင်မွမ်းမံခွင့်၊ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်း ခွင့်၊ သယ်ယူပို့ဆောင်ခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် အစိုး ရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးမှသာ လိုင်စင်ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုသည် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားခြင်း။

၉။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလတင်ရောင်းချခြင်းနှင့် တင် ဒါလိုင်စင်ချထားသည့်ကိစ္စတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အတည်ပြုချက်ရယူပြီး အငှား ဂရန်သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထား သည့်ကိစ္စတို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ် သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ် ငန်းတွင် ခန့်ထားအသုံးပြုမည့် လုပ်သားများနှင့် စပ်လျဉ်း၍ မှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ရေလုပ်သား မှတ်ပုံတင်ထုတ်ပေးနိုင်သည်။

အခန်း(၄)

အခွန်အခပေးဆောင်ခြင်း

၁၂။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ပေးသွင်းရမည့် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း၊ လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

၁၃။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

၁၄။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ အင်းခွန်နှင့်အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၅။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေနှင့် ပေးဆောင်ရမည်။

၁၆။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများပေးဆောင်ခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) နိုင်ငံတော်အကျိုးငှာ လိုအပ်သည့် ငါးလုပ်ငန်း။

အခန်း (၅)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနက သတ်မှတ်သည့်အတိုင်းပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြေငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဃ) ဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(င) မိမိလုပ်ငန်းတွင် ဌာနခွဲ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်ရမည်။

၁၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) အငှားဂရန် (သို့မဟုတ်) လိုင်စင်ပါစည်းကမ်းချက်များနှင့် အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

(ခ) ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်ခွင့်ရှိသည်။

အခန်း (၆)

တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၁၉။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ပညာပေးခြင်း။

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို ဝန်ကြီးဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း။

(ဂ) တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဝန်ကြီးဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း။

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူလိုက်နာရမည့် အင္ဂါးဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ဝန်ကြီးဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဆ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဝန်ကြီးဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဇ) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ခြင်း၊

(ဈ) ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်၍ ဝန်ကြီးထံ တင်ပြခြင်း။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူ၍ ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော

ငါးလုပ်ငန်းရေပြင်အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်မကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်သော်လည်းကောင်း၊ မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဝန်ကြီးထံ တင်ပြအတည်ပြုချက် ရယူ၍ ဆိုင်းငံခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဌာနက ထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက် ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးရန် ခွင့်ပြုခြင်း။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံခြင်း၊ ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြား သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူကို ဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ၊ လုံလောက်သော ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

၂၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းဆိုင်ရာ အစားအသောက်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်ထုတ်လုပ်ခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ ဌာနမှူး တစ်ဦးဦးကို ဖြစ်စေ၊ အမှုထမ်းတစ်ဦးဦးကို ဖြစ်စေ တာဝန်ပေးအပ်ဆောင်ရွက် စေနိုင်သည်။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြစေရန်အတွက် လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ငါးလုပ်ငန်းနှင့် ပတ်သက်သော အမိန့်ကြော်ငြာစာ၊ အမိန့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက်၊ တားမြစ်ချက်များကို ထုတ်ပြန်နိုင်သည်။

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) အဌားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသော အဌားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းပြုကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်းအဌားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုတ်သိမ်းရမည်၊

(ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ပေးထားသည့် နှစ်ရှည်အင်္ဂါးဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသည့် အင်္ဂါးဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦး တစ်ယောက်အား လွှဲပြောင်းကြောင်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး ယင်း နှစ်ရှည်အင်္ဂါးဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည် ရုတ်သိမ်းရမည်။

အခန်း(၇)
ပြန်အမ်းငွေလျှောက်ထားခြင်း

၂၅။ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အင်္ဂါးဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည်-

(က) တိုင်းဒေသကြီးအကျိုးငှာ အင်္ဂါးဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုတ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၆။ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၂၅ အရ လျှောက်ထားလာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၂၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၅ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း စိစစ်တွေ့ရှိလျှင် အင်္ဂေးဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော ပြန်အမ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံ တင်ပြရမည်။

၂၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေ ပမာဏကို ထုတ်ပေးရန် အတည်ပြုအဆုံးဖြတ်ပေးရမည်။

၂၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၈ အရ ပြန်အမ်းငွေ ထုတ်ပေးရန် အဆုံးအဖြတ်ရရှိပါက သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံပေးပို့၍ ခရိုင်ဦးစီးဌာနမှူးသည် ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အင်္ဂေးဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူအား ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရမည်။

အခန်း (၈)
ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း

၃၀။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်သည်-

(က) ခွင့်ပြုကာလကုန်ဆုံးခြင်း၊

(ခ) အင်္ဂေးဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ရုပ်သိမ်းခြင်း ခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနမှူးက စိစစ်တွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လိုၟ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

အခန်း (၉)
စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၃၁။ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင် ဖြစ်စေ၊ တိုင်းဒေသကြီးဦးစီးဌာနမှူးက သီးခြားတာဝန်ပေးအပ်ချက်အရ တိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင် ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရုပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ် သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် ဖောက်ဖျက်ကျူးလွန်သော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်း ကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံ ပစ္စည်းများကို သိမ်းဆည်းခြင်း၊

(င) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(စ) ငါးနှင့် အခြားလျှင် မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို ဘဏ်အပ်ငွေအဖြစ် ပေးသွင်းခြင်း။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သော ပြစ်မှုကို တရားစွဲဆိုတင်ပို့ရာတွင် ယင်းပြစ်မှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသော ငါးများ၊ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများနှင့် လက်တွေ့တွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန် မလွယ်ကူသော အခြားပစ္စည်းများကို သက်သေခပစ္စည်းအဖြစ် တင်ပြရန် မလိုဘဲ ယင်းပစ္စည်းများအား မည်သို့ စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့် သော်လည်းကောင်း၊ မှတ်တမ်းမှတ်ပုံ၊ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့်သော်လည်းကောင်း၊ တရားရုံးသို့ တင်ပြရမည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးက လက်ခံ၍ သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

အခန်း (၁၀)

အယူခံခြင်း

၃၃။ (က) မြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းကိရိယာ လိုင်စင်နှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံသို့ အယူခံနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က)အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပက်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ခရိုင်ဦးစီးဌာနမှူး ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အယူခံရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ထပ်မံ၍ အယူခံဝင်ခွင့်မရှိစေရ။

၃၄။ (က) ငါးဖမ်းကိရိယာလိုင်စင်မှအပ အငှားဂရန်၊ အခြား လိုင်စင်နှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က)အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ဝန်ကြီးထ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အယူခံရာတွင် ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုပြင်နိုင်သည်။ ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ထပ်မံ၍ အယူခံဝင်ခွင့် မရှိစေရ။

၃၅။ (က) နှစ်ရှည်အငှားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ် သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ်

ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အယူခံရာတွင် အစိုးရအဖွဲ့သည် ဝန်ကြီးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ အစိုးရအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ထပ်မံ၍ အယူခံဝင်ခွင့် မရှိစေရ။

အခန်း (၁၁)

တားမြစ်ချက်များ

၃၆။ မည်သူမျှ ဤဥပဒေအရ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၃၇။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြု၍ ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း

၃၈။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော

အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၉။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ ခွင့်ပြုချက် မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက် စသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၄၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၄၁။ မည်သူမျှ ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၂။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး၊ အခြား ရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောက်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၄၃။ မည်သူမျှ ဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေ ငါးထိုင်တောများ ပျက်စီးစေခြင်း၊ ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း

(ခ) ဂရန်အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း

(ဂ) သီးနှံစိုက်ပျိုးခြင်း

(ဃ) လူနေအိမ်အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်း။

၄၄။ မည်သူမှ ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်း

ကြောင်းများတွင် ဖြစ်စေ၊ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဦးစီးဌာနမှူးက ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် ငါး၊ ငါးဖမ်းကိရိယာ၊ အခြားပစ္စည်းနှင့် ငွေစသည်များကို ကွယ်ဝှက်ခြင်း သို့မဟုတ် ဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ စွန့်ပစ်ခြင်း မပြုလုပ်ရ။

၄၆။ မည်သူမျှ ရေလုပ်သားမှတ်ပုံတင်မရှိဘဲ ဤဥပဒေအရ လုပ်ကိုင်သော ငါးလုပ်ငန်းတစ်ခုခုတွင် ရေလုပ်သားအဖြစ် လုပ်ကိုင်ခြင်း မပြုရ။

၄၇။ မည်သူမှ အောက်ပါရေထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေး ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ် ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်း။

၄၈။ ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့်ပြည်သူ့ဝန်ထမ်းမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကိုဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

အခန်း (၁၂)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၉။ မည်သူမဆို ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် (၃၀၀၀၀၀/-) အထိဖြစ်စေ၊ ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၅ သို့မဟုတ် ပုဒ်မ ၄၇ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် (၂၀၀၀၀၀/-)အထိဖြစ်စေ၊ ထောင်ဒဏ် (၂)နှစ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ သို့မဟုတ် ပုဒ်မ ၄၆ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် (၁၀၀၀၀၀/-) အထိဖြစ်စေ ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၂။ မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၅၃။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန်

ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၅၄။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဘူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏ နှစ်ဆ အထိကျခံစေရမည်။

အခန်း(၁၃)
အထွေထွေ

၅၅။ ဤဥပဒေအရ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးဌာလိုအပ်လျှင် ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခြင်း။

(ခ) မည်သည့် အဌားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) အခြားလျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း

၅၆။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၇။ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃၊ ပုဒ်မခွဲ ၁ ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တရား ရုံးတစ်ရုံးရုံးက ဤဥပဒေအရ ချမှတ်ထားသော အမိန့်သည် တိုင်းဒေသကြီးဦးစီးဋ္ဌာနမှူး၏ ဤဥပဒေအရ အရေးယူဆောင်ရွက်ခြင်း အပေါ် ထိခိုက်မှုမရှိစေရ။

၅၉။ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဋ္ဌာနမှူးသည် မိမိတာဝန်နှင့် လုပ်ပိုင်ခွင့် များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ အကူ အညီကို တောင်းခံရယူနိုင်သည်။

၆၀။ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းကို အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဌာနကသာ ဆောင်ရွက်ခွင့်ရှိသည်။

၆၁။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ် အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်း ကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၂။ ပုဒ်မ ၅၂ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်း ပြုရမည်။

၆၃။ ယခင်ရေချိုငါးလုပ်ငန်းဥပဒေအရ ထုတ်ပြန်ထားသော ရေချိုငါးလုပ် ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြား ချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၆၄။ ဦးစီးဋ္ဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာနများနှင့် ညှိနှိုင်း၍ ပြုစုထားရှိ ရမည်။

၆၅။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရန်အတွက်-

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်း ကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ် ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်တို့ကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဘုန်းမော်ရွှေ
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးတိုင်းဒေသကြီး လွှတ်တော်

မန္တလေးတိုင်းဒေသကြီး

ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်- ၆)

၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်

မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆။)

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၂ ခုနှစ်၊ မတ် လ ၁၉ ရက်)

နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း ရေချိုငါးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်း ဒေသကြီးတစ်ဝန်းလုံး တွင်အာဏာတည် စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ဌာန** ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင် သို့မဟုတ် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဇ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော် လည်းကောင်း ၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော် လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ဥများ၊ သားလောင်း များ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(စျ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့် ပတ်သက်သောလုပ်ငန်းများကို စနစ်တကျ စီမံ ခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊

မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း လုပ်ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်။

(ဋ္ဌ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်း ကိရိယာကိုမဆို

ဆိုသည် ။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည် ။

(၄) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်း ရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(၅) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင် ရွေ့လျားသွားလာ နိုင်သည့် မည်သည့် ယာဉ်ကိုမဆို ဆိုသည်။

(၆) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ် နေစေရန် အေးခဲမှု စနစ်ဖြင့် ပြုပြင် အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(ဏ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တိုင်းဒေသကြီး၏နယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီ ရေတည်ရှိသည်ဖြစ်စေ၊ ငါးများ နေထိုင်ကျက်စားခိုအောင်း ပေါက်ပွားကြီးပြင်းရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရုန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်များ၊ တိုင်းဒေသကြီးအစိုးရ၏နယ်မြေအတွင်းရှိ ရေပြင်များ ပါဝင်သည်။

(တ) **ဂရုန်အင်း** ဆိုသည်မှာ ဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အဌားဂရုန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသောရေပြင်ကို ဆိုသည်။

(ထ) **သီးသန့်အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများ စေရန်အလို့ငှာ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထား သည့်ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်** ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသောနေရာဒေသမှအပ အခြားရေချို ငါးလုပ်ငန်းရေပြင်တွင်ငါးဖမ်းကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသောရေပြင်ကို ဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေပြင်တစ်ခုခုမှ ရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်း

များ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံ ထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့် ဥများ ၊ မိကျောင်းနှင့် ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(န) **အဌားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အဌား ဂရန်ကို ဆိုသည် ။

(ပ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ တိုင်းဒေသကြီး ရေချို့ငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ** ဆိုသည်မှာ ဌာနက ထုတ်ပေးသည့် အဌားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင် ရရှိသူကို ဆိုသည်။

(ဗ) **ပြန်အမ်းငွေ** ဆိုသည်မှာ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက် နစ်နာမှုရှိလျှင်ဖြစ်စေ၊ အဌားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့်အခွန်အခအနက်

လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီ အတွက် ပြန်လည်ရထိုက်သောအခွန်အခကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ် စောင့် ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်။

အခန်း(၃)

အဌားဂရန်၊ လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီစျေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါ လိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါစျေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်ရမည်။

၆။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ အအေးခန်းစက်ရုံ တည်ထောင် ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင် ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့် ညီညွတ်လျှင် ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်းတို့အတွက် လိုင်စင်ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လိုင်စင်ထုတ်ပေးရမည် -

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း၊

(ဂ) အအေးခန်းစက်ရုံ တည်ထောင်ခြင်း ။

၉။ ဂရန်အင်းလေးတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင်တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ လေလံတင်ရောင်းချခြင်းသို့မဟုတ်တင်ဒါလိုင်စင်ချထားခြင်း ပြုရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံ တင်ရောင်းချသည့် ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး၏အတည်ပြုချက်ဖြင့် အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် အဌားဂရန်နှင့်တင်ဒါလိုင်စင်ချ ထားသည့် ရေပြင်တို့မှအပ ရေချိုငါး လုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထား လာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြု မည့်လုပ်သားများနှင့် စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင်လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

အခန်း(၄)

အခွန်အခပေးဆောင်ခြင်း

၁၃။ ဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါ လိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း ၊ လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန် သွားပါက နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၄။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည်ပေးဆောင်ရန် လိုင်စင်ခကို လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါကနောက်တစ်ရက်တွင် အပြေအကျေပေးဆောင် ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၆။ အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခကို နိုင်ငံသား ဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင် သည့် ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီသို့မဟုတ်အဖွဲ့အစည်း တစ်ရပ်ရပ်

ဖြစ်ပါ ကပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်ပေးဆောင်ရမည်။

၁၈။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြု နိုင်သည် -

(က) ဌာန၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

အခန်း(၅)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) ပေးဆောင်ရန်ရှိသောအခွန်အခများကို ဌာနကသတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အဌားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဌာနကတာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ဌာန၌မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

အခန်း(၆)

တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အဋ္ဌာဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်၊ မှတ်ပုံတင်ကြေးနှင့်အခြားပေးဆောင်ရန်ရှိသော အခွန်အခ များကို သတ်မှတ်ပေးခြင်း၊

(ဆ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဝန်ကြီးက တာဝန်လွှဲအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ခြင်း။

၂၁။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ဂရန်အင်း၊ သီးသန့်အင်းသို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်း ရေပြင်အမျိုးအစား သတ်မှတ်ခြင်း ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင်သော် လည်းကောင်း၊ အငှားဂရန် သို့မဟုတ်လိုင်စင်ကို မမှန်ကန် သောနည်းလမ်း ဖြင့် ရယူထားကြောင်း၊ တွေ့ရှိလျှင်သော် လည်းကောင်း၊ လုံလောက်သောအကြောင်း ရှိလျှင်သော်လည်းကောင်း၊ မည်သည့် အငှားဂရန်

သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း ၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဌာနက ထုတ်ပေးထားသည့် အဌားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အဌားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း၊

(ဃ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ပေးခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးအား တာဝန်ပေး စစ်ဆေးစေခြင်း။

အခန်း(၇)

စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေး နည်းလမ်းဖြင့်အရေးယူခြင်း

၂၂။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါအတိုင်း စစ်ဆေးနိုင်သည် -

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင် နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့် ငါးလုပ်ငန်းကိုမဆို စစ်ဆေးခြင်း၊ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်း၏ အဌားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူ စစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

၂၃။ ဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးများနှင့် စပ်လျဉ်း၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ် ရပ်ရပ် ချမှတ်နိုင်သည် -

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင်အကျိုးဝင်သောပိုင်ရှင်မဲ့ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ယာဉ်၊ငါး တို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါး နှင့် အခြားလျှင်မြန်စွာ ပုပ်သိုးပျက်စီးစေနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းရငွေကိုဌာန၏ရငွေအဖြစ် ဘဏ်တွင်းပေးသွင်းခြင်း။

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည် -

(က) အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း၊ လိုက်နာရန် ပျက်ကွက်ခြင်းဖြစ်လျှင် အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ၊ လုံလောက်သော ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်းသို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေး ငွေပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့်ဒဏ်ကြေးငွေများကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းစေခြင်း၊

(စ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားသူတစ်ဦး တစ်ယောက်အား အငှားဂရန်သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည် ရုပ်သိမ်းခြင်း၊

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံတည်ထောင်ခွင့် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်ခွင့်

လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးခွင့်ပြုချက်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း ။

အခန်း(၈)

အယူခံခြင်း

၂၅။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှရက်ပေါင်း၃၀အတွင်း ခရိုင်ဦးစီးဌာန မှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၆။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၇။ (က) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သော အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၉)

ပြန်အမ်းငွေလျှောက်ထားခြင်း

၂၈။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်လျှင် အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ရရှိသူသည် သတ်မှတ်ထားသည့် လေလံများနှင့် အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည် -

(က) နိုင်ငံတော်၏ အကျိုးငှာ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဆိုင်းငံ့ခံရခြင်း သို့မဟုတ်ရုပ်သိမ်းခံရခြင်း ၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၉။ ပုဒ်မ ၂၈ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာခရိုင် ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ တိုင်းဒေသကြီး ဦးစီး ဌာနမှူးထံ တင်ပြရမည်။

၃၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၈ အရ လျှောက်ထားလာသည့်ကိစ္စ မှန်ကန်ကြောင်း၊စစ်ဆေးတွေ့ရှိလျှင် အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော ပြန်အမ်းငွေပမာဏကို သတ်မှတ်၍ ဝန်ကြီးထံ တင်ပြရမည်။

၃၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ် ပေးရမည်။

၃၂။ ပုဒ်မ ၃၁ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို သက်ဆိုင်ရာ ခရိုင်ဦးစီး ဌာနမှူးသည် ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည် ထုတ်ပေးရမည်။

အခန်း(၁၀)

တားမြစ်ချက်များ

၃၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၃၄။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကိုမပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့်ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသအတွင်း ငါးဖမ်းခြင်း။

၃၅။ မည်သူမျှ အင်းလေးဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက်ဌာန၏ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန် ၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နှေ့ချင်းပြီး ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၆။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက်စသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၃၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၈။ မည်သူမျှရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊

ပျက်စီးစေခြင်း သို့မဟုတ် ရေထု ညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၃၉။ မည်သူမျှ ဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝ အခြေအနေ ထိခိုက်စေရန်ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်များဆောက်လုပ် နေထိုင်ခြင်း။

၄၀။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့်ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများ တွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည်သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၄၁။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့်၊ ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်း ဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ် ဖြစ်စေရန်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအစရှိသည် တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

၄၂။ ဤဥပဒေအရ အပ်နှင်းထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့် ပြည်သူ့ဝန်ထမ်းမဆို အောက်ပါ တစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှု ကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့်ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

အခန်း(၁၁)

ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင် သည့်ကိစ္စဖြစ်ပါက တစ်နှစ်အထိထောင်ဒဏ် ဖြစ်စေ၊

ကျပ် နှစ်သောင်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ရမည်။

(ခ) အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၅ ၊ ၃၆ ၊ ၃၇ ၊ ၃၈ ၊ ၃၉ သို့မဟုတ် ၄၀ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ် နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ကိုဖြစ်စေ ချမှတ်ရမည်။

၄၇။ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြည်သူ့ဝန်ထမ်း တစ်ဦးဦး အား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သူမဆို ဤဥပဒေအရပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထား သည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၄၉။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း(၁၂)

အထွေထွေ

၅၀။ ဤဥပဒေအရ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း ၊

(ခ) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ်ပယ်ဖျက်ခြင်း၊

(ဂ) အခြားသင့်လျော်သည့် အမိန့် တစ်ရပ်ရပ်ချမှတ်ခြင်း။

၅၁။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်

သေခံပစ္စည်းကို တရားရုံးရှေ့ကို တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းအစီရင်ခံစာသို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာသက်ဆိုင်ရာ တရားရုံးကဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည် ။

(ခ) ဤဥပဒေအရ ဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်း ပြီးဖြစ်သောပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆို တင်ပို့သောပြစ်မှုတွင် အစီရင်ခံစာ ပူးတွဲတင်ပြရမည်။ ထိုသို့တင်ပြသည့် သက်သေခံပစ္စည်းကို သက်ဆိုင်ရာတရားရုံးက ထပ်မံ စီမံခန့်ခွဲခြင်းမပြုရ ။

၅၂။ ဤဥပဒေပါ ပြဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန် ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၃။ ပုဒ်မ ၄၇ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီး ဌာန၏ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၅၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများ အဖြစ်သတ်မှတ်သည်။

၅၅။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၅၆။ ဤဥပဒေအရ ဌာနက ရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၅၇။ ဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်းနယ်နိမိတ်ပြ မြေပုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အစိုးရဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၅၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကိုဝန်ကြီး၏ သဘောတူညီ ချက်ဖြင့်တိုင်းဒေသကြီးဦးစီးဌာနမှူးက ထုတ်ပြန်နိုင် သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ်လွှတ်တော်

မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄။)

၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်

မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	အခန်း (၁)	
	အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်	၁-၆
၃။	အခန်း (၂)	
	ရည်ရွယ်ချက်များ	၇
၄။	အခန်း (၃)	
	ကော်မတီဖွဲ့စည်းခြင်း	၇-၈
၅။	အခန်း (၄)	
	ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၈-၁၀
၆။	အခန်း (၅)	
	အင်္ဂါဂရန်၊ လိုင်စင် ထုတ်ပေးခြင်း	၁၁-၁၃
၇။	အခန်း (၆)	
	ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏	
	တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၁၄-၁၅
၈။	အခန်း (၇)	
	စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဖွဲ့၏တာဝန်များ	၁၅-၁၆
၉။	အခန်း (၈)	
	စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း	၁၇-၁၈
၁၀။	အခန်း (၉)	
	အယူခံခြင်း	၁၈-၁၉
၁၁။	အခန်း (၁၀)	
	ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း	၁၉-၂၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	အခန်း (၁၁) တားမြစ်ချက်များ	၂၀–၂၂
၁၃။	အခန်း (၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များ	၂၃–၂၄
၁၄။	အခန်း (၁၃) အထွေထွေ	၂၄–၂၅

မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ် လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို တာဝန်ယူစီမံခန့်ခွဲသော ဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို တာဝန်ယူစီမံခန့်ခွဲသော ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးကို ဆိုသည်၊

(ငါ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်၊

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ပြည်နယ် ငါးလုပ်ငန်းကော်မတီကို ဆိုသည်၊

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃၂ အရ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်၊

(ဈ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတွင်သော်လည်းကောင်း၊ ရေထဲတွင် နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်၊

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်စပ်လျဉ်းသော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးများအားဖမ်းခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်သွင်းခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း ၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း လုပ်ငန်းများလည်း ပါဝင်သည်၊

(၄) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း လုပ်ငန်းများအတွက် အထောက်အကူ ပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်းပါဝင်သည်၊

(၅) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့် ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်၊

(၆) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့် ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်း လုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များ လည်း ပါဝင်သည်၊

(၇) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရွှေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်၊

(၈) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားပေးသည့် စက်ရုံကို ဆိုသည်၊

(၉) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများအား နည်းအမျိုးမျိုး အသုံးပြု၍ မူလအခြေအနေမှ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှတစ်ပါး ထုတ်လုပ်အကောင်အထည်ဖော်သည့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ငါးကြပ်တိုက် လုပ်ငန်းများလည်း ပါဝင်သည်၊

(၁၀) **ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ကမ်းနီးငါးလုပ်ငန်းရေပြင်နှင့် ရေချိုငါး လုပ်ငန်းရေပြင်ကို ဆိုသည်၊

(ဒ) **ကမ်းနီးငါးလုပ်ငန်းရေငြင်** ဆိုသည်မှာ ပြည်နယ်ကမ်းရိုးတန်း ကမ်းခြေမှ ရေမိုင်(၁၀)မိုင်အတွင်း ငါးလုပ်ငန်း လုပ်ကိုင်နိုင်သော ရေငြင်ကို ဆိုသည်၊

(ဓ) **ရေချိုငါးလုပ်ငန်းရေငြင်** ဆိုသည်မှာ ပြည်နယ်ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ် အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည် ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင် ကျက်စားခိုအောင်း ပေါက်ပွားကြီးပြင်းရာ ရေငြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင် တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေငြင်၊ ရေလှောင်ဆည်ကြီးများ၊ ကုန်းတွင်းဒီရေရောက်ရာဒေသများ၊ လိပ်များနှင့် မိချောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ၊ ရေချိုနှင့် ရေငန်စပ်ဒေသ များ၊ ပင်လယ်နှင့် ဆက်စပ်သည့် မြစ်ဝချောင်းဝများ၌ အဝေ၏ တစ်ဘက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဘက်ကမ်း အစွန်ဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ကုန်းတွင်းပိုင်း ရေငြင်လည်း ပါဝင်သည်၊

(န) **ပူးပေါင်းစီမံခန့်ခွဲသည့်ရေငြင်** ဆိုသည်မှာ ဂေဟစနစ်များ ကောင်းမွန်စေပြီး ငါးသယံဇာတများ ရေရှည်တည်တံ့ပွားများစေရန်၊ ငါးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်နယ်ငါးလုပ်ငန်းကော်မတီက အမိန့် ကြော်ငြာစာ ထုတ်ပြန်ထားသော ရေငြင်ကို ဆိုသည်၊

(ပ) **အင်း** ဆိုသည်မှာ ဂရန်အင်း၊ သီးသန့်အင်းနှင့် ဘေးမဲ့အင်း တို့ကိုဆိုသည်၊

(ဖ) **ဂရန်အင်း** ဆိုသည်မှာ ကော်မတီက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းသတ်မှတ်ချက်များ ထားရှိ၍ အငှာဂရန်ဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေငြင်ကို ဆိုသည်၊

(ဇ) **သီးသန့်အင်း** ဆိုသည်မှာ ကော်မတီက ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင်သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်၊

(ဈ) **ဘေးမဲ့အင်း** ဆိုသည်မှာ သုတေသနလုပ်ငန်းမှအပ ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးများပွားများလာစေရန်အလို့ငှာ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို ပိတ်ပင်တားမြစ်ထားသည့်ရေပြင်ကို ဆိုသည်၊

(ည) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသောနေရာမှအပ ရေချိုငါးလုပ်ငန်းရေပြင်တွင်လိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော ရေပြင်ကို ဆိုသည်၊

(ဋ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ကမ်းနီးငါးလုပ်ငန်းရေပြင် သို့မဟုတ် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုမှ ရရှိသော ရေနေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့်ငါးနှင့်ရေသတ္တဝါများ၊ ရေတွင်ပေါက်သော အပင်များ၊သက်ရှိသက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့် ဥများ ၊ မိချောင်းနှင့် ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ရေမှော် များလည်းပါဝင်သည်၊

(ဌ) **အဌားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဦးစီးဌာနကထုတ်ပေးသည့် ဂရန် ကိုဆိုသည်၊

(လ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ငါးလုပ်ငန်းရေပြင် တစ်ခုခု တွင် ငါးလုပ်ငန်းများ လုပ်ကိုင်ရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။ ယင်းစကားရပ် တွင်တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ကမ်းနီးငါးဖမ်းလိုင်စင်၊ အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခွင့်လိုင်စင်နှင့် ငါးလုပ်ငန်း နှင့် သက်ဆိုင်သည့် လိုင်စင်တစ်မျိုးမျိုးလည်း ပါဝင်သည်၊

(ဝ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော် ၏ အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီ အတွက် ပြန်လည်ရထိုက်သော အခွန်အခကိုဆိုသည်၊

(သ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)တွင် ဖော်ပြထားသော ငါးလုပ်ငန်းလုပ်ကိုင်ရန် ကော်မတီ၏ အတည်ပြု ချက်ဖြင့် ဦးစီးဌာနမှ ထုတ်ပေးသည့် လုပ်ကိုင်ခွင့် ရရှိသူကိုဆိုသည်၊

(ဟ) **ရေလုပ်သား** ဆိုသည်မှာ ငါးဖမ်းလုပ်သား၊ ငါးပြုပြင်မွမ်းမံလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ ရေထွက်ပစ္စည်းများ စုဆောင်းသယ်ယူ ရောင်းဝယ်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သူများကို ဆိုသည်၊

(ဠ) **ရေလုပ်သားအစုအဖွဲ့** ဆိုသည်မှာပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက တရားဝင်အသိအမှတ်ပြုဖွဲ့စည်းထားသော ရေလုပ်သားအစုအဖွဲ့ကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်နိုင်ရန်နှင့် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်များပျက်ဆီးခြင်းမှကာကွယ်နိုင်ရန်၊

(ဂ) ငါးလုပ်ငန်းကို နိုင်ငံတော်သို့ အခွန်အခပေးဆောင်ခြင်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန်၊

(ဃ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်းပြုနိုင်ရန်၊

(င) ရေလုပ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်။

အခန်း(၃)

ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်ငါးလုပ်ငန်း ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ငါးလုပ်ငန်းဆိုင်ရာတာဝန်ခံဝန်ကြီး ဥက္ကဋ္ဌ
ပြည်နယ်အစိုးရအဖွဲ့၊

(ခ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

(ဂ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊

(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ဂ) ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင် ကိုယ်စားလှယ်(၂)ဦး၊

(စ) ခရိုင်ဦးစီးဌာနမှူး အဖွဲ့ဝင် မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊

(ဆ) ခရိုင်ဦးစီးဌာနမှူး အဖွဲ့ဝင် သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊

(ဇ) ပြည်နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန။

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း (၄)
ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခန့်နှုန်းထားများ သတ်မှတ်ခြင်း၊

(ဂ) ငါးဖမ်းအင်းများသတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(င) ကမ်းနီးငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) တားမြစ်သည့်ငါးအမျိုးအစား၊ အရွယ်အစားသတ်မှတ်ခြင်း၊

(ဆ) ငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်အလိုက် ငါးဖမ်းကိရိယာ အရွယ်အစား သတ်မှတ်ခြင်း၊

(ဇ) ငါးဖမ်းရာသီ၊ နေရာဒေသ၊ ငါးဖမ်းနည်းများ သတ်မှတ်ခြင်း၊

(စျ) ဘေးမဲ့အင်းများ၊ သီးသန့်အင်းများ၊ ငါးမျိုးထိန်းသိမ်းရန်အတွက် ပူးပေါင်းစီမံခန့်ခွဲသည့် ငါးလုပ်ငန်းရေပြင်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ည) လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) လိုင်စင်သက်တမ်း၊ အငှားဂရန်သက်တမ်းနှင့် လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဌ) အအေးခန်းစက်ရုံများ၊ရေထွက်ပစ္စည်းများနှင့်ငါးဒိုင်များကို စစ်ဆေးကြပ်မတ်ခြင်း၊

(ဍ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှူးများအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊

(ဎ) ဇီဝ မျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဏ) ပင်လယ်ကမ်းစပ် ဒီရေပင်များအောက်ရှိ ရေသတ္တဝါအားလုံး၏ မျိုးဥများ၊ မျိုးစေ့များ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ ရှင်သန်အောင်မြင်နိုင်ရန် ကာကွယ်စောင့်ရှောက်ခြင်း၊

(တ) အစိုးရအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(ထ) စစ်ဆေးရေးအဖွဲ့ကိုပြင်ဆင်ခြင်းနှင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။

၇။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ဖြင့် ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) ငါးမွေးမြူရေးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊

(ဂ) မည်သည့် အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဃ) ဂရန်အင်း ၊ သီးသန့်အင်း ၊ ဘေးမဲ့အင်းသတ်မှတ်ခြင်း ၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(င) လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်၊ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ ငါးဖမ်းကွက်အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ပျက်စီး၊ ပျောက်ဆုံးသွားသဖြင့်မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေခြင်း၊ အင်္ဂါဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးစေခြင်း၊

(ဆ) ပုဒ်မ ၂၈ အရ ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးခြင်း၊

(ဇ) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများ ရှာဖွေရယူသည့် အချိန်၊ ကာလ၊ ဒေသများကို ညှိနှိုင်းသတ်မှတ်ပေးခြင်း၊

(ဈ) ငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှုရေပြင်တွင် ပူးပေါင်းစီမံခန့်ခွဲမှု အစီအစဉ်အား နှစ်စဉ်ရေးဆွဲတင်ပြစေခြင်းနှင့် အစီရင်ခံတင်ပြစေခြင်း၊

(ည) ပူးပေါင်းစီမံခန့်ခွဲသည့် ရေလုပ်သားအစုအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း။

အခန်း (၅)
အင်္ဂါဂရန်၊ လိုင်စင် ထုတ်ပေးခြင်း

၈။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၉။ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း၊ ကမ်းနီးငါးလုပ်ငန်း ငါးဖမ်းကွက် တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါ လိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်း၍ လိုင်စင်ရယူခြင်း ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၀။ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ မွေးမြူခြင်း လုပ်ငန်းများကို လုပ်ကိုင်လိုသူသည် ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၁။ ကော်မတီသည် သတ်မှတ်သည့် နည်းလမ်းများနှင့် ကိုက်ညီပါက ရေထွက် ပစ္စည်း ပြုပြင်မွမ်းမံခွင့်၊ ရောင်းဝယ်ခွင့် ၊ စုဆောင်းခွင့်၊ သယ်ယူခွင့်၊ မွေးမြူခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၁၂။ ပုဒ်မ ၁၁ အရ လိုင်စင်ထုတ်ပေးရာတွင် ကော်မတီသည် ပြည်နယ်ဦးစီးဌာန မှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့်များလွှဲအပ်နိုင်သည်။

၁၃။ ပုဒ်မ ၇ ပုဒ်မခွဲ (က) အရ သတ်မှတ်ငါးဖမ်းကွက်များတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် အင်္ဂါဂရန်၊ လိုင်စင်ထုတ်ပေးခြင်းကို ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီး ဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများအား လွှဲအပ်နိုင်သည်။

၁၄။ ငါးဖမ်းကွက်အသစ်၊ စမ်းသပ်ငါးဖမ်းကွက်များ ဖော်ထုတ်ရန် လိုအပ်ပါက မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီ အတွင်းရေးမှူးထံ တင်ပြရမည်။

၁၅။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အငှားဂရန် နှစ်ရှည်သက်တမ်းတိုး လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၆။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဂရန်၊ လိုင်စင်၊ နှစ်စဉ်သက်တမ်းတိုးပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၁၇။ ကော်မတီသည် ပြည်နယ်ငါးလုပ်ငန်းရေပြင်တွင် ပြင်ပရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်ခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စမှ အပင်းလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့်ငါးဖမ်းခွင့် ခွင့်ပြုခြင်းကို ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၉။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူ ရေလုပ်သားများနှင့်စပ်လျဉ်း၍ မှတ်ပုံတင် လျှောက်ထားလာလျှင် စိစစ်ပြီး ထုတ်ပေးနိုင်သည်။

၂၀။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့်လေလံကြေး ဖြစ်သော အင်းခွန်ကိုလည်ကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခ တို့ကိုလည်ကောင်း သတ်မှတ်ရက်အတွင်း အပြေအကျေပေးဆောင်ရမည်။

၂၁။ ဂရန်အင်းမှအပ အခြားငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေ ပေးဆောင်ရမည်။

၂၂။ နှစ်ရှည်အငှားဂရန် ရရှိသူသည် ကော်မတီမှ သတ်မှတ်သည့် နည်းလမ်းအတိုင်း အင်းခွန်နှင့် ကျသင့်ငွေများကို ပေးဆောင်ရမည်။

၂၃။ ကမ်းနီးငါးလုပ်ငန်း လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန်၊ ရေလုပ်သား မှတ်ပုံတင်ကြေးများကို ကော်မတီမှ သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

၂၄။ ကော်မတီသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငါးလုပ်ငန်း သုတေသနပြုခြင်းအတွက် အခွန်အခ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၅။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အင်္ဂးဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ပြန်အမ်းငွေကို လျှောက်ထားနိုင်သည် -

(က) ပြည်နယ်၏ လိုအပ်ချက်အရ အင်္ဂးဂရမ် သို့မဟုတ် လိုင်စင်ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၆။ ပုဒ်မ ၂၅ အရ လျှောက်ထားလာလျှင် မြို့နယ်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၂၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၂၆ အရ တင်ပြလာခြင်းကို စစ်ဆေးပြီးရသင့်သော ပြန်အမ်းငွေ ပမာဏကို ကော်မတီထံ တင်ပြရမည်။

၂၈။ ကော်မတီသည် ပြန်အမ်းငွေထုတ်ပေးရန် အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရမည်။

၂၉။ ဦးစီးဌာနမှူးသည် ပုဒ်မ၂၈ အရ အတည်ပြုသည့် ပြန်အမ်းငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

အခန်း (၆)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ရေလုပ်သားအစုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ရေလုပ်သားအစုအဖွဲ့သည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ကော်မတီက သတ်မှတ်သည့် နည်းလမ်းအတိုင်းပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် လုပ်ကိုင်သည့် ရေလုပ်သားများကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ထားရှိရမည်၊

(င) ပြည်နယ်ကော်မတီက သတ်မှတ်ပေးထားသော တာဝန်၊လုပ်ပိုင်ခွင့်များနှင့်အညီ ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှု ရေပြင်အား ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးရမည်၊

(စ) ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှု ရေပြင်တွင် ပူးပေါင်းစီမံခန့်ခွဲမှု အစီအစဉ်အား နှစ်စဉ်ရေးဆွဲတင်ပြခြင်း၊ အစီရင်ခံစာ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဆ) ပြည်နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်၊ သတ်မှတ်ချက်များနှင့်အညီ ဤဥပဒေအရရေလုပ်သားအစုအဖွဲ့များသည် ပူပေါင်းစီမံခန့်ခွဲသည့် ရေပြင်အတွင်း စစ်ဆေးအရေးယူရာတွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၏ အကူအညီကို ရယူဆောင်ရွက်ရမည်။

၃၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အင်္ဂါဥရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များ နှင့်အညီ ငါးလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

အခန်း (၇)

စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့၏တာဝန်များ

၃၂။ ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည် -

(က) ဦးစီးဌာနမှူး အဖွဲ့ခေါင်းဆောင်
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊

(ခ) ဦးစီးဌာနမှူး အဖွဲ့ဝင်
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာန၊

(ဂ) ဦးစီးဌာနမှူး အဖွဲ့ဝင်
မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊

(ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်
အရာရှိကိုယ်စားလှယ်တစ်ဦး

(င) မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အဖွဲ့ဝင်
အရာရှိကိုယ်စားလှယ်တစ်ဦး၊

(စ) ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် သို့မဟုတ် အဖွဲ့ဝင်
ရေလုပ်သားအစုအဖွဲ့မှ
ကိုယ်စားလှယ်နှစ်ဦး၊

၃၃။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိမြို့နယ်အတွင်းရှိ ကမ်းနီးငါးလုပ်ငန်းရေပြင် သို့မဟုတ် ရေချို
ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်း ကိရိယာ

များနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ လိုင်စင်၊ တင်ဒါ လုပ်ကွက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) ငါးလုပ်ငန်းတွင်ထားရှိရန် သတ်မှတ်ထားသည့် စာရွက်စာတမ်း များကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်များအား သတ်မှတ် ထားသော ထုတ်လုပ်မှုစည်းကမ်းများနှင့်အညီ လိုက်နာဆောင် ရွက်ထုတ်လုပ်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊ ကျူးလွန် သူအား ဖမ်းဆီးခြင်း၊ တရားဆွဲဆိုခြင်း၊

(စ) လျှင်မြန်စွာ ပုပ်သိုး၊ ပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရရှိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဘဏ်ရှိဦးစီးဌာနမှ သတ်မှတ် အပ်ငွေစာရင်းသို့ ပေးသွင်းခြင်း၊

(ဆ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ် ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီသို့ အဆင့်ဆင့် တင်ပြအစီရင်ခံ ခြင်း၊

(ဇ) စစ်ဆေးရေးအဖွဲ့သည် မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ တွင် လိုအပ်ပါက အခြားသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား အကူအညီ တောင်းခံနိုင်ခြင်း၊ ပူပေါင်းဆောင်ရွက်နိုင်ခြင်း။

အခန်း(၈)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ ကော်မတီသည် စစ်ဆေးရေးအဖွဲ့၏တင်ပြချက်အရ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အောက်ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ် ချမှတ်နိုင်သည် –

(က) အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်ငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြား သက်သေခံပစ္စည်းများကို ထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူအားဖြစ်စေ၊ ပိုင်ရှင်အားဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ဒဏ်ကြေးငွေ ပေးဆောင်စေ၍ ပြန်လည်ရွေးယူခွင့်ပြုခြင်း။

၃၅။ ကော်မတီသည် ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)၊ (ဃ) အရ ရငွေများကို ဦးစီးဌာန ဘဏ်အပ်ငွေအဖြစ် ပေးသွင်းရမည်။

၃၆။ (က) စစ်ဆေးရေးအဖွဲ့သည် အင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူက ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးသို့လွှဲပြောင်းလုပ်ကိုင်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ရုပ်သိမ်းရန် ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ အဆင့်ဆင့် တင်ပြရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရတင်ပြလာခြင်းကို မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိပါက ယင်းအင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်ရုပ်သိမ်းရမည်။

အခန်း (၉)
အယူခံခြင်း

၃၇။ (က) ပုဒ်မ ၁၂၊ ၁၃၊ ၁၈ အရ ခွင့်ပြုသည့် လိုင်စင်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း ခရိုင်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးကချမှတ်သည့်အမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊

(ဂ) ပုဒ်မ ၁၂၊ ၁၃၊ ၃၇၊ ပုဒ်မခွဲ (ခ) အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(ဂ)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(c) ပုဒ်မ ၁၂၊ ၁၃၊ ၃၇ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ကော်မတီထံ အယူခံဝင်နိုင်သည်၊

(စ) ကော်မတီသည် ပုဒ်မခွဲ(c)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၃၈။ ပုဒ်မ ၃၄၊ ၃၆ ပုဒ်မခွဲ (ခ)၊ ၃၇ ပုဒ်မခွဲ (စ) တို့အရ ကော်မတီက ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၃၉။ အစိုးရအဖွဲ့သည် ပုဒ်မ ၃၈ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း (၁၀)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း

၄၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ (သို့မဟုတ်) ရေလုပ်သားအစုအဖွဲ့သည် အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည် –

(က) အင်္ဂါဂရန်၊ လိုင်စင် ခွင့်ပြုသက်တမ်းကာလ ကုန်ဆုံးခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးထားသော အင်္ဂါဂရန်၊ လိုင်စင်ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် မသင့်ကြောင်း စစ်ဆေး တွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

(င) ပူးပေါင်းစီမံခန့်ခွဲမှုရေပြင်အား ဥပဒေနှင့်အညီ ဆောင်ရွက်ရန် တာဝန်ပျက်ကွက်ခြင်း၊

(စ) ပူးပေါင်းစီမံခန့်ခွဲမှုရေပြင်အတွင်း ကြီးမားသော အငြင်းပွားမှုနှင့် ရေလုပ်သားများအကြား ပဋိပက္ခမှုများ ဖြစ်ပွားခြင်း။

အခန်း (၁၁)
တားမြစ်ချက်များ

၄၁။ မည်သူမျှ –

(က) ငါးဖမ်းကိရိယာ လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၂။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ –

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်း နှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားများကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသများတွင်ငါးဖမ်းခြင်း၊

(ဂ) ဧဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးအတွက် တားမြစ်ထားသော နေရာ၊ ဒေသအတွင်း ရှာဖွေရယူခြင်း၊ ပျက်စီးစေခြင်း၊

(စ) လူနေအိမ်များဆောက်လုပ်နေထိုင်ခြင်း။

၄၃။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ခွင့်ပြုချက်မရှိဘဲ ဆည်၊ တမံ၊ ယင်းစသည့် အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၄၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမျှ အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက် တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၆။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၄၇။ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ်နှင့် အင်းကို ထိခိုက်ပျက်စီးစေနိုင်သော ဆက်စပ်ဧရိယာအတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေ ငါးထိုင်တောများပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း။

၄၈။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေအမျိုးအစား၊ ရေထုထည် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုရ။

၄၉။ မည်သူမျှ စစ်ဆေးရေးအဖွဲ့က ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် ငါး၊ ငါးဖမ်းကိရိယာများကို ကွယ်ဝှက်ခြင်း သို့မဟုတ် စစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ စွန့်ပစ်ခြင်း မပြုရ။

၅၀။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန် ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့် သို့မဟုတ် ဘေးဥပါဒ် အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေ နိုင်သည့် ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝဖြစ်ဝတ္ထု သို့မဟုတ် အရည်အသွေး တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ထိခိုက်စေသည့် သို့မဟုတ် ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် လူတို့ စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း၊ အခြားပစ္စည်းတို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက် ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

၅၁။ ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးသူ မည်သူမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားလူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊ ပြစ်မှု ကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ အလွဲသုံးစား ပြုခြင်း။

အခန်း (၁၂)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၂။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား -

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲငါးလုပ်ငန်းလုပ်ကိုင်ပါက ထောင်ဒဏ် (၆)လ အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း) အထိ ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ပါက ထောင်ဒဏ် (၂)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇ နှင့် ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၆)လ အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၄၉ နှင့် ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ မည်သူမဆို ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၁)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဘူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏နှစ်ဆ အထိ ကျခံစေရမည်။

အခန်း(၁၃)
အထွေထွေ

၅၈။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းများကို တရားရုံးသို့တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ စီမံခန့်ခွဲထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ အဓိန့်ချမှတ်နိုင်သည်။

၅၉။ ဤဥပဒေအရ အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သူတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၆၀။ ပုဒ်မ ၅၆ အရ တရားစွဲဆိုရန်အတွက် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၆၁။ ဤဥပဒေအရ အရေးယူသောပြစ်မှုအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၂။ ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးငွေများကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၃။ ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်းနှင့် ဘေးမဲ့အင်း နယ်နိမိတ်ပြ မြေပုံများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပြုစုထားရှိရမည်။

၆၄။ ဤဥပဒေပါပြဌာန်းချက်များ အကောင်အထည်ဖော်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ
ကျွန်ုပ်လက်မှတ်ရေးထိုးသည်

(ပုံ) အုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရဲစိုင်ပြည်နယ်လွှတ်တော်



ရဲစိုင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်

မာတိကာ

စဉ်		အကြောင်းအရာ	စာမျက်နှာ
		နိဒါန်း	
၁။	အခန်း(၁)	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	၁
၂။	အခန်း(၂)	ရည်ရွယ်ချက်များ	၉
၃။	အခန်း(၃)	အဘားဂရမ်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၀
၄။	အခန်း(၄)	အခွန်အခပေးဆောင်ခြင်း	၁၂
၅။	အခန်း(၅)	ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ	၁၃
၆။	အခန်း(၆)	ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်း	၁၇
၇။	အခန်း(၇)	ပြည်နယ်ဦးစီးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၂၀
၈။	အခန်း(၈)	ဝန်ကြီး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၂၄
၉။	အခန်း(၉)	ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း	၂၆
၁၀။	အခန်း(၁၀)	ပြန်အမ်းငွေလျှောက်ထားခြင်း	၂၈
၁၁။	အခန်း(၁၁)	စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း	၂၈
၁၂။	အခန်း(၁၂)	အယူခံခြင်း	၂၉
၁၃။	အခန်း(၁၃)	တားမြစ်ချက်များ	၃၀
၁၄။	အခန်း(၁၄)	ပြစ်ဒဏ်များ	၃၁
၁၅။	အခန်း(၁၅)	အထွေထွေ	၃၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရခိုင်ပြည်နယ်လွှတ်တော်

ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၅ ။)

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

နိဒါန်း

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း ရေချိုငါးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ပြည်နယ် ဆိုသည်မှာ ရခိုင်ပြည်နယ်ကိုဆိုသည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့ ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ကိုဆိုသည်၊

(ဂ) ဝန်ကြီး ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနဝန်ကြီးကိုဆိုသည်၊

(ဃ) ဝန်ကြီးဌာန ဆိုသည်မှာပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာနကိုဆိုသည်၊

(င) ဦးစီးဌာန ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ရေချိုငါးလုပ်ငန်း နှင့်သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက် ရသည့်ငါးလုပ်ငန်းဦးစီးဌာနကိုဆိုသည်၊

(စ) ဦးစီးဌာနမှူး ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကိုဆိုသည်၊

(ဆ) ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့ ဆိုသည်မှာ ရပ်ရွာ အတွင်း ငါးလုပ်ငန်း လုပ်ကိုင်လိုသူများမှ စုဖွဲ့ထားသော အစုအဖွဲ့ကို ဆိုသည်၊

(ဇ) ကော်မတီ ဆိုသည်မှာ ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့များ၏ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဖွဲ့စည်း ထားသည့် ကော်မတီကိုဆိုသည်၊

(ဈ) ငါး ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော် လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော် လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားသည့်ရေသတ္တဝါ

အားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်၊

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကိုစနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင်ငါးများကို ဖမ်းဆီးခြင်း စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းစသည့်လုပ်ငန်းများလည်းပါဝင်သည်၊

(ဋ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများကိုဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းစသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင်ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းလည်းပါဝင်သည်၊

(ဌ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသောပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင်ငါးဖမ်းရာ၌အထောက်အကူပြုသောပစ္စည်းကိရိယာများလည်းပါဝင်သည်၊

(၃) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆိုဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်း လုပ်ကိုင်သည့်ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကိုအထောက်အကူပြုသည့်ယာဉ် များလည်းပါဝင်သည်၊

(၄) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှု စနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကိုဆိုသည်၊

(၅) **ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံ** ဆိုသည်မှာ ပြုပြင်မွမ်းမံခြင်း နှင့်သိုလှောင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်သောအလုပ်ရုံ၊ စက်ရုံကိုဆိုသည်၊

(၆) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများကို နည်းအမျိုးမျိုး အသုံးပြု၍ မူလအခြေအနေမှ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှတပါး ထုတ်လုပ်ဆောင်ရွက်သော ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ငါးစည်သွပ်ခြင်း၊ ကျပ်တိုက်ခြင်း၊ ငါးကြေမှုန့်ပြုလုပ်ခြင်း စသည့်လုပ်ငန်းများပါဝင်သည်၊

(၇) **ရေရှိုင်းလုပ်ငန်းရေပြင်** ဆိုသည်မှာ ပြည်နယ်ပင်လယ်

ကမ်းရိုးတန်းတလျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်း တွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင်၊ ကျက်စား၊ ခိုအောင်း၊ ပေါက်ပွား၊ကြီးပြင်းရာ ရေပြင်၊ ရေကန်၊ရေရိုး၊ မြစ်ချောင်း၊ အင်း၊ အိုင်တို့ကိုဆိုသည်။ပြည်နယ်အစိုးရနယ်မြေအတွင်းရှိ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသည့် ငါးလုပ်ငန်း ရေပြင်များ၊ ရေလှောင်ဆည်ကြီးများ၊ အစိုးရဌာန တစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိရေပြင်များ ၊လိပ် များနှင့်မိကျောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ ရေချို့ရေငန်စပ်ဒေသများ စသည်တို့လည်းပါဝင်သည်။ ထို့အပြင် ပင်လယ်နှင့်ဆက်စပ်သည့် မြစ်ဝမျာ၊ ချောင်းဝများ၌အဝေ၏ တစ်ဖက်ကမ်းအစွန်ဆုံးမှ အခြား တစ်ဖက်ကမ်းအစွန်ဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေကျရာဘက်ကုန်းတွင်းပိုင်းရေပြင်သည် ရေချို့ ငါးလုပ်ငန်းရေပြင်ဖြစ်သည်၊

(ဒ) ဘုံငါးဖမ်းကွက် ဆိုသည်မှာ ယင်းငါးဖမ်းကွက်အတွင်း သတ်မှတ်ထားသည့် ငါးဖမ်းကိရိယာအရေအတွက်နှင့် ငါးဖမ်းလုပ်ကိုင်နိုင်ရန် မည်သည့် ရေလုပ်သားကိုမဆို လိုင်စင်ထုတ်ပေးနိုင်သော ငါးဖမ်းကွက်ဖြစ်ပြီး ထိုသို့

ခွင့်ပြုနိုင်သည့် ငါးဖမ်းကိရိယာလိုင်စင်တွင် အသုံးပြုရ
မည့် ငါးဖမ်းကိရိယာအမျိုးအစား၊ ငါးဖမ်းယူရန်
နည်းလမ်းမှစ၍ စည်းကမ်းချက်များ၊ ကန့်သတ်ချက်
များဖော်ပြပြီးနောက် ငါးဖမ်း လုပ်ငန်း လုပ်ကိုင်ခွင့်ပြု
နိုင်သော ရေချိုငါးဖမ်းကွက်ကိုဆိုသည်၊

(ဓ) လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် ဆို
သည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့
အင်း၊ ကာကွယ်ထားသောအင်းအိုင်ဟု သတ်မှတ်ထား
သောနေရာဒေသမှအပ အခြား ရေချိုလုပ်ငန်း ရေပြင်
တွင်ငါးဖမ်းကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်
သတ်မှတ်ပြီး လိုင်စင်ချထား၍ဖြစ်စေ၊ အခြား
နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်
ခွင့်ပြုသော ရေပြင်ကိုဆိုသည်၊

(န) အင်းအိုင် ဆိုသည့် စကားရပ်တွင် အဌားချထားနိုင်
သော အင်း (သို့မဟုတ်) ဂရန်အင်း (leasable fishery)၊
သီးသန့်ချထားသည့်အင်း (Reserved fishery)၊
အများနှင့်ဆိုင်သော အင်း (open fishery)၊
ကာကွယ်တားမြစ်ထားသည့် အင်း (protected
fishery)၊ ဘေးမဲ့အင်း (natural protected re-
serve) တို့ကို ဆိုသည်၊

(ပ) လိုင်စင် ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ် ကိုင်နိုင်ရန်အတွက် ဤဥပဒေအရလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကိုဆိုသည်၊

(ဖ) အငှားဂရန် ဆိုသည်မှာ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနကထုတ်ပေးသည့် အငှားဂရန်ကိုဆိုသည်၊

(ဗ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ ဆိုသည်မှာ ဦးစီးဌာနကထုတ်ပေးသည့် အငှားဂရန်၊ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် ၊ အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခွင့်လိုင်စင်၊ ငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ရရှိသူနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအစုအဖွဲ့ကိုဆိုသည်၊

(ဘ) ရေလုပ်သား ဆိုသည်မှာ ငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ၊ ပါဝင်လုပ်ကိုင်နေသူကိုဆိုသည်။ ယင်းစကားရပ်တွင်ရေလုပ်သားငယ်၊ ရေလုပ်သားလတ်၊ ရေလုပ်သားကြီးများနှင့်ရေလုပ်သားအစုအဖွဲ့များပါဝင်သည်၊

(မ) တစ်နိုင်တစ်ပိုင်ရေလုပ်သား ဆိုသည်မှာ ဘုံငါးဖမ်းကွက်တွင်သက်ဆိုင်ရာ ဦးစီးဌာနမှ သတ်မှတ် ထားသော စည်းကမ်းချက်များနှင့်အညီ အခွန်လွတ်ကိရိယာဖြင့်

လုပ်ကိုင်သည့် ရေလုပ်သားကိုဆိုသည်၊

(ယ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ပြည်နယ်၏ရေချိုငါးလုပ်ငန်း ရေပြင်မှရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ ၊ ယင်းတို့မှ ပြုပြင်မွမ်းမံထုတ်လုပ်ထားသည့်ပစ္စည်းများ ၊ ဘေးထွက် နှင့် စွန့်ပစ်ပစ္စည်းများ၊ ဥများ၊ သားပေါက်များ၊ သား လောင်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ အပင် များ၊ သက်မဲ့ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ် တွင်ပက်ကျိ၊ မျှော့၊ လိပ်နှင့်ဥများ၊ မိကျောင်းနှင့်ဥများ၊ ကဏန်း၊ ကမာခွံ၊ ခရုခွံ၊ ပုစွန်ခွံ၊ ယောက်သွား၊ ကျောက်ပွင့်၊ ကျောက်ခက်၊ ရေညှိ၊ ရေမှော် စသည်များ လည်းပါဝင်သည်၊

(ရ) **အချိန်ကာလ** ဆိုသည်မှာ -

(၁) အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့်အချိန်၊ အင်းတစ်အင်းစီ၏ စည်းကမ်းချက်ပါ လုပ်ကိုင် ခွင့်ပြုသည့် အချိန်ကာလ ၊

(၂) ငါးရစ်၊ ငါးသန်များမပြုန်းတီးစေရန် စည်းကမ်း သတ်မှတ်၍ ဖမ်းဆီးခွင့်မပြုသည့်အချိန်ကာလ၊

(၃) တနိုင်တပိုင် ရေလုပ်သားများရှာစားခွင့်အတွက် ကြေးတိုင်အင်း၊သီးသန့်အင်းနှင့်ဘေးမဲ့အင်းများ မှအပ မည်သည့်ရေချိုငါးလုပ်ငန်းရေပြင်တွင်မဆို

ငါးရစ်၊ ငါးသန်တားမြစ်ထားသော ကာလမှလွဲ၍ ကျန်အချိန်များတွင် ဦးစီးဌာနက သတ်မှတ်ပေး ထားသော အခွန်လွတ်ကိရိယာများဖြင့် ရှာဖွေခွင့် ရှိသည့် ကာလကိုဆိုသည်၊

(လ) ပြန်အမ်းငွေ ဆိုသည်မှာ အတွားဂရန်အင်း လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ပြည်နယ်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်နှင့် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာလျှင်ဖြစ်စေ၊ အတွားဂရန် ရရှိသူ၊ လိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက်လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီ အတွက် ပြန်လည်ရထိုက်သည့် အခွန်အခကိုဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများနှင့်ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးသယ်ဓာတ နှင့် ငါးမျိုးပြုန်းတီးမှုမရှိစေရေး၊ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် ငါးနေငါးထိုင်

တောများနှင့် ၎င်းတို့၏ သဘာဝ ဂေဟစနစ်များ ပျက်စီးမှုမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ပြည်နယ်ကရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(ဃ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်းပြုနိုင်ရန်၊

(င) ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(စ) ရေထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေး ကောင်းမွန်ပြီးစားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရန်၊

(ဆ) တစ်နိုင်တစ်ပိုင်ရေလုပ်သားများ၏ စားဝတ်နေရေး အထောက်အကူ ပြုရန်၊

(ဇ) ငါးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဖြစ်စေရန်။

အခန်း(၃)

အဓိကရရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ လုပ်ငန်းလိုင်စင် ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်

ဆောင်ရွက်ရမည်။

၅။ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ပြည်နယ်ဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား သတ်မှတ်သည့် နည်းလမ်းများနှင့်အညီဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်။

၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အောက်ပါလိုင်စင်များကို ထုတ်ပေးရမည် -

(က) နှစ်ရှည်အဝှားဂရန်လျှောက်ထားခြင်း၊

(ခ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

(ဂ) ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခြင်း။

၈။ ခရိုင်ဦးစီးဌာနမှူးသည် လိုင်စင်ချထားသည့်ကိစ္စတွင် ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီး၏ခွင့်ပြုချက်ရယူရမည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ

ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးနိုင်သည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက မိမိလုပ်ငန်းတွင်ခန့်ထား အသုံးပြုမည့်လုပ်သားအတွက်ဖြစ်စေ၊ သတ်မှတ်ထား သည့် နည်းလမ်းများနှင့်အညီ ရေလုပ်သားများက မှတ်ပုံတင် လျှောက်ထားလာလျှင်ဖြစ်စေ၊ ရေလုပ်သား မှတ်ပုံတင် ထုတ်ပေးနိုင်သည်၊

(ဂ) မြစ်၊ ချောင်း၊ အင်း၊ အိုင်များအား ဘုံငါးဖမ်းကွက် များအဖြစ် ပြန်လည်လုပ်ပိုင်ခွင့် ရရှိရေးအတွက် လျှောက်ထား လာပါက ခရိုင်နှင့်ပြည်နယ် ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ထုတ်ပေးနိုင်သည်၊

(ဃ) ဘုံငါးဖမ်းကွက်များအား စည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ရေလုပ်သား အဖွဲ့များကို ဖွဲ့စည်း ခွင့်ပြုနိုင်သည်။

အခန်း(၄)

အခွန်အခကောက်ခံခြင်း

၁၀။ ရေရှိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သတ်မှတ်ထားသည့် အခွန် အခများကိုလက်ငင်းငွေချေစနစ်ဖြင့်နှေးချင်းပြီးအပြေအကျေပေးဆောင်ရမည်။

၁၁။ ရေရှိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ သည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို သတ်မှတ်ထားသည့် နည်းလမ်း

အတိုင်း ပေးဆောင်ရမည်။

၁၂။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့်အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၃။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဦးစီးဌာနက သတ်မှတ် သည့်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ အအေးခန်းစက်ရုံတည်ထောင်ခြင်း၊ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရမည့်အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၅။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) ပြည်နယ်အကျိုးငှာ လိုအပ်သည့် ငါးလုပ်ငန်း။

အခန်း(၅)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်

သည့်အတိုင်း ပေးဆောင်ရမည်၊

(ခ) အဌားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် ဦးစီးဌာနဌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကို သာ ခန့်ထားလုပ်ကိုင်ရမည်၊

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဌားဂရန် သို့မဟုတ်လိုင်စင်တွင် သတ်မှတ်ထားသည့် အတိုင်းစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့် ရှိသည်၊

(ခ) ပြန်အမ်းငွေ ထုတ်ပေးရန် လျှောက်ထားနိုင်သည်၊

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ၊ ငါးထုတ်လုပ်မှု ထိခိုက်နစ်နာလျှင် နှစ်အကန့်အသတ်ဖြင့်ဆက်လက်၍ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်။

အခန်း(၆)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်း

၁၈။ ရခိုင်ပြည်နယ်အတွင်း ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည်ဖွဲ့စည်းနိုင်ခွင့်၊စည်းမျဉ်း စည်းကမ်းများရေးဆွဲနိုင်ခွင့်ရှိစေရမည်။

၁၉။ ရခိုင်ပြည်နယ်အတွင်း ငါးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ရန်အတွက် ခရိုင်တစ်ခုလျှင် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ အနည်းဆုံးတစ်ဖွဲ့ကိုဖြစ်စေ၊ တစ်ဖွဲ့ထက်ပို၍ဖြစ်စေဖွဲ့စည်းရမည်။

၂၀။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်သူများမှ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ တည်ထောင်လုပ်ကိုင် နိုင်ရေးအတွက်ဆောင်ရွက်ပေးရမည်။

၂၁။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၂၂။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကရေးဆွဲထားသော စည်းမျဉ်း၊ စည်းကမ်းများကို ပြင်ဆင်လိုပါက မည်သည့်အဆင့်တွင်မဆို အဖွဲ့ဝင်အားလုံး၏များရာ သဘောတူဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နိုင်သည်။

၂၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့တည်ထောင်လုပ်ကိုင်ရာတွင် တိကျသောနယ်နိမိတ်သတ်မှတ်ချက်၊ တိကျသောစီမံခန့်ခွဲမှု အစီအစဉ်များကိုရေးဆွဲရန် မြို့နယ်ဦးစီးဌာနမှူးကကူညီဆောင်ရွက်ပေးရမည်။

၂၄။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မြို့နယ်ဦးစီးဌာနမှူးက ကြီးကြပ်စစ်ဆေးရမည်။

၂၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုများဖြစ်ပေါ်လာပါက ကော်မတီက တာဝန်ယူဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ အချင်းချင်းကြား၊ တွင် အငြင်းပွားမှုများဖြစ်ပေါ်လာပါကခရိုင်ဦးစီးဌာနမှူးသည်သက်ဆိုင်ရာမြို့နယ်ဦးစီဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

၂၆။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကို လုပ်ကိုင်ခွင့်ပြုပြီးဖြစ်သော်လည်းအောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက မြို့နယ်ဦးစီးဌာနမှူးသည်ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ဖျက်သိမ်းနိုင်သည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ခြင်း၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အတွင်း ကြီးမားသောအငြင်းပွားမှုများပေါ်ပေါက်ခြင်း၊

(ဂ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့၏ လုပ်ငန်းကို နှစ်နှစ်ဆက်တိုက်လုပ်ကိုင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

၂၇။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် ငါးသယ်ဓာတ်ထိန်းသိမ်းရေးအတွက် ငါးမဖမ်းရဧရိယာကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန၏ သဘောတူညီ ချက်ဖြင့် သတ်မှတ်ဆောင်ရွက်ရမည်။

၂၈။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကို လျှောက်ထားလာပါက ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်ပြီး ထုတ်ချေးနိုင်ရန် ဆောင်ရွက်ပေးရမည်။

အခန်း (၇)

ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၉။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း ၊ ကြီးကြပ်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို ဝန်ကြီးမှတဆင့်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သတ်မှတ်ပေးခြင်း၊

(ဂ) ငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း၊ နေရာ ပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ ခွင့်ပြု ချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ဃ) အင်းဂရန်အသစ်များ သတ်မှတ်ခြင်းကို ဝန်ကြီးမှ တဆင့်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ် ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစားကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ဖြင့် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဆ) လုံလောက်သော အကြောင်းရှိလျှင် ဝန်ကြီးမှတဆင့် အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အငှားဂရန်အင်း တစ်ခုခုကို နှစ်အကန့်အသတ်ဖြင့်ဆက်လက်၍ အငှား ဂရန်ချထားရန် ညွှန်ကြားခြင်း၊

(ဇ) တားမြစ်ထားသည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်း နည်းတို့ကို သတ်မှတ်ပေးခြင်း၊

(ဈ) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်၊ လှေခွန်၊ လှေလုပ်သားမှတ်ပုံတင်ကြေး၊ရေယာဉ်မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သောအခွန်အခများကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့်သတ်မှတ်ပေးခြင်း၊

(ည) ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စများဆောင်ရွက်ခြင်း။

၃၀။ ပြည်နယ်ဦးစီးဌာနမှူး၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီးမှတဆင့် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်အကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း၊ လိုင်စင်ကိုမမှန်မကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် သော်လည်းကောင်း၊ လုံလောက်သောအကြောင်းရှိလျှင် သော်လည်းကောင်း၊ မည်သည့် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ဦးစီးဌာနကထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းကြောင့် မိတ္တူ လျှောက်ထားသည့်ကိစ္စတွင် သတ်မှတ်သည့်အခကြေးငွေ

ပေးဆောင်စေပြီး မိတ္တူထုတ်ပေးခြင်း၊

(ဂ) ရေထွက်ပစ္စည်းဆိုင်ရာ စားသုံးကုန်များအား ကောင်းမွန်သောထုတ်လုပ်မှု ဖြစ်စဉ်နှင့်အညီ ထုတ်လုပ်ခြင်း၊ရောင်းချခြင်း၊သိုလှောင်ခြင်းတို့ကို တာဝန်ပေးစစ်ဆေးစေခြင်း၊

(ဃ) ငါးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရန် အတွက်လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လည်းကောင်း၊ ငါးလုပ်ငန်းနှင့် ပတ်သက်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ခြင်း။

အခန်း (၈)

ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၁။ ဝန်ကြီး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျမွဲ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဂ) ပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အင်းများ၊ ငါးဖမ်းကွက်များ၊ ဘုံငါးဖမ်းကွက် သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော ငါးလုပ်ငန်းရေပြင် အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူသည့်ကိစ္စတွင် ပြည်နယ်အစိုးရအဖွဲ့၏ သဘော တူဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူးအား အောက်ပါအတိုင်း ဆောင်ရွက်စေရန် ညွှန်ကြားရမည် -

(က) အဒ္ဒားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ နှင့် အခြားသက်သေခံပစ္စည်းများကို ပြည်နယ်ဘဏ္ဍာ အဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ယာဉ်၊ငါးဖမ်းကိရိယာများကိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ဖြစ်စေ၊ပိုင်ရှင်အား ဖြစ်စေ ၊လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူ ခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေအဖြစ် ပေးသွင်းခြင်း။

၃၃။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရန် အတွက် လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ သယံဇာတထိန်းသိမ်းရေးဇုံများသတ်မှတ်ရန်အတွက်လည်းကောင်း၊ ငါးလုပ်ငန်းနှင့်ပတ်သက်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက်၊ တားမြစ်ချက်များကို ထုတ်ပြန်နိုင်သည်။

၃၄။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်အကျိုးငှာ လိုအပ်လျှင်ဖြစ်စေ၊ အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမမှန်မကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် ဖြစ်စေ၊ လုံလောက်သောအကြောင်းရှိလျှင်ဖြစ်စေ၊ မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၅။ ဝန်ကြီးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးအား အခါအားလျော်စွာ လွှဲအပ်နိုင်သည်။

၃၆။ ဝန်ကြီးသည် နှစ်ရှည်အငှားဂရန် သို့မဟုတ် အငှားဂရန် သို့မဟုတ် လိုင်စင် ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား တစ်နည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကိုစစ်ဆေးတွေ့ရှိလျှင် ယင်းခွင့်ပြုချက်များကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၃၇။ ဝန်ကြီးသည် ပြည်နယ်အကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း၊ အငှားဂရန်အင်းသို့မဟုတ်ငါးဖမ်းကွက်အသစ်သတ်မှတ်ခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ပြည်နယ့်ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် အစီအမံများ(Master Plan)ရေးဆွဲနိုင်ရန် စီမံခန့်ခွဲခြင်း၊

(ဃ) ငါးလုပ်ငန်းရေရှည်တည်တံ့ရေးအတွက် သုတေသနလုပ်ငန်းများ၊ပညာပေးရေးလုပ်ငန်းများတွင် လိုအပ်ဆောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ခွင့်ပြုခြင်း၊ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ခြင်း။

အခန်း(၉)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၃၈။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည် -

(က) ခွင့်ပြုသည့်ကာလကုန်ဆုံးခြင်း၊

(ခ) အဌားဂရန်လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အဌားဂရန်၊ လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

အခန်း(၁၀)

ပြန်အမ်းငွေလျှောက်ထားခြင်း

၃၉။ အငှားဂရန်ရရှိသူ သို့မဟုတ် လိုင်စင်ချထားခြင်း ခံရသူသည် အောက်ပါ ကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည် -

(က) ပြည်နယ်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် လိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက် နစ်နာခြင်း။

၄၀။ ပုဒ်မ ၃၉ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာန မှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်၍ ပြည်နယ် ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၄၁။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၉ အရလျှောက်ထားလာသည့် ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပြန်အမ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

၄၂။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေ ပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။ ဝန်ကြီး၏

အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၄၃။ ပုဒ်မ ၄၂ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေ ပမာဏကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့် အညီ လျှောက်ထားသူထံ ထုတ်ပေးရမည်။

အခန်း(၁၁)

စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၄၄။ သက်ဆိုင်ရာဦးစီးဌာနမှူး ပါဝင်သော စစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို စစ်ဆေးနိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်း ရေပြင်နယ်နိမိတ် အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ် ၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ ငါးဖမ်းကွက်များ၊

(ခ) ရေချိုငါးလုပ်ငန်း၏ အဌားဂရန်၊ လိုင်စင်အပါအဝင် လိုအပ် သည့် စာရွက်စာတမ်းများ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူနှင့် ရေလုပ်သားများ။

၄၅။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ပိုင်ရှင်မဲ့ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးများနှင့်စပ်လျဉ်း၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် -

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျူးဝင်သော ပိုင်ရှင်မဲ့ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးတို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့်အခြား လျင်မြန်စွာ ပုပ်သိုးပျက်စီးစေနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းချရငွေကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း။

၄၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ငါးများနှင့် အခြားပစ္စည်းများကို ပြည်နယ်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား

ဖြစ်စေ၊ ပိုင်ရှင်အား ဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ် ၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားတစ်ဦး တစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို တစ်နည်းနည်းဖြင့်လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည် ရုပ်သိမ်းခြင်း၊

(စ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အခြားခန်းစက်ရုံတည်ထောင်ခွင့်လိုင်စင်၊ ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခွင့်လိုင်စင် ရရှိသူက အခြား တစ်ဦး တစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်၊ အခြားခန်းစက်ရုံ၊ ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခွင့်လိုင်စင်ကို တစ်နည်းနည်းဖြင့် လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့်ပြန်လည်ရုပ်သိမ်း ခြင်း။

အခန်း(၁၂)

အယူခံခြင်း

၄၇။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ (က) ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်နယ်ဦးစီးဌာနမှူး ထံ အယူခံဝင်နိုင်သည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်

သည်။

၄၉။ (က) ပြည်နယ်ဦးစီးဌာနမှူးက ချမှတ် သောအမိန့်
သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့်
သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ
ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံ
ဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့်
အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊
ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၀။ (က) ဝန်ကြီးကချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို
မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို
ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်နယ်
အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ဝန်ကြီးကချမှတ်သည့်
အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊
ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။ ပြည်နယ်အစိုးရ
အဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

အခန်း(၁၃)

တားမြစ်ချက်များ

၅၁။ မည်သူမျှဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် ၊ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလိုင်စင် သို့မဟုတ် ရေလုပ်သားမှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၅၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၅၃။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် မီးကဲ့သို့အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) လျှပ်စစ်ကျင်စက်ဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ကျင်စက်ကိုလက်ဝယ်ထားရှိခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊ တားမြစ်ထားသောငါးဖမ်းကိရိယာကို လက်ဝယ်ထားရှိခြင်း၊

(ဃ) တားမြစ်ထားသောငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဂ) တားမြစ်ထားသောအချိန်ကာလနှင့် နေရာဒေသတွင်
ငါးဖမ်းခြင်း။

၅၄။ မည်သူမျှအငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ မြစ်
ချောင်း၊ ဒီရေတောတို့၏သတ်မှတ်နယ်နိမိတ်အတွင်း အောက်ပါတို့ကို
မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း
ရှင်းလင်းခြင်း၊ ပိတ်ဆို့ခြင်း၊ မီးရှို့ခြင်း၊

(ခ) သီးနှံစိုက်ပျိုးခြင်း၊

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း၊

(ဃ) ရေစီးရေလာပျက်ပြားစေရန် အင်း၊ အိုင်၊ မြစ်၊ ချောင်း
၏ သဘာဝအခြေအနေကို ထိခိုက်အောင်ပြုလုပ်ခြင်း ၊ခြို
ငါးဖမ်းခြင်း၊ ဗေဒါမွေးငါးဖမ်းခြင်း၊ အခြားနည်းတစ်ရပ်
ရပ်ဖြင့်ငါးဖမ်းခြင်း။

၅၅။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန
ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ပိုက် အပါအဝင် အခြားမည်
သည့် အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကိုမျှ စိုက်ထူခြင်း
တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၅၆။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြား
နေသတ္တဝါတို့နှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှော
ယှက်ခြင်း၊ ပျက်စီးစေခြင်း၊ ရေထုညစ်ညမ်းစေခြင်းမပြုလုပ်ရ။

၅၇။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အဌားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ မြစ်၊ ချောင်း၊ ဒီရေတောနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် နေရာများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင် ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသော ငါးဖမ်းကိရိယာများချထားခြင်းဖြင့် ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေလမ်းကြောင်း ကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၅၈။ မည်သူမျှအောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုလုပ်ရ

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်းများ၊

(ခ) ရေထွက်ပစ္စည်း၏ အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော သို့မဟုတ် လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအပါအဝင် ခါတုပစ္စည်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်းများ၊

(ဂ) အလေးချိန်တိုးစေရန်နှင့် အရည်အသွေးကို ထိခိုက်စေ
မည့် ရေ သို့မဟုတ် သတ္တု သို့မဟုတ် ပြင်ပပစ္စည်းများ
ထည့်သွင်းထားသော ရေထွက်ပစ္စည်းများ။

၅၉။ ဤဥပဒေအရ ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် မည်သူ
မျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစား
ထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အစေ
မယူဘဲ ထိန်ချန်ထားခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ဖျောက်ဖျ
ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုး
ခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

၆၀။ မည်သူမျှဤဥပဒေအရ လိုင်စင်ချထားခံရပြီး ဦးစီးဌာန
ခွင့်ပြုချက် မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ လိုင်စင်ခွ
ဒဏ်ကြေးတို့ ကို သတ်မှတ်သည့် ကာလအတွင်း ပေးဆောင်
ပျက်ကွက်ခြင်း မရှိ စေရ။

၆၁။ ဤဥပဒေအရ ထုတ်ပေးထားသောလိုင်စင်နှင့် ဂရန်များ
ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလုပ်ကိုင်ခြင်းမပြုရ။

၆၂။ ဤဥပဒေအရ မည်သူမျှ တာဝန်ဝတ္တရား ဆောင်ရွက်နေသော
ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးအား နှောင့်ယှက်ခြင်း၊ အနှိုင်အထ
ပြုခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ ဆဲဆိုခြင်းမပြုရ။

၆၃။ ဤဥပဒေအရ မည်သူမျှ ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

အခန်း(၁၄)

ပြစ်ဒဏ်များ

၆၄။ မည်သူမဆို ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ရေလုပ်သားမှတ်ပုံတင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါကထိုသူအား ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအား ကျပ်ငါးသောင်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့်လိုင်စင် အပါအဝင် ငါးလုပ်ငန်းလိုင်စင်များ မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား ကျပ်တစ်သိန်း ထက်မပို သော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဃ) အငှားဂရန် မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ကျပ်နှစ်သိန်းထက်မပို သောငွေဒဏ် ဖြစ်စေ၊ နှစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ကိစ္စဖြစ်ပါက ထိုသူအား ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား ကျပ်ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်

မပို့သောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည့် ကိစ္စဖြစ်ပါက ထိုသူအား ကျပ်တစ်သိန်းထက် မပို သောငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေ ရမည်။

၆၆။ မည်သူမဆို -

(က) ပုဒ်မ ၅၃ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ အား ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ပုဒ်မ ၅၃ ပုဒ်မခွဲ (ခ) ၊(ဂ) ၊(ဃ) ၊(င) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပို သောငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၄ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော

ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၈။ မည်သူမဆို ပုဒ်မ ၅၅၊ ပုဒ်မ ၅၆၊ ပုဒ်မ ၅၇နှင့် ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၇၂။ မည်သူမဆို ဤဥပဒေအရ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ခြင်းကို အားပေးကူညီခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်း

ကြံစည်ခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကျခံစေရမည်။

၇၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကျခံစေရမည်။

အခန်း(၁၅)

အထွေထွေ

၇၄။ ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်း၊ ငါးဖမ်းကွက်၊ ဘုံငါးဖမ်းကွက်၊ နယ်နိမိတ်ပြမြေပုံများကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နှစ်စဉ်ပြုစုရေးဆွဲထားရမည်။ထိုသို့ ရေးဆွဲရာတွင် နယ်စပ်ထိစပ်ရေပြင်များအတွက် ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို သီးခြားပြုစုရေးဆွဲထားရမည်။

၇၅။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၇၆။ ဦးစီးဌာနမှူးသည် ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ လိုင်စင်ခွန်၊ အခြားအခွန်များနှင့် ဒဏ်ကြေးငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၇၇။ သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့တွင်ပင် စည်းကမ်းဖောက်ဖျက်သူ အား အခမဲ့ထုတ်ပေးရမည်။

၇၈။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စ တစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်း ဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများသည် ရဲအရေး ယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၀။ ဤဥပဒေအရ တရားရုံးတစ်ရုံးရုံးက ချမှတ်သောအမိန့်သည် ဤဥပဒေအရ ဝန်ကြီး၏ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူ ဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၈၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင် ရွက်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်/ဦးစီးဌာနမှူးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)

မောင်မောင်အုန်း

ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
မဲရွာမြို့

စစ်ကိုင်းကိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၅) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း(၁)	
၁။	အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်	၁
	အခန်း(၂)	
၂။	ရည်ရွယ်ချက်များ	၇
	အခန်း(၃)	
၃။	အဌားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၈
	အခန်း(၄)	
၄။	အခွန်အခ ပေးဆောင်ခြင်း	၁၁
	အခန်း(၅)	
၅။	ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၁၃
	အခန်း(၆)	
၆။	ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၁၅
	အခန်း(၇)	
၇။	တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၁၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း(၈)	
၈။	ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း	၁၉
	အခန်း(၉)	
၉။	စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း	၂၁
	အခန်း(၁၀)	
၁၀။	အယူခံခြင်း	၂၅
	အခန်း(၁၁)	
၁၁။	ပြန်အမ်းငွေ လျှောက်ထားခြင်း	၂၇
	အခန်း(၁၂)	
၁၂။	တားမြစ်ချက်များ	၂၈
	အခန်း(၁၃)	
၁၃။	ပြစ်ဒဏ်များ	၃၂
	အခန်း(၁၄)	
၁၄။	အထွေထွေ	၃၅

စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၉ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန် လ ၂၅ ရက်)

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာ တည် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဆိုသည်မှာ** စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းသည့် ခရိုင်၊ မြို့နယ် သို့မဟုတ် ရပ်ရွာငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဇ) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့** ဆိုသည်မှာ ရပ်ရွာအတွင်းငါးလုပ်ငန်း လုပ်ကိုင်လိုသူများမှ အသင်းဝင်များဖြင့် စုဖွဲ့ထားပြီး ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ငါးလုပ်ငန်းအစုအဖွဲ့ကို ဆိုသည်။

(ဈ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ မျိုးစေ့များလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စိုးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ငါးသားပေါက်စခန်းများ ထူထောင်ပေးခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း လုပ်ငန်းများလည်း ပါဝင်သည်။

(၎) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းစသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင်ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(၅) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(၆) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။

(၇) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့် ယာဉ်ကို ဆိုသည်။

(၈) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်။

(၉) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တိုင်းဒေသကြီး၏ နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများ နေထိုင်ကျက်စား ခိုအောင်း ပေါက်ပွားကြီးပြင်းရာ ရေပြင်၊

ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆည်တာတမံ အတွင်းရှိ လျှို့မြောင်းများတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်များ ပါဝင်သည်။

(ထ) **ဂရန်အင်း** ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များ ထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော ရေပြင်ကို ဆိုသည်။

(ဒ) **သီးသန့်အင်း** ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွား များစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ် ထားသည့်ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(ဓ) **လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန် အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါ လိုင်စင် ချထား၍ဖြစ်

စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(န) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေပြင်တစ်ခုခုမှ ရရှိသောငါး၊ သက်ရှိရေသတ္တဝါများ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထား သည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။

(ပ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါး လုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ဖ) **လိုင်စင်**ဆိုသည်မှာ ဂရန်အင်းမှအပ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဗ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်း ကိရိယာလိုင်စင်၊ အခွေးခန်းစက်ရုံ တည်ထောင် လုပ်ကိုင်ခွင့် သို့မဟုတ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ဘ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန်သို့မဟုတ် တင်ဒါ လိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ စစ်ကိုင်းတိုင်းဒေသကြီး၏ အကျိုးငှာ ငါး

လုပ်ငန်း လုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ သဘာဝဘေး အန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု၊ ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါ လိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်။

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်။

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်။

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ငါးသယ်ဓာတ
များကို ဈေးနှုန်း ချိုသာစွာဖြင့် စားသုံးနိုင်စေရန်။

(ဆ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စနစ်တကျဖွဲ့ဖြိုး
တိုးတက်လာစေရန်။

အခန်း (၃)

အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လျှောက်ထားရမည်။

၆။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် လုပ်ကိုင်ခွင့်ရရှိပါက သတ်မှတ်ထားသည့် ကြမ်းခင်းဈေးနှင့် အခွန်အခများပေးသွင်း၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခေးဆောင်ခြင်းဖြင့်ဖြစ်စေ တင်ဒါ လိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါစေ့ားနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၈။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ အအေးခန်း စက်ရုံတည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့်ညီညွတ်လျှင် ရေထွက်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ အအေးခန်းစက်ရုံတည်ထောင်ခြင်းတို့အတွက် လိုင်စင် ထုတ်ပေးနိုင်သည်။

၁၀။ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် လိုင်စင် ထုတ်ပေးရမည်-

(က) သုံးနှစ်ထက်မပိုသည့် အဌားဂရန် လျှောက်ထားခြင်း။

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။

(ဂ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေးတင်ရောင်းချသည့် ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်ထုတ်ပေးရမည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ယင်းသို့ ခွင့်ပြုရန်အတွက် ဝန်ကြီး၏ အတည်ပြုချက် ရယူရမည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင် သည်။

၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံး ပြုမည့် ရေလုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

အခန်း (၄)
အခွန်အခပေးဆောင်ခြင်း

၁၄။ အငှားဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက ဘဏ် ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ လုပ်ကိုင်ခွင့်ရရှိသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုကို လုပ်ကိုင်ခွင့်ရရှိပါက သတ်မှတ်ထားသော အင်းခွန်ငွေကိုလည်းကောင်း၊ လိုင်စင်ခတို့ကို လည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေ ပေးဆောင်ရမည်။

၁၆။ အငှားဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေ အကျေပေးဆောင်ရမည်။

၁၇။ သုံးနှစ်ထက်မပိုသည့် အငှားဂရန်ရရှိသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၈။ အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခကို နိုင်ငံသား ဖြစ်ပါ က ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား မတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၀။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်-

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန။

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

အခန်း (၅)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထား လုပ်ကိုင်စေရမည်။

(ဂ) စဉ်ဆက်မပြတ်သော ငါးထုတ်ယူသုံးစွဲမှုဖြစ်စေရန် ငါးမျိုးစိတ်များကို နှစ်စဉ်စိုက်ထည့်ပေးရမည်။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် ရေချိုငါးလုပ်ငန်းရေပြင်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) မိမိ၏ လုပ်ငန်းဆောင်ရွက်ရာတွင် အခြားသူများ၏ လုပ်ငန်းနှင့် အကျိုးစီးပွားကို ထိခိုက် နစ်နာမှုမရှိစေရေး ဂရုပြု လုပ်ဆောင်ရမည်။

(ဇ) ဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက် လုပ်ကိုင်ရမည်။

(ဈ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိသည်။

အခန်း (၆)

ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ ဝန်ကြီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒ ချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့်ညွှန်ကြားခြင်း။

(ခ) ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းခြင်း။

(ဂ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

၂၃။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ဖော်ပြပါလုပ်ပိုင်ခွင့်များရှိသည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်နှင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ လုပ်ကိုင်မည့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြု ခြင်း။

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်မဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ဂ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့စေခြင်း။

(ဃ) အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

အခန်း (၇)

တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ သင်တန်းများပေးခြင်း။

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း။

(ဂ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း။

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း။

(ဂ) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အဓွန်းဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း။

(စ) လိုင်စင်ခ ငါးဖိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း။

(ဆ) ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များနှင့် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေး ကော်မတီများကို ကြီးကြပ်ခြင်း။

(ဇ) တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးကတာဝန်လွှဲအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

(ဈ) သက်ဆိုင်ရာခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးအား အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်လျက် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များမှ ရွေးချယ်ပေးသူများပါဝင်သည့် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေး ကော်မတီဖွဲ့စည်းခြင်းကို ဥပဒေပါ နည်းလမ်းများနှင့်အညီ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် မှတ်ပုံတင်ခွင့်ပြုခြင်း။

၂၅။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

(ခ) တိုင်းဒေသကြီး အကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သောအကြောင်းရှိလျှင်သော်လည်းကောင်း၊ မည်သည့်အငှား ဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးသွင်းထားသော အခွန်ငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းတို့ကို အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

(ဂ) ဌာနကထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်စီးပျောက်ဆုံးသွား သဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း။

(ဃ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ပေးခြင်း။

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်များ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချ ခြင်းတို့ကို စိစစ်ရန် ဌာနမှ ပြန်တမ်းဝင်အရာရှိအား တာဝန်ပေးအပ်ခြင်း။

(စ) ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ဦးစီးဌာနသည် ဝန်ကြီးဌ၏ ခွင့်ပြုချက်ဖြင့် တစ်ခရိုင်လျှင် အင်းတစ်အင်းနှင့် တင်ဒါချက်တစ်ချက်ကို သုတေသနအင်းနှင့် သုတေသနတင်ဒါချက်အဖြစ် သတ်မှတ် ဆောင်ရွက်နိုင်သည်။

အခန်း (၈)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲများ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၆။ ရပ်ရွာအတွင်း ငါးလုပ်ငန်းကို အစုအဖွဲ့ဖြင့် လုပ်ကိုင်လိုသူများသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းနိုင်သည်။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အစုအဖွဲ့စည်းမျဉ်းကို ရေးဆွဲနိုင်သည်။

၂၇။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် ယင်းတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ရွေးချယ်ထားသော အစုအဖွဲ့ဝင်များပါဝင်သည့် ရပ်ရွာငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်။

၂၈။ ကော်မတီသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

၂၉။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းလုပ်ကိုင်လိုသော အစုအဖွဲ့များသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ် စည်းကမ်းများနှင့်အညီ တင်ပြလာပါက ခရိုင်ဦးစီး ဌာနမှူးက ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။ ထိုသို့မှတ်ပုံတင်ပေးရာတွင် တိုင်းဦးစီးဌာနမှူးက စိစစ်၍ ဝန်ကြီး၏ အတည်ပြုချက် ရယူရမည်။

၃၁။ ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရမည်။

၃၂။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ရပ်ရွာငါးလုပ်ငန်း ကြီးကြပ်ရေး ကော်မတီက ညှိနှိုင်းဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြုငါး လုပ်ငန်း အစုအဖွဲ့များကြား၌ အငြင်းပွားမှုများဖြစ်ပေါ်လာပါက ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးသည် သက်ဆိုင်ရာကော်မတီနှင့် ညှိနှိုင်း ဆောင်ရွက် ဖြေရှင်းရမည်။

အခန်း (၉)

စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၃၃။ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်လာပါက တိုင်းဒေသကြီးဦးစီး ဌာနမှူးမှစီစစ်၍ ဝန်ကြီး၏အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြု ငါး လုပ်ငန်း အစုအဖွဲ့ မှတ်ပုံတင်ကို ပယ်ဖျက်နိုင်သည်-

(က) ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့ဝင်များက ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိကြောင်း တင်ပြခြင်း။

(ခ) ရပ်ရွာအခြေပြု ရေလုပ်သားအစုအဖွဲ့ တစ်ခုခုသည် တစ်စုံတစ်ဦးမှ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ ၎င်း၏ အကျိုးစီးပွားအတွက်ချုပ်ကိုင်ခြယ်လှယ်ခြင်း သို့မဟုတ် ရပ်ရွာအတွင်းကြီးမားသော ပဋိပက္ခဖြစ်ပေါ်စေနိုင်ခြင်း သို့မဟုတ် ထိုသို့ ဖန်တီးခြင်း၊ ခြိမ်းခြောက်ခြင်း။

(ဂ) တည်ဆဲဥပဒေများ သတ်မှတ် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၃၄။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါအတိုင်း စစ်ဆေးနိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင် နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့် ငါးလုပ်ငန်းကိုမဆို စစ်ဆေးခြင်း၊ ရပ်တန့်စေခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း။

(ခ) လုပ်ငန်း၏ အဌားဂရန်လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း။

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

၃၅။ ဦးစီးဌာနမှူးသည် ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျဉ်းဝင်သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးတို့ကို သိမ်းဆည်းခြင်း။

(ခ) ငါးနှင့် အခြားလျှင်မြန်စွာ ပုပ်သိုးပျက်စီးစေနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းခြင်း။

၃၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဒ်မခွဲ (က)မှ (ဂ)အထိကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (စ)ကို မိမိအစီအစဉ်ဖြင့်လည်းကောင်း စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) ပျက်ကွက်ခြင်းဖြစ်လျှင် အဌားဂရန် သို့မဟုတ် မည်သည့် လိုင်စင်ကိုမဆို အဌားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း၊ လိုက်နာရန် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း။

(ခ) အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ရှိသူက အခြားသူ တစ်ဦးတစ်ယောက်အား အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်းစစ်ဆေး တွေ့ရှိရပါ က ပြန်လည် ရုပ် သိမ်းခြင်း။

(ဂ) သုံးနှစ်ထက်မပိုသည့် အင်္ဂါဂရန် သို့မဟုတ် လိုင်စင် ရရှိသူ၊ အခြားသူတစ်ဦးတစ်ယောက်အား သုံးနှစ်ထက် မပိုသည့် အင်္ဂါဂရန် သို့မဟုတ် လိုင်စင်ရအခြားသူ တ

အခန်း (၁၀)

အယူခံခြင်း

၃၇။ (က) ပုဒ်မ (၃၅) အရ မြို့နယ်ဦးစီးဌာနမှူး၏ ဆောင်ရွက်ချက်ကို ကျေနပ်မှုမရှိပါက ယင်းသို့ ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀အတွင်း ခရိုင်ဦးစီးဌာနမှူးထံ သတ်မှတ်သည့်တိုင်း အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူး၏ ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို
မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၉။ (က) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း (၁၁)

ပြန်အမ်းငွေ လျှောက်ထားခြင်း

၄၀။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည်-

(က) တိုင်းဒေသကြီး၏ အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်း ခံရခြင်း။

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၄၁။ ပုဒ်မ ၄၀ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်း များနှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၄၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၄၀ အရ လျှောက်ထားလာသည့်ကိစ္စ မှန်ကန်ကြောင်းစိစစ်တွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၊ ရသင့်သော ပြန်အမ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

၄၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေ ပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၄၄။ ပုဒ်မ ၄၃ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ဌာန၏ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

အခန်း (၁၂)

တားမြစ်ချက်များ

၄၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ ။

၄၆။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကြိုးဖျက်ဆီးခြင်း။

(ခ) လျှပ်စစ်ရှော့တိုက်ငါးဖမ်းခြင်း။

(ဂ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း။

(ဃ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း။

(ဂ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသအတွင်း ငါးဖမ်းခြင်း။

၄၇။ မည်သူမဆို လျှပ်စစ်ဓါတ်အားအသုံးပြုသည့် ငါးဖမ်းကိရိယာ တစ်မျိုးမျိုးကို ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရ။

၄၈။ မည်သူမျှ အင်းလေးဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဌာန၏ခွင့်ပြုချက်မရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နေ့ချင်းပြီး ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၉။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ဌာန၏ခွင့်ပြုချက် မရရှိဘဲ ငါးဖမ်းဆီးရန် အလို့ငှာ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက်စသော အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၅၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) အငှားရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြု လုပ်ရ။

(ခ) မိမိရရှိသောငါးလုပ်ငန်းရေပြင်ကို အခြားနည်း အသုံးမပြုရ။

၅၁။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြား ရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၅၂။ မည်သူမျှ အငှားဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ် အတွင်း အောက်ပါတို့ကို မပြု လုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း။

(ခ) ဂရန်အင်း၏ ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝ အခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း။

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

(ဃ) လူနေမြေကွက်များဖော်ထုတ်ခြင်း။

(င) စိုက်ပျိုးမြေကွက်များဖော်ထုတ်ခြင်း။

၅၃။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့် အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းပြောင်းလဲစေခြင်းနှင့် သီးနှံစိုက်ပျိုးခြင်း မပြုလုပ်ရ။

၅၄။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့်၊ ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာစားသောက်ကုန်ပစ္စည်း။

၅၅။ ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့် ပြည်သူ့ဝန်ထမ်းမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှု ကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

အခန်း (၁၃)

ပြစ်ဒဏ်များ

၅၆။ မည်သူမဆို ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင် မရရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ (က) မည်သူမဆို ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၁ လမှ အများဆုံး ၃ နှစ်ထက် မပိုသည့် ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) မည်သူမဆို ပုဒ်မ ၄၆ ၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) သို့မဟုတ် (င)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ အား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ ၊ ငွေဒဏ် ကျပ် ၃၀၀,၀၀၀ အထိဖြစ်စေ ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၄၈၊ ၄၉၊ ၅၀ (က)၊ ၅၁၊ ၅၂ သို့မဟုတ် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀,၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ ပုဒ်မ ၅၅ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် ပြည်သူ့ဝန်ထမ်း တစ်ဦးဦးအား ထောင်ဒဏ်အနည်းဆုံး ၁ လမှ အများဆုံး ၃ နှစ် ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

၆၂။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၁၄)

အထွေထွေ

၆၃။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်းသည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့ကို တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

(ခ) ဤဥပဒေအရ ဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်းပြီးဖြစ်သော ပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆိုတင်ပို့သော ပြစ်မှုတွင်အစီရင်ခံစာ ပူးတွဲတင်ပြရမည်။ ထိုသို့ တင်ပြသည့် သက်သေခံပစ္စည်းကို သက်ဆိုင်ရာတရားရုံးက ထပ်မံစီမံခန့်ခွဲခြင်း မပြုရ။

၆၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၆။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံ ရမည်။

၆၇။ ဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်း နယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၆၈။ ရေချိုငါးလုပ်ငန်းရေပြင်ကို အောက်ပါအတိုင်းသတ်မှတ်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်သည် ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက စီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း ကျရောက်နေပါက ဦးစီးဌာနမှူးသည် ယင်းမြေကို စီမံခန့်ခွဲခွင့်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ သဘောထားတောင်းခံပြီးသဘောတူညီချက် ရရှိမှသာ အငှားဂရန် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်။

(ခ) (၁) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သဘောထား တောင်းခံရာတွင် ပြေလည်မှု မရရှိပါက တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူ ရမည်။

(၂) ပုဒ်မခွဲငယ်(၁)အရ ဆုံးဖြတ်သည့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည် ဖြစ်သည်။

၆၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရန် -

(က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ ဤဥပဒေ အတည်ပြုသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ (စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥပဒေ အမှတ် ၁၁ / ၂၀၁၂)ကိုရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာမြင့်နိုင်

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

မှ ရွာမြို့

စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို

ပြင်ဆင်သည့် ဥပဒေ

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်

စစ်ကိုင်းတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၉ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၅၇ တွင် ပုဒ်မခွဲ (ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၃။ စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၅၉ တွင် **"မည်သူမဆို"** ဟူသည့် စကားရပ်၏ နောက်၌ **"ပုဒ်မ၅၀(ခ)"** နှင့် ဟူသည့် စကားရပ် ဖြည့်စွက်ရမည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာမြင့်နိုင်

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ

၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်(၄)

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆုတ်(၁၀)ရက်
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁။	နိဒါန်း	၁	၁
၂။	အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်း နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁	၅
၃။	အခန်း(၂) ရည်ရွယ်ချက်များ	၅	၆
၄။	အခန်း(၃) အဌားဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၆	၇
၅။	အခန်း(၄) အခွန်အခပေးဆောင်ခြင်း	၈	၉
၆။	အခန်း(၅) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန် နှင့် ဆောင်ရွက်နိုင်ခွင့်များ	၉	၉
၇။	အခန်း(၆) ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ	၁၀	၁၀
၈။	အခန်း(၇) ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်	၁၀	၁၃
၉။	အခန်း(၈) စစ်ဆေးခြင်းနှင့်အရေးယူခြင်း	၁၃	၁၄
၁၀။	အခန်း(၉) အယူခံခြင်း	၁၄	၁၅
၁၁။	အခန်း(၁၀) ပြန်အမ်းငွေလျှောက်ထားခြင်း	၁၆	၁၆
၁၂။	အခန်း(၁၁) တားမြစ်ချက်များ	၁၇	၁၉
၁၃။	အခန်း(၁၂) ပြစ်ဒဏ်များ	၁၉	၂၀
၁၄။	အခန်း(၁၃) အထွေထွေ	၂၁	၂၃

ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ
၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်(၄)
၁၃၇၆ ခုနှစ်၊ တော်သလင်းလဆုတ်(၁၀)ရက်
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်

နိဒါန်း

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေငြာသည့်နေ့မှစ၍ ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဌာန ဝန်ကြီးကိုဆိုသည်။

(ဃ) **ဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာနမှူး** ဆိုသည်မှာ ရှမ်းပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီး ဌာန၏ ပြည်နယ်၊ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်။

(စ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတွင်သော်လည်းကောင်း၊ ရေထဲတွင် နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များ၊ ရေတွင်ပေါက်ပွားသည့် အပင်များ၊ ယင်းတို့၏အပင်ပေါက်များနှင့် မျိုးစေ့များကိုဆိုသည်။

(ဆ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် ငါးဖမ်းခြင်း၊ ငါးမွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများကို ဆိုသည်။

(ဇ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မှုးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း လုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းများနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(စျ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆိုနှင့် အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရေယာဉ်များ၊ ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များကိုဆိုသည်။

(ဋ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရွှေ့လျားသွားလာ နိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

(၄) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားပေးသည့်စက်ရုံကို ဆိုသည်။

(၅) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများအား ကိုယ်တိုင်စားသုံးရန် မှတစ်ပါး မူလအခြေအနေမှ နည်းအမျိုးမျိုးအသုံးပြု၍ ပြုပြင်ပြောင်းလဲ ထုတ်လုပ်ဆောင်ရွက်သော ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ငါးကြပ်တိုက်ခြင်း စသည့်လုပ်ငန်းများကို ဆိုသည်။

(၆) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ပြည်နယ်၏ နယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင်ကျက်စားခိုအောင်းပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ပြည်နယ် နယ်နိမိတ်၏ နယ်မြေအတွင်းရှိရေပြင်များ၊ ကျွန်းပေါ်ရှိရေပြင်များ၊ လိပ်များဥချသည့် အသိုက်များ၊ ကျင်းများစသည်တို့လည်း ပါဝင်သည်။

(၇) **ဂရန်အင်း** ဆိုသည်မှာ ဌာနကနယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှါးဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(၈) **သီးသန့်အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှါ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ် ထားသည့်ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်ရေပြင်ကို ဆိုသည်။

(ထ) **ဘေးမဲ့အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးမှု မရှိစေရန်နှင့် ငါးမျိုးများ ပွားများလာစေရန်အလို့ငှါ သုတေသနရှာမှီးရန်အပ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ပိတ်ပင်တားမြစ်ထားသည့်ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက် သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုမှ ရရှိသော သက်ရှိရေနေ သတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ် ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသည့် (Genetically modified organism) ရေတွင်ရှိ ငါးနှင့်ရေနေသတ္တဝါများ၊ ရေတွင်ပေါက်သော အပင်များ အားလုံးနှင့် သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့် ဥများ၊ မိကျောင်းနှင့်ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္ဓာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှို၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(န) **အငှါးဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန်၊ ဌာနကထုတ်ပေးသည့် အငှါးဂရန်ကိုဆိုသည်။

(ပ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ပြည်နယ်အတွင်းရှိ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဌာနကထုတ်ပေးသည့် အငှါးဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုတွင် လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူကိုဆိုသည်။

(ဗ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှါးဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏ အကျိုးငှါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှါးဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်း ရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကိုဆိုသည်။

(ဘ) **တင်ဒါချက်** ဆိုသည်မှာ ငါးလုပ်ငန်းဌာနမှ ငါးဖမ်း လုပ်ကိုင်ခွင့်ပြုသော ပိုက်တန်းခွင့်ရှိသည့် ပိုက်ချက်နေရာ လုပ်ကွက်ကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ် စောင့်ရှောက်ရန်၊

(ဃ) ပြည်နယ်ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်း ပြုနိုင်စေရန်၊

(စ) ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းနှင့် စပ်လျဉ်းသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊

အခန်း(၃)
အငှါးဂရန်၊ တင်ဒါလိုင်စင်၊
ငါးလုပ်ငန်းဆိုင်ရာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာနမှ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စျေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာနမှ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင် ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါ စျေးနှုန်းတင်သွင်း၍ စျေးပြိုင်တင်ဒါ စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ငါးပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်းရောင်းဝယ်၊ စုဆောင်း၊ သယ်ယူသည့် လုပ်ငန်း သို့မဟုတ် အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်လိုသူသည် ဌာနမှ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ပြည်နယ်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် ကိုက်ညီပါက ငါးပြုပြင် မွမ်းမံခွင့်၊ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်း၊ သယ်ယူခွင့် လိုင်စင်များကို ထုတ်ပေးနိုင်သည်။

၈။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပြီးမှသာ နှစ်ရှည်အငှါးဂရန် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှါးဂရန် လျှောက်ထားခြင်း။

(ခ) ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားခြင်း။

(ဂ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

၉။ ဂရန်အင်း လေလံတင်ရောင်းချခြင်းနှင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင် ချထားခြင်းတို့ကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက် ရယူရမည်။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၀ အရ အတည်ပြုချက် ရယူပြီးမှသာ အငှါးဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် အငှါးဂရန်နှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့မှအပ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် ဌာနမှ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။

၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် လုပ်သား၊ ငါးလုပ်သားနှင့် စပ်လျဉ်း၍ မှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

အခန်း(၄)
အခွန်အခပေးဆောင်ခြင်း

၁၄။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေး ဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း၊ လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၅။ ဂရန်အင်းမှအပ အခြားငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင် ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၆။ နှစ်ရှည်အငှါးဂရန်ရရှိသူသည် ဌာနမှ သတ်မှတ်သည့်နည်းလမ်းများ နှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေး နှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါက ပေးဆောင်ရန် ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြား ကျသင့်သော အခွန်အခများကို ဌာနကသတ်မှတ်သည့် နိုင်ငံခြား ငွေနှင့် ပေးဆောင်ရမည်။

၁၈။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရသော ငါးလုပ်ငန်း သုတေသန။

(ခ) ပြည်နယ်၏ အကျိုးငှါလိုအပ်သည့် ငါးလုပ်ငန်းများ။

အခန်း(၅)
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနက သတ်မှတ်သည့် အတိုင်း ပေးဆောင်ရမည်။

(ခ) အငှါးဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် များကို လိုက်နာရမည်။

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဃ) ဌာနကတာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာသုတေသန လုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(င) မိမိလုပ်ငန်းတွင် ဌာနဒ္ဒမှတ်ပုံတင်ထားသည့် ရေလုပ်သား များကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

(စ) ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်သည်။

၂၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှါးဂရန် သို့မဟုတ် လိုင်စင်တွင် သတ်မှတ်ပေးသည့်အတိုင်း အငှါးဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက် များနှင့်အညီ လုပ်ငန်းကိုလုပ်ကိုင်ခွင့်ရှိသည်။

အခန်း(၆)
ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၁။ ဤဥပဒေအရ ဝန်ကြီးသည် လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း။

(ခ) မည်သည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည် လျှောက်ထားပါက စိစစ်၍ ခွင့်ပြုခြင်း။

(ဂ) အခြား လျှောက်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ်ကိုချမှတ်ခြင်း။

အခန်း(၇)
ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၂၂။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပုဒ်မ-၃ ပါ ရည်ရွယ်ချက်များကို အထမြောက်စေရန် ငါးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း။

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ပေးခြင်း။

(ဂ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း။

(ဃ) တားမြစ်သည့်ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ခြင်း။

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း။

(စ) မြို့နယ်၊ ခရိုင်ဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ကိုင်ခွင့်များကို သတ်မှတ်ပေးခြင်း။

(ဆ) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၂၃။ ပြည်နယ်ဦးစီးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီး၏ သဘောတူညီချက်ကိုရယူ၍ ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစား သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ခ) မမှန်မကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း လုံလောက်သော အကြောင်းရှိလျှင် မည်သည့်အဌားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ဂ) ဌာနကထုတ်ပေးထားသည့် အဌားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး၊ ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး၊ အဌားဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးခြင်း။

(ဃ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ထုတ်ပေး နိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ခြင်း။

၂၄။ ဤဥပဒေနှင့် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေအရ ထုတ်ပေးသော အငှားဂရန်၊ လိုင်စင်ပါစည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရလျှင် ပြည်နယ်ဦးစီးမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားလာပါက ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း။

(ခ) ငါးများနှင့် အခြားပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းခြင်း။

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသော အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဥပဒေအရ အကျိုးတူ ငါးလုပ်ငန်း လုပ်ကိုင်သည့်ကိစ္စမှအပ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း။

(ဃ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဌာန၏ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းကြောင်း သို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီး၏ခွင့်ပြုချက်ကိုရယူပြီး ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၂၅။ ပြည်နယ်ဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

၂၆။ ပြည်နယ်ဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းဆိုင်ရာ အစားအသောက်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက် ထုတ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်ရန် ဌာနမှ ပြန်တမ်းဝင် အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ အမှုထမ်းတစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ် ဆောင်ရွက်စေနိုင်သည်။

အခန်း(၈)
စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၂၇။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ပြည်နယ်ဦးစီးဌာနမှူးက သီးခြားတာဝန်ပေးအပ်ချက်အရ ပြည်နယ်အတွင်းရှိ မည်သည့်ရေချိုငါးလုပ်ငန်းရေပြင် အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာ များနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါချက် အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း။

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အင်္ဂါဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများ တောင်းယူ စစ်ဆေးခြင်း၊ ကူးယူခြင်း။

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း။

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း။

(စ) ငါးနှင့် အခြားလျင်မြန်စွာပုပ်သိုး၊ ပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရရှိမိပါက သတ်မှတ်သောနည်းလမ်းများနှင့်အညီ အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်းပေးသွင်းခြင်း။

(ဆ) မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူခြင်း။

အခန်း(၉)
အယူခံခြင်း

၂၈။ အထက်အခန်း(၈)ပုဒ်မ-၂၇ ပါ စစ်ဆေးခြင်း/အရေးယူခြင်းတို့နှင့် စပ်လျဉ်း၍ အယူခံဝင်ရာတွင်-

(က) မြို့နယ်ဦးစီးဌာနမှူး၏ ငါးဖမ်းကိရိယာနှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ မြို့နယ်ဦးစီးမှူးက ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက၊ ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် ရက်ပေါင်း(၃၀)အတွင်း ပြည်နယ်ဦးစီးမှူးထံ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ အယူခံရာတွင် ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးမှူးမှ ချမှတ်ထားသောအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(င) ပုဒ်မခွဲ(ဃ)အရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(စ) ပုဒ်မခွဲ(ဂ)အရ အယူခံရာတွင် ဝန်ကြီးသည် ပြည်နယ်ဦးစီးမှူး ချမှတ်ထားသောအမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ဝန်ကြီးမှ ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၂၉။ နှစ်ရှည်အငှားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပုဒ်မ-၈(က)(ခ)နှင့် ၂၄(ဃ)အရ ဆောင်ရွက်ချက်အပေါ် အယူခံဝင်ရာတွင် -

(က) ပြည်နယ်ဦးစီးဌာနမှူးက ဤဥပဒေပုဒ်မ-၂၄(ဃ)အရ ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံ ဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ(က)အရ ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဝန်ကြီးက ချမှတ်သည့်အမိန့်, သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၁၀)
ပြန်အမ်းငွေလျှော်ထားခြင်း

၃၀။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှော်ထားနိုင်သည်။

(က) ပြည်နယ်၏အကျိုးငှာ၊ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း။

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားမမျှော်မှန်းနိုင်သည့် အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၀ အရ လျှော်ထားလာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၂။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၀ အရ လျှော်ထားလာသည့်ကိစ္စ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သောပြန်အမ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

၃၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၃၄။ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၃ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှော်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

အခန်း(၁၁)
တားမြစ်ချက်များ

၃၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့်အငှါးဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၆။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကိုမပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း။

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း။

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း။

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင်ငါးဖမ်းခြင်း။

၃၇။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါဆွဲ ဝယ်ပြီးနောက် ဌာန၏ ခွင့်ပြုချက်မရှိဘဲပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၈။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ခွင့်ပြုချက်မရှိဘဲ ဆည်၊ တမံ၊ ယင်း စသော အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၃၉။ မည်သူမျှ ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၀။ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေ ငါးထိုင်တောများပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း။

(ခ) အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း။

(ဂ) သီးနှံစိုက်ပျိုးခြင်း။

(ဃ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၄၁။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့်ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင် ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၄၂။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့် ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်း ဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

(ခ) ရေထွက်ပစ္စည်း၏ သဘာဝဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခိုက်စေပြီး ဘေးဥပါဒ် အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း အစရှိသည် တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

၄၃။ ဤဥပဒေအရ တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အပ်နှင်းခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အောက်ပါတားမြစ်ချက် တစ်ရပ်ရပ်ကိုမပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

အခန်း(၁၂)
ပြစ်ဒဏ်များ

၄၄။ မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စ ဖြစ်ပါက အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံး ထောင်ဒဏ်(၂)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၂၀၀၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စဖြစ်ပါက အနည်းဆုံးထောင်ဒဏ်(၆)လမှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ်(၃)လမှ အများဆုံး ထောင်ဒဏ်(၁)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။

၄၇။ မည်သူမဆို ပုဒ်မ ၃၉၊ ၄၀၊ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်(၆)လမှ အများဆုံးထောင်ဒဏ်(၂)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၃၀၀၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။

၄၉။ မည်သည့်ပြည်သူ့ဝန်ထမ်းမဆို ပုဒ်မ ၄၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် (၁)နှစ်မှ အများဆုံးထောင်ဒဏ် (၅)နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်ကျပ် ၁၀၀၀၀၀/- ကိုလည်း ချမှတ်နိုင်သည်။

၅၀။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၅၁။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း(၁၃)

အထွေထွေ

၅၂။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ပစ္စည်းမှာ တရားရုံးရှေ့ တင်ပို့ရန် ပျက်စီးလွယ်သည့် သို့မဟုတ် ပုပ်သိုးလွယ်သည့် ပစ္စည်းဖြစ်ပါက ဌာနသည် ယင်းသက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲသည့်အမိန့် ချမှတ်နိုင်သည်။ ယင်းအမိန့်ကဲ့သို့ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ကြောင်း တရားရုံးသို့ အစီရင်ခံစာ တင်ပြရမည်။

(ခ) ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

(ဂ) တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် ပြစ်မှုအတွက် သတ်မှတ်သည့် ပြစ်ဒဏ်အပြင် ပြစ်မှုနှင့် စပ်လျဉ်းသော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော အမိန့်ကို ချမှတ်နိုင်သည်။

၅၃။ ဤဥပဒေပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန် ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော် လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၄။ ပုဒ်မ ၄၃ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန်လိုအပ်လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်း ပြုရမည်။

၅၅။ ဤဥပဒေအရ တရားစွဲတင်ပို့သည့်အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၆။ ဦးစီးဌာနမှူးသည် မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၅၇။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိ သကဲ့သို့ မှတ်ယူ၍ ကောက်ခံရမည်။

၅၈။ ဌာနသည် ဂရန်အင်း၊ သီးသန့်အင်းနှင့် ဘေးမဲ့အင်း နယ်နိမိတ်ပြ မြေပုံများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အစိုးရဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၅၉။ ဤဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(စစ်အောင်မြတ်)
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်-၄၃

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

တနသ်ာရီတိုင်းဒေသကြီး

ရေချိုငါးလုပ်ငန်းဥပဒေ

မာတိကာ-၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁
၂။	အခန်း (၂) ရည်ရွယ်ချက်များ	၆
၃။	အခန်း (၃) အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၇
၄။	အခန်း (၄) အခွန်အခပေးဆောင်ခြင်း	၈
၅။	အခန်း (၅) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၉
၆။	အခန်း (၆) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၁၂
၇။	အခန်း (၇) ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ	၁၃
၈။	အခန်း (၈) စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း	၁၃
၉။	အခန်း (၉) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ငါးလုပ်ငန်းများလုပ်ကိုင်ခြင်း	၁၄
၁၀။	အခန်း (၁၀) အယူခံခြင်း	၁၆
၁၁။	အခန်း (၁၁) ပြန်အမ်းငွေလျှောက်ထားခြင်း	၁၈
၁၂။	အခန်း (၁၂) တားမြစ်ချက်များ	၁၉

မာတိကာ-၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	အခန်း (၁၃) ပြစ်ဒဏ်များ	၂၁
၁၄။	အခန်း (၁၄) အထွေထွေ	၂၂

တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၈ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄၃ ။)

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဧနှစ်ပါရီလ ၂၃ ရက်)

နိဒါန်း

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ရေချိုငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် စနစ်တကျ စီမံခန့်ခွဲမှုပြုနိုင်ရန်အလို့ငှာ ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင် ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) တိုင်းဒေသကြီး ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကိုဆိုသည်။

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) ဝန်ကြီးဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို ဆိုသည်။

(ဃ) ဌာန ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနနှင့် ယင်း၏ လက်အောက်ခံဌာနများကိုဆိုသည်။

(င) တိုင်းဒေသကြီးဦးစီးဌာနမှူး ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်ဖြစ်စေ၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်ဖြစ်စေ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဇ) **ငါးလုပ်ငန်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးနှင့် ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်သွင်းခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မှုးမှေစေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(၄) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းသည့်မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသော ယာဉ်များလည်း ပါဝင်သည်။

(၅) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့် ယာဉ်ကိုဆိုသည်။

(၆) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးကိုတစ်နည်းနည်းဖြင့် ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးမှ စားသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းလည်း ပါဝင်သည်။

(၇) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်း တွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စား ခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ရေထိန်းတာတမံဆည်များ၊ အစိုးရဌာနတစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့် အသိုက်များ၊ ကျင်းများ၊ ရေချိုရေငန်စပ်ဒေသများ စသည်တို့လည်း ပါဝင်သည်။ ထို့အပြင် ပင်လယ်နှင့် ဆက်စပ်သည့်မြစ်ဝကျွန်း၊ ချောင်းဝကျွန်း၏ အဝင်၏ တစ်ဖက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဖက်ကမ်း အစွန်ဆုံးထိ ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေကျရာဘက်ရေပြင်သည် ရေချိုငါးလုပ်ငန်းရေပြင်ဖြစ်သည်။

(ဏ) **ဂရန်အင်း** ဆိုသည်မှာ ဌာနကနယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(တ) **သီးသန့်အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသော ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ထ) **ဘေးမဲ့အင်း** ဆိုသည်မှာ ဌာနက ငါမျိုးပြုန်းတီးမှု မရှိစေရန်နှင့် ငါးမျိုးများ ပွားများလာစေရန်အလို့ငှာ သုတေသနရှာမှီးရန်မှအပ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်း ဟုသတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုမှ ရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကိုဆိုသည်။

(န) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ပ) လိုင်စင် ဆိုသည်မှာ တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ရေထွက်ပစ္စည်းများကို

ရောင်းဝယ်စုဆောင်းခြင်းအတွက်ဖြစ်စေ၊ အပျော်တမ်းငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ငါးနှင့်ပတ်သက်သော အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဖ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ဌာနကထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလိုင်စင်တစ်မျိုးမျိုးရရှိသူကို ဆိုသည်။

(ဗ) ပြန်အမ်းငွေ ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏ အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီ၏ လုပ်ငန်းပမာဏအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

(ဘ) တင်ဒါချက် ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးဖမ်းလုပ်ကိုင်ခွင့်ပြုသော ပိုက်ချခွင့်ရှိသည့် ပိုက်ချက်နေရာ လုပ်ကွက်ကို ဆိုသည်။

(မ) ရေလုပ်သား ဆိုသည်မှာ ငါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေပါဝင်လုပ်ကိုင်နေသူကို

ဆိုသည်။ ယင်းစကားရပ်တွင် ရေလုပ်သားငယ်၊ ရေလုပ်သားလတ်၊ ရေလုပ်သားကြီးများနှင့် ရေလုပ်သားအစုအဖွဲ့များ ပါဝင်သည်။

(ယ) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့** ဆိုသည်မှာ ဒေသခံ ရေလုပ်သား များက ငါးဖမ်းခြင်းလုပ်ငန်းကို အစုအဖွဲ့ဖြင့် ပူးပေါင်း၍ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်ဌာနတွင် မှတ်ပုံတင်ထားသော အစုအဖွဲ့ကို ဆိုသည်။

(ရ) **အစုအဖွဲ့ဝင်ဒေသခံရေလုပ်သား** ဆိုသည်မှာ ရပ်ရွာအခြေပြု ငါး လုပ်ငန်းအစုအဖွဲ့ဝင်ဒေသခံရေလုပ်သားကို ဆိုသည်။

(လ) **ဟင်းစား** ဆိုသည်မှာ မည်သူမဆို လိုင်စင်လျှောက်ထားရန် မလို အပ်သော အခွန်ကင်းလွတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ဖြစ်စေ၊ ခွင့်ပြုထားသည့် အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ စီးပွားဖြစ် ရောင်းချရန်မဟုတ်ဘဲ မိမိ၏မိသားစု တစ်နပ်စာဟင်းလျာ အဖြစ် ကိုယ်တိုင်စားသုံးရန် ငါးရှာဖွေဖမ်းဆီးခြင်းကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်ရန်နှင့် ဂေဟစနစ်ကို စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(ဂ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးပေါ်ဆောင်ရွက်ခြင်းပြုနိုင်စေရန်၊

(စ) ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းနှင့်စပ်လျဉ်းသည့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်လာစေရန်။

အခန်း (၃)

အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်လျှောက်ထားခြင်း။ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ငါးပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာနကသတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဌာနကသတ်မှတ်သည့် နည်းလမ်းများနှင့်ကိုက်ညီပါက ငါးပြုပြင်မွမ်းမံခွင့်၊ ရေထွက်ပစ္စည်းရောင်းဝယ်ခွင့်၊ စုဆောင်းခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ အအေးခန်းစက်ရုံတည်ထောင် လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် သက်ဆိုင်ရာဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အငှားဂရန် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) တိုင်းဒေသကြီးအစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ငါးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားခြင်း။

၉။ ဂရန်အင်းလေလံတင်ရောင်းချခြင်း၊ တိုင်းဒေသကြီးငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားခြင်းတို့ကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းပြုနိုင်သည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချခြင်း၊ တင်ဒါလိုင်စင်ချထားခြင်းတို့ကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူပြီးမှသာ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် အဌားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့မှအပ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် ဌာနမှသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် လုပ်ကိုင်မည့် ရေလုပ်သားများအတွက် မှတ်ပုံတင်လျှောက်ထားလာလျှင် ဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

အခန်း (၄)

အခွန်အခပေးဆောင်ခြင်း

၁၃။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သတ်မှတ်ထားသည့် အခွန်အခများကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

၁၄။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် အင်းခွန်နှင့် အင်းပြုပြင်ထိန်းသိမ်းစရိတ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အဆိုပါအင်းတည်ရှိရာ မြို့နယ်တွင် ပေးဆောင်ရမည်။

၁၆။ လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော အခွန်အခများနှင့်စပ်လျဉ်း၍ နိုင်ငံသားဖြစ်လျှင် မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသားပါဝင်လုပ်ကိုင်သည့် လုပ်ငန်းဖြစ်လျှင် ဌာနကသတ်မှတ်သည့် ငွေကြေးဖြင့်လည်းကောင်း ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် ငွေဖြင့် ပေးဆောင်ရမည်။

၁၈။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရသော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီး၏ အကျိုးငှာ လိုအပ်သောငါးလုပ်ငန်းများ။

အခန်း (၅)

တိုင်းဒေသကြီးဦးစီးဌာနများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၉။ တိုင်းဒေသကြီးဦးစီးဌာနများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် ကိုမံခန့်ခဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးဖမ်းကိရိယာ အမျိုးအစား အလိုက် လိုင်စင်နှုန်းထားများသတ်မှတ်ပေးခြင်း၊

(ဂ) ဝန်ကြီး၏သဘောတူညီချက်ဖြင့်တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် လိုင်စင်သက်တမ်းနှင့် အငှားဂရန် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဝန်ကြီးက အခါအားလျော်စွာ သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဝန်ကြီး သဘောတူညီချက်ဖြင့် ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်မကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း စိစစ်တွေ့ရှိရလျှင် ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဌာနကထုတ်ပေးသော အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူ လျှောက်

ထားလာလျှင် သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှား ဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးခြင်း၊

(ဃ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ထုတ်ပေးနိုင်ခွင့် ရှိသော ပြန်အမ်းငွေပမာဏကို စီစစ်သတ်မှတ်ခြင်း။

၂၁။ ဤဥပဒေအရ ထုတ်ပေးသော အငှားဂရန်၊ လိုင်စင်ပါစည်းကမ်းချက်တစ်ခုခု ကို ဖောက်ဖျက်ကြောင်း စီစစ်တွေ့ရှိရလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားလာပါက ဝန်ကြီး ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း၊

(ခ) ငါးများနှင့် အခြားပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိ ပါက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း၊

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထား သော အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဥပဒေအရ အကျိုးတူ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စမှအပ အခြားသူတစ်ဦးတစ်ယောက် အား လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်း အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေး ထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဌာန၏ခွင့်ပြုချက် မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းကြောင်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ကြီး၏ ခွင့်ပြုချက်ကိုရယူပြီး ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၂၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ ဦးစီးဌာနမှူး တစ်ဦးဦးကို ဖြစ်စေ လွှဲအပ်နိုင်သည်။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းဆိုင်ရာ အစားအသောက်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက် ထုတ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်ရန် ဌာနမှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကို ဖြစ်စေ၊ ဦးစီးဌာနမှူးတစ်ဦးဦးကို ဖြစ်စေ တာဝန်ပေးအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၆)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနက သတ်မှတ်သည့် အတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်၊

(ဃ) ဌာနက တာဝန်ပေးအပ်သည့်အခါ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ပေးရမည်၊

(င) မွတ်သိုတင်ကူးသည့် ရေလုပ်သားကိုသော လုပ်ကိုင်ခွင့်ပြုရမည်။

၂၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၂၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်သည်။

အခန်း (၇)

ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်များ

၂၇။ ဤဥပဒေအရဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ခွင့်ပြုနိုင်သည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အငှားဂရန်၊ အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အသစ်များကို သတ်မှတ်ခြင်း၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားပါက စိစစ်၍ ခွင့်ပြုခြင်း၊

(ဂ) အခြား လျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

အခန်း (၈)

စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း

၂၈။ သက်ဆိုင်ရာဦးစီးဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့သည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ တိုင်းဒေသကြီးဦးစီးဌာနမှူးက သီးခြားတာဝန်ပေးအပ်ချက်အရ ပို့ပေးဒေသကြီးအပွင်းရှိ မည်သည့်ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်

အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါချက်အပါအဝင် မည်သည့် ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ချပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အင္ဂါဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများ တောင်းယူ စစ်ဆေးခြင်း၊ ကူးယူးခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ဥစ္စာနံကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(စ) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီး ရရှိမိပါက ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း၊

(ဆ) မိမိ၏တာဝန်သတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်း၏ အကူအညီကို တောင်းခံရယူခြင်း။

အခန်း (၉)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်း

၂၉။ တိုင်းဒေသကြီးအတွင်း ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များကို ဖွဲ့စည်းပြီး ၎င်းအဖွဲ့မှ စည်းမျဉ်းစည်းကမ်းများရေးဆွဲသတ်မှတ်ရမည်။

၃၀။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်လိုပါက မည်သည့်အဆင့်တွင်မဆို အဖွဲ့ဝင်အားလုံး၏ အများသဘောတူ ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နိုင်သည်။

၃၁။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်သူများမှ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ တည်ထောင်လုပ်ကိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၃၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များတည်ထောင်လုပ်ကိုင်ရာတွင် တိကျသော နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသော စီမံခန့်ခွဲမှုအစီအစဉ်များကို ရေးဆွဲရန် မြို့နယ်ဦးစီးဌာနမှူးက ကူညီဆောင်ရွက်ပေးရမည်။

၃၄။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို မြို့နယ်ဦးစီးဌာနမှူးက ကြီးကြပ်စစ်ဆေးရမည်။

၃၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုဖြစ်ပေါ်လာပါက သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ အချင်းချင်းကြားတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ခရိုင်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

၃၆။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ကို လုပ်ကိုင်ခွင့်ပြုပြီးဖြစ်သော်လည်း အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ဖျက်သိမ်းရမည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ခြင်း၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အတွင်းဖြေရှင်းမရသောအငြင်းပွားမှုများ ပေါ်ပေါက်ခြင်း၊

(ဂ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့၏ လုပ်ငန်းကို (၂) နှစ်ဆက်တိုက် လုပ်ကိုင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) ဤဥပဒေနှင့်အညီဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၃၇။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့က ငါးသယ်ဓာတထိန်းသိမ်းရေးအတွက် ငါးမဖမ်းရ ဧရိယာကို ဇလျှာက်ထားလာပါက သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်ပေးရမည်။

၃၈။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးအတွက် လျှောက်ထားလာသည့် ကိစ္စရပ်များတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သလို စိစစ်ပြီး ကူညီဆောင်ရွက်ပေးရမည်။

အခန်း (၁၀)

အယူခံခြင်း

၃၉။ (က) ဤဥပဒေအရ ငါးဖမ်းကိရိယာနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူး၏ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း တိုင်းဒေသကြီးဦးစီးမှူးထံ အယူခံဝင်နိုင်သည်။

(ဃ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မခွဲ(ဂ)အရ ခရိုင်ဦးစီးမှူးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။

(င) ပုဒ်မခွဲ(ဃ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(စ) ဝန်ကြီးသည် ပုဒ်မခွဲ(င)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ဝန်ကြီးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၀။ (က) နှစ်ရှည်အင်္ဂားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေပုဒ်မ-စ (က) (ခ) အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ချမှတ်သည့်နေ့မှရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ဝန်ကြီးက

ချမှတ်သည့်အဓိန်. သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၁။ ဤအခန်းပါ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နစ်နာသူမှ လျှောက်ထား လာပါက သက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့်ဌာနသည် ၎င်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသည့်နေ့မှ (၇)ရက်အတွင်း ထုတ်ပေးရမည်။

အခန်း (၁၁)

ပြန်အမ်းငွေလျှောက်ထားခြင်း

၄၂။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်လာလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက်ထားနိုင်သည်-

(က) တိုင်းဒေသကြီး၏ အကျိုးငှာ၊ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားမမျှော်မှန်းနိုင်သည့်, အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာ ခြင်း။

၄၃။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၄၂ အရ လျှောက်ထားလာလျှင် လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၄၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၄၂ အရ လျှောက်ထားလာသည့် ကိစ္စမှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော ပြန်အမ်းငွေပမာဏကို ဝန်ကြီးထံ တင်ပြရမည်။

၄၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန် အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၄၆။ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၄၅ အရ အဆုံးအဖြတ် ပြုသည့် ပြန်အမ်းငွေပမာဏကို ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

အခန်း (၁၂)

တားမြစ်ချက်များ

၄၇။ ဟင်းစားမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၈။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း၊

(င) မျိုးရိုးဗီဇပြောင်းလဲထားသည့် တားမြစ်ငါးမျိုးများကို မွေးမြူခြင်း။

၄၉။ မည်သူမျှအင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါဆွဲဝယ်ပြီးနောက် ဌာန၏ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့်လိုင်စင်ခ တို့ကို သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၅၀။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၅၁။ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ် သို့မဟုတ် ရေချိုငါးလုပ်ငန်း ရေပြင်နှင့် ဆက်စပ်ရေယာအတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊

(ခ) အင်း၏ ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၁၂။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၁၃။ မည်သူမျှအောက်ပါ ရေထွက်ပစ္စည်းများဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော ဘေးဥပါဒ် အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဓာတုဗေဒပစ္စည်းများနှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် အလေးချိန်တိုးရန် တစ်နည်းနည်းဖြင့်ပြုလုပ်ထားသော ရေထွက်ပစ္စည်းဆိုင်ရာ စားသုံးကုန်ပစ္စည်း။

၁၄။ ဤဥပဒေအရ တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အပ်နှင်းခြင်းခံရသည့် နိုင်ငံဝန်ထမ်းတစ်ဦးသည် အောက်ပါတားမြစ်ချက် တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

အခန်း (၁၃)

ပြစ်ဒဏ်များ

၅၅။ မည်သူမဆို ပုဒ်မ ၄၇ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်လျှင် အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံးထောင်ဒဏ် (၂)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်လျှင် အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံးထောင်ဒဏ် (၃)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ မည်သူမဆို ပုဒ်မ ၄၈ နှင့် ၅၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၃)လမှ အများဆုံး

ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၅၁ နှင့် ၅၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံးထောင်ဒဏ် (၂)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၅၉။ ဤဥပဒေပုဒ်မ ၅၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၂)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၀။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၆၁။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၁၄)

အထွေထွေ

၆၂။ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စတွင် ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သော ခံဝန်ဖြင့်

ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ်ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း၊

(င) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးနှင့်အခြားသက်သေခံပစ္စည်းများကို အစိုးရအဖွဲ့ ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(စ) ပုဒ်မခွဲ (က)မှ (င) အထိ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။

၆၃။ ဤဥပဒေကို ဖောက်ဖျက်ကျူးလွန်သောပြစ်မှုအား တရားစွဲဆိုတင်ပို့ရာတွင် တရားရုံး ရှေ့မှောက်သို့တင်ပြရန် မလွယ်ကူသော သက်သေခံပစ္စည်းများကို တင်ပြရန်မလိုဘဲ ယင်းပစ္စည်းများအား မည်သို့စီမံ ဆောင်ရွက်ထားကြောင်း အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့်သော်လည်းကောင်း တရားရုံးသို့တင်ပြရမည်။

၆၄။ ပုဒ်မ ၅၄ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန်လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၆၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို ရဲအရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၆။ ဦးစီးဌာနမှူးသည် မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၇။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိ သကဲ့သို့မှတ်ယူ၍ ကောက်ခံရမည်။

၆၈။ ဤဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၉။ တနင်္သာရီတိုင်းဒေသကြီး ရေချိုနှင့် ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ ဥပဒေ (၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလဲ့လဲ့မော်

ဝန်ကြီးချုပ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်- ၃/၂၀၁၃

ရန်ကုန်တိုင်းဒေသကြီး

ရေချိုငါးလုပ်ငန်းဥပဒေ

YANGON REGION FRESHWATER FISHERIES LAW

ရန်ကုန်တိုင်းဒေသကြီး ရေရှည်ငါးလုပ်ငန်းဥပဒေ

(ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၃/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၆၈ နှင့် ဇယား (၂) စဉ် (၃) (စ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရန်ကုန်တိုင်းဒေသကြီး ရေရှည်ငါးလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) တိုင်းဒေသကြီးဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး**ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သို့မဟုတ် မြို့နယ်ခွဲဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင် သော်လည်းကောင်း ရေထဲ၌ နေထိုင် ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဇ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံ ခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ ဈေးစမ်းရှာဖွေခြင်း၊သုဓေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန်လွှတ်ခေခြင်း၊ ပြုပြင်မွမ်းမံ ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊သိုလှောင်ခြင်း၊ရောင်းချခြင်းစသည့်လုပ်ငန်းများလည်းပါဝင် သည်။

(ဈ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊

လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများ အတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့် ပစ္စည်းကိရိယာကို မဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ယင်းစကားရပ်တွင် ငါးလုပ်ငန်း လုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်းပါဝင်သည်။

(ဌ) ယာဉ်ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ မြေပေါ်တွင် ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

(ဍ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ တိုင်းဒေသကြီး၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းနယ်နမိတ် အတွင်းကွင်ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများ၊ နေထိုင်ကျက်စား ခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အဝှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ တိုင်းဒေသကြီး နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်းဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့် အသိုက်များ၊ ကျင်းများ၊ ရေချို ရေငန်စပ်ဒေသများ စသည်တို့လည်းပါဝင်သည်။ ထို့အပြင် ပင်လယ်နှင့် ဆက်စပ်သည့် မြစ်ဝကျွန်းများ၊ ချောင်းဝများ၌ အဝင်၏ တစ်ဖက်ကမ်းအစွန်ဆုံးမှ အခြား တစ်ဖက်ကမ်း အစွန်ဆုံးကို ခွဲထားသည့် မျဉ်းဖြောင့်၏ ကုန်းတွင်းပိုင်းရေပြင်သည် ရေချိုငါးလုပ်ငန်း ရေပြင်ဖြစ်သည်။

(ဎ) **အဝှားဂရန်အင်း**ဆိုသည်မှာ ဦးစီးဌာနက နယ်နမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့် သတ်မှတ်ချက်များထားရှိ၍ အဝှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဏ) **သီးသန့်အင်း**ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွား စေရန် အလို့ငှာ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(တ) **ဘေးမဲ့အင်း**ဆိုသည်မှာ ငါးမျိုးပြုန်းတီးမှုမရှိစေရန်နှင့် ငါးမျိုးပွားစေရန်အလို့ငှာ ရေချို ငါးလုပ်ငန်း ရေပြင်အတွင်း နယ်နိမိတ်သတ်မှတ်၍ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အမြဲတမ်း ပိတ်ပင်တားမြစ်ထားသော ရေပြင် သို့မဟုတ် မည်သူမျှ ငါးမဖမ်းဆီးရန် သတ်မှတ်ထားသော ရေပြင်ကို ဆိုသည်။

(ထ) လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းဧရိယာဆိုသည်မှာ ဦးစီးဌာနက အဌားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းဟု သတ်မှတ်ထားသော ဒေသမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက် သတ်မှတ်ပြီး တင်ဒါလိုင်စင် ချထားချခြင်းဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဒ) အဌားဂရန် ဆိုသည်မှာ အဌားဂရန်အင်း တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အဌားဂရန်ကို ဆိုသည်။

(ဓ) လိုင်စင်ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်။

(န) တင်ဒါလိုင်စင်ဆိုသည်မှာ ဦးစီးဌာနက လိုင်စင်ချထားရာတွင် အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်။

(ပ) ပြန်အမ်းငွေ ဆိုသည်မှာ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ တိုင်းဒေသကြီး အကျိုးငှာ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝ ဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အဌားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အစအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်း ရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အစဥ်ငွေကို ဆိုသည်။

(ဖ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အဌားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ဗ) ဧရိယာသား ဆိုသည်မှာ ငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများကို အချိန်ပိုင်း ဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်နေသူကို ဆိုသည်။

(ဘ) ဧရိယာဝန်ထမ်းဆိုသည်မှာ တိုင်းဒေသကြီး၏ ရေချိုငါးလုပ်ငန်းရေပြင်မှ ရရှိသော ငါး၊ သက်ရှိ ရေသတ္တဝါများ ယင်းတို့မှ ပြုပြင်ထုတ်လုပ်ထားသည့် ပစ္စည်းများ၊ ဘေးထွက်နှင့် စွန့်ပစ်ပစ္စည်းများ၊ ဥများ၊ သားပေါက်များ၊ သားလောင်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ အပင်များ၊ သက်မဲ့ ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပက်ကျိ၊ ပင်လယ်မျော့၊ လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ခရုခွံ၊ ပုစွန်ခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှို၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(မ) ပြုပြင်မွမ်းမံခြင်းဆိုသည်မှာ ငါးများအား မူလအခြေအနေမှ တစ်နည်းနည်းဖြင့် ပြင်ဆင် ပြောင်းလဲခြင်း၊ ပြုပြင်မွန်းမံခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင် စားသုံးရန် မှတစ်ပါး၊ ထုတ်လုပ်ဆောင်ရွက်သည့် အေးခဲခြင်း၊ ကြပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ် စသည်တို့

ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း ၊ ငါးကြေမှုန့် ပြုလုပ်ခြင်း၊ ငါးမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဃ) ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံဆိုသည်မှာ ပြုပြင်မွမ်းမံခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်သော အလုပ်ရုံ၊ စက်ရုံကို ဆိုသည်။

(ဂ) အအေးခန်းစက်ရုံဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင် အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငါးလုပ်ငန်းများ စနစ်တကျပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ငါးနေ ငါးထိုင်ဝေတာများနှင့် ၎င်းတို့၏ ဂေဟစနစ်များ ပျက်စီးမှုမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီးက ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) တရားမဝင်ငါးလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ကာကွယ်တားဆီးရန်၊

(စ) မြည်တွင်းစားသုံးမှုဇုန်ဝေးပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(ဆ) ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်စေရန်၊

(ဇ) ငါးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန်၊

(ဈ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်ရန်။

အခန်း (၃)
အငှားဂရန်၊ လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ဓလေ့ခံဆွဲဝယ်ရမည်။

၅။ သီးသန့်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီဦးစီးဌာနတွင် လျှောက်ထားလုပ်ကိုင်ရမည်။

၆။ အငှားဂရန်အင်း၊ သီးသန့်အင်းမှအပ အခြားရေမျိုးငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခွန် ဖေးဆောင်ခြင်း ဖြင့် ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်း ဖြင့် ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်နှင့် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်များကို လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးထံတွင် လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၈။ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် အောက်ပါ ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဝှားဂရန်နှင့် လိုင်စင်ထုတ်ပေးရမည် -

(က) နှစ်ရှည်အဝှားဂရန်ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းဧရိယာတစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။

၉။ အဝှားဂရန်အင်း လေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်း ဧရိယာတစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုလုပ်၍ တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အဝှားဂရန်အင်း လေလံတင်ရောင်းချသည့် ကိစ္စနှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့တွင် ဝန်ကြီးဌာန၏ အတည်ပြုချက် ရယူရမည်။

၁၁။ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် ပုဒ်မ ၁၀ အရ အတည်ပြုချက် ရယူပြီးမှသာ အဝှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရန် ဆောင်ရွက်ရမည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ ပါဝင်လုပ်ကိုင်လိုသူက ရေလုပ်သားမှတ်ပုံတင် ဓလျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ရေလုပ်သားမှတ်ပုံတင်ကတ် ထုတ်ပေးရမည်။

၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် အဝှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့မှအပ ရေချိုငါးလုပ်ငန်း ဧရိယာတစ်ခုခုတွင် ငါးလုပ်ငန်းဦးစီးဌာနက ခွင့်ပြုသတ်မှတ်ထားသော ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း ဧလျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

အခန်း (၄)

အခွန်အခများ ပေးဆောင်ခြင်း

၁၄။ အဝှားဂရန်အင်းလေလံဆွဲ ဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေးဖြစ်သော အင်းခွန်ကို လည်းကောင်း၊ တင်ဒါလိုင်စင် ချထားခြင်းခံရသူသည် တင်ဒါခွန်နှင့် လိုင်စင်ခွန်တို့ကို လည်းကောင်း လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အဝှားဂရန်အင်း သို့မဟုတ် သီးသန့်အင်း အခွန်များကို ဌာနသို့ သတ်မှတ်ထားသည့် နေ့ရက်အတွင်း ပေးဆောင်ရမည်။ အခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူသည် ပေးဆောင်ရန်ရှိသော အခွန်ငွေများအပြင် သတ်မှတ်ထားသည့် ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

၁၆။ အဝှားဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါလိုင်စင်မှအပ အခြားရေချိုငါးလုပ်ငန်း ဧရိယာတစ်ခုခု

တွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခွန်ကို လက်ငင်း ငွေချေစနစ်ဖြင့် ဆန့်ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၇။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ အင်းခွန်နှင့် အခြား ကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၈။ ဤဥပဒေအရ ငါးလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ပါ အခွန်အစများကို လက်ငင်း ငွေချေစနစ်ဖြင့် ဆန့်ချင်းပြီး ပေးဆောင်၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့် လိုင်စင်ခွန်၊

(ခ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့် လိုင်စင်ခွန်၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကတ်အခွန်။

၁၉။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခွန်နှင့် အခြား အခွန်အစများကို -

(က) နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား မတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်ဖြစ်ပါက ကျသင့်သော အခွန်အစများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

အခန်း (၅)

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အစများကို ဦးစီးဌာနက သတ်မှတ်သည့် အတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန်. သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များအပြင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် မြို့နယ်ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင် စေရမည်။

၂၁။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိခြင်း၊

(ခ) အငှားဂရန်နှင့် တင်ဒါလိုင်စင်အတွက် ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားခွင့် ရှိခြင်း။

အခန်း (၆)

တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခ နှုန်းထားများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဂ) အင်းဂရန်အသစ်များ သတ်မှတ်ခြင်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ၊ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက် တင်ပြ၍ ပြည်ထောင်စု စာရင်းဝင် အင်းဂရန် အင်းအဖြစ် အတည်ပြုခြင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း ၊ ပယ်ဖျက်ခြင်းတို့ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) တားမြစ်ထားသည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(စ) အင်္ဂါဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အင်္ဂါဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(ဆ) အင်္ဂါဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစားကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဇ) လုံလောက်သော အကြောင်းရှိလျှင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အင်္ဂါဂရန်အင်း တစ်ခုခုကို လေလံဆွဲဝယ် ရရှိသူအား နှစ်အကန့်အသတ်ဖြင့် ဆက်လက်၍ အင်္ဂါဂရန် ချထားရန် ညွှန်ကြားခြင်း၊

(ဈ) ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) အင်းအိုင်ပြန်တမ်းမိတ္တူများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ဆောင်ရွက်ခြင်း၊

(ဋ) ဝန်ကြီးဌာန အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စများ ဆောင်ရွက်ခြင်း။

၂၃။ တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရေထွက်ပစ္စည်းရောင်းဝယ် စုဆောင်းခွင့် လိုင်စင်၊ ရေထွက်ပစ္စည်း ပြုပြင် မွမ်းမံ ထုတ်လုပ်ခွင့် လိုင်စင်အပါအဝင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်များကို ထုတ်ပေးခြင်း၊

(ခ) ဦးစီးဌာနက ထုတ်ပေးထားသည့် အဌားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး ပျောက်ဆုံး သဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့် ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထား သူအား သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး အဌားဂရန် သို့မဟုတ် လိုင်စင် မိတ္တူထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် စီမံဆောင်ရွက်ခြင်း။

၂၄။ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် ငါးလုပ်ငန်း ရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ကောက်ခံခြင်း၊ သုံးစွဲခြင်း ပြုနိုင်သည်။

၂၅။ ဤဥပဒေ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက် နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲဖောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူကို ဖြစ်စေ၊ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သော ခံဝန်ဖြင့် သို့မဟုတ် မရွေ့မပြောင်း နိုင်သော ပစ္စည်း အာမခံတင်စေပြီး ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေး ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည် ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာငွေအဖြစ် ဘဏ်သို့ ပေးသွင်းစေခြင်း၊

၂၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ ဦးစီးဌာနမှူး တစ်ဦးဦးကို ဖြစ်စေ လွှဲအပ်နိုင်သည်။

၂၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အဌားဂရန် သို့မဟုတ် လိုင်စင်ရရှိသူအား အောက်ပါ ကိစ္စရပ်များ စစ်ဆေးတွေ့ရှိပါက အဌားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းရမည် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အဌားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူ တစ်ဦး တစ်ယောက်အား လွှဲပြောင်းခြင်း၊

(ခ) အဌားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း

စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အင်္ဂါဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း အပါအဝင် အခြားလုံလောက်သော အကြောင်းပြချက်ရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း။

အခန်း (၇)
ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်များ

၂၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

၂၉။ ဝန်ကြီးသည် သီးသန့်အင်းလုပ်ကိုင်ခွင့်ကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အရ ခွင့်ပြုနိုင်သည်။

၃၀။ ဝန်ကြီးသည် အောက်ပါကိစ္စရပ်များအတွက် အစိုးအရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် ခွင့်ပြုနိုင်သည် -

(က) နှစ်ရှည်အင်္ဂါဂရန် ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းဧရိယာတစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။

၃၁။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် မည်သည့်အင်္ဂါဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၃၂။ ဝန်ကြီးသည် ဦးစီးဌာနက ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

၃၃။ ဝန်ကြီးသည် ဤဥပဒေပုဒ်မ ၄၃ ပါ အပယ်ခံခြင်းကိစ္စများကို ဆောင်ရွက်ပေးနိုင်သည်။

၃၄။ ဝန်ကြီးသည် ဤဥပဒေပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စများကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အရ ဆောင်ရွက်ပေးနိုင်သည်။

၃၅။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်း ဧရိယာတစ်ခုခုတွင် အင်္ဂါဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊

(ဂ) ငါးလုပ်ငန်းဧရိယာတည်တံ့ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီကောက်ခံခြင်း၊ သုံးစွဲပြင်းကို ဆောင်ရွက်ပေးခြင်း။

အခန်း (၈)
ပြန်အမ်းငွေလျှောက်ထားခြင်း

၃၆။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက်ထားနိုင်သည် -

(က) တိုင်းဒေသကြီးအကျိုးငှာ အငှားဂရန်သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားနိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှုထိခိုက်နစ်နာခြင်း။

၃၇။ ပုဒ်မ ၃၆ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ ဆက်လက်တင်ပြဆောင်ရွက်ရမည်။

၃၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၃၆ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်းစစ်ဆေးတွေ့ရှိလျှင် ပြန်အမ်းငွေထုတ်ပေးရန်အတွက် ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။

၃၉။ ဝန်ကြီးဌာနသုံးဖြတ်ချက်အရ ကိုင်းဒေသကြီးဦးစီးဌာနမှူးက ပြန်အမ်းငွေထုတ်ပေးရန် အဓိန့်ချမှတ်ရမည်။

အခန်း (၉)
ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၄၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်သည် -

(က) ခွင့်ပြုသည့်ကာလ ကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ငန်းခွင်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လိုသဖြင့် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

အခန်း (၁၀)
စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၄၁။ ဦးစီးဌာနမှူးသည် အောက်ပါစစ်ဆေးခြင်းနှင့် အရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ဖိဖိတာဝန်ခံရသော ငါးလုပ်ငန်းခြေပြင်အတွင်းတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးခံရသော အခြားငါးလုပ်ငန်းခြေပြင်အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် အဍ်ားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အဍ်ားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို ဖောင်းပူစစ်ဆေးခြင်း၊ ကူးပူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်း ကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို တိုင်းဒေသကြီးဘဏ္ဍာငွေအဖြစ် ဘဏ်သို့ ပေးသွင်းခြင်း။

၄၂။ ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သောပြစ်မှုကို တရားစွဲဆိုတင်ပို့ရာတွင် ယင်းပြစ်မှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသောငါးများ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် လက်တွေ့တွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန်မလွယ်ကူသော အခြားပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တင်ပြရန်မလိုဘဲ ယင်းပစ္စည်းများအား မည်သို့စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် သော်လည်းကောင်း တရားရုံးသို့တင်ပြရမည်။

အခန်း (၁၁)
အယူခံခြင်း

၄၃။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ခရိုင်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးဦးစီးမှူးထံ အယူခံဝင်နိုင်သည်၊

(ဃ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(င) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်၊

(စ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဆ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း (၁၂)
တားမြစ်ချက်များ

၄၄။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အင်္ဂါဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလိုင်စင် သို့မဟုတ် ရေလုပ်သားမှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အင်္ဂါဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၄၆။ ဤဥပဒေအရ ထုတ်ပေးသောလိုင်စင်နှင့် ဂရန်များကို ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလုပ်ကိုင်ခြင်းမပြုရ။

၄၇။ မည်သူမျှ အင်းလေးလဲဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင် ချထားခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ ဒဏ်ကြေးနှင့်လိုင်စင်ခွန်တို့ကို သတ်မှတ်သည့်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၈။ မည်သူမျှ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးဒန ငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊

(ခ) သီးနှံစိုက်ပျိုးခြင်း၊

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၄၉။ ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ စွန့်ပစ်ခြင်း၊ အစားထိုးခြင်း၊ ပြောင်းလဲခြင်း။

၅၀။ မည်သူမျှ ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၅၁။ မည်သူမျှ တာဝန်ဝတ္တရားများ ဆောင်ရွက်နေသော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးအား ဖောင့်ယှက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းမပြုရ။

၅၂။ မည်သူမျှ ဂရေရှိုင်းလုပ်ငန်းဂရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ပိုက် အပါအဝင် အခြားမည်သည့် အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကိုမျှ စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၅၃။ မည်သူမျှ ဂရေရှိုင်းလုပ်ငန်းဂရေပြင်တစ်ခုခုတွင် ငါး၊ အခြားဂရေဓနသတ္တုပါနှင့် သက်ရှိ၊ သက်မဲ့သယံဇာတပစ္စည်းများအား နောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ဂရေထုညစ်ညမ်းစေခြင်းမပြုလုပ်ရ။

၅၄။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ဂရစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ဂရေ၏အမျိုးအစား၊ ဂရေ၏ထုထည် သို့မဟုတ် ဂရစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၅၅။ မည်သူမျှ အောက်ပါဂရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြင်ပမှတင်သွင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ဂရေထွက်ပစ္စည်း၊

(ခ) ဂရေထွက်ပစ္စည်း၏ အရည်အသွေးကို ထိခိုက်စေပြီး၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော သို့မဟုတ် လူတို့ စားသုံးရန်မသင့်သည့်ဆိုးဆေး၊ ယမ်းစိမ်းအပါအဝင် ဓာတုပစ္စည်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ဂရေထွက်ပစ္စည်း၊

(ဂ) အလေးချိန် တိုးစေရန်နှင့် အရည်အသွေးကို ထိခိုက်စေမည့် ဂရေသို့မဟုတ် သတ္တု

သို့မဟုတ် ပြင်ပပစ္စည်းများ ထည့်သွင်းထားသော ရေထွက်ပစ္စည်း၊

၅၆။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ဓပါက်ကွဲစေတတ်သည့်ပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းခြင်း၊ အဆိပ် အတောက်၊ ဓာတုပစ္စည်းနှင့်ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း သို့မဟုတ် ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး သို့မဟုတ် ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့်ဒေသတွင် ငါးဖမ်းခြင်း။

အခန်း (၁၃)
ပြစ်ဒဏ်များ

၅၇။ မည်သူမဆို ပုဒ်မ ၄၄ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ရေလုပ်သားမှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်။

(ဂ) ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်အပါအဝင် ငါးလုပ်ငန်းလိုင်စင်များမရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဃ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ် ပါက ထိုသူအား နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၄၅ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက

ထိုသူအား ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၄၆ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လွှဲပြောင်းခြင်းကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဂရန် သို့မဟုတ် တင်ဒါလိုင်စင်လွှဲပြောင်းခြင်းကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၄၇ ၊ ပုဒ်မ ၄၈ ၊ ပုဒ်မ ၄၉ ၊ ပုဒ်မ ၅၀ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၁ ၊ ပုဒ်မ ၅၂ ၊ ပုဒ်မ ၅၃ ၊ ပုဒ်မ ၅၄ ၊ ပုဒ်မ ၅၅ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၆ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၃။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင်ယင်းပြစ်မှုအတွက်ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၆၄။ ဤဥပဒေအရပြစ်မှုတစ်ရပ်ရပ်ဖြင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၁၄)

အဇ္ဈတ္တ

၆၅။ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း၊ အမိန့်ချမှတ်ပြီးလျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ဦးစီးဌာနမှူး၏ အဓိပ္ပာယ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၆၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အဓိပ္ပာယ်ပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၇။ ဦးစီးဌာနမှူးသည် ပိုလိတ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၈။ ဤဥပဒေအရ သဒ္ဒေါရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၉။ ရေချိုငါးလုပ်ငန်းဇရပြင်များနှင့်စပ်လျဉ်း၍ အဌာနဂရန်နှင့် လိုင်စင်ချထားခြင်း၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဦးစီးဌာနကသာ ဆောင်ရွက်ခွင့်ရှိသည်။

၇၀။ ဦးစီးဌာနသည် အဌာနဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့်ရေချိုလုပ်ငန်းဇရပြင်တို့၏ နယ်နိမိတ်ပြမြေပုံများကို ဧရိယာနှင့်လျော်ညီစွာ ရေးဆွဲပြုစုနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၇၁။ ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခွန်နှင့် ဒဏ်ဖကြေးငွေများကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးသည် ဖမြခွန်မပေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရဖကာက်ခံရမည်။

၇၂။ ဤဥပဒေပြဋ္ဌာန်းချက်များကို အဖောက်အထည်ဖော်ဆောင်ရွက်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးလိုက်သည်။

(ပုံ) မြင့်ဆွေ၊

ဝန်ကြီးချုပ်၊

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။